
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ခင်ဗျား ... ဘယ်သူပါလဲ ခင်ဗျား

နိုဂိုရှိ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီး သူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်း၊ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၉၈၄၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၄၆၄၁၀၀၈

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၁၀ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

ခင်ဖျားဘယ်သူပါလဲခင်ဖျာ/နီကိုရဲ၊ -ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၀။
၁၅၃-စာ ၊ ၂၀.၅ x ၁၃ စင်တီ။ (၁)ခင်ဖျားဘယ်သူပါလဲခင်ဖျာ


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ ဂေါ်လီ

၂။ နားနဲ့ . . . ကလစ်

၃။ နှစ်သုံးဆယ်

၄။ မိုးကောင်းကင် နှင့် ဆန့်ကျင်ဘက်

၅။ ကျွန်တော်နှင့် လားရှိုး

၆။ ခင်ဗျား ဘယ်သူပါလဲခင်ဗျား . . .

၇။ လှည့်ဖြားခြင်း

၈။ မှင်စာကလေးများ . . . "ခေတ်"

၉။ ရကောက်ရထားကြီး ပျော်ပျော်စီး




# ဂေါ်လီ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကျွန်တော် နေ့ခင်း အိပ်ရာကနိုးပြီး အိမ်ရှေ့ကို ပျင်းပျင်း ရှိတာနဲ့ ထွက်ထိုင်ပါတယ်။ ရာသီဥတုကလည်း နွေဆိုတော့ တော်တော် ပူပါတယ်။ ကျွန်တော်တို့အိမ်ရှေ့မှာက သရက်ပင်၊ တဒ်ပင်၊ ပိတောက်ပင် စသဖြင့် စုံလေတော့ အဲယားကွန်းမဟုတ်ဘဲ သဘာဝ တရားနဲ့ သဘာဝကြီးရဲ့အပူဒဏ်ကို ခုခံဖို့ ကျွန်တော် ဆင်းလာတာပါ။

အိမ်ရှေ့ရောက်တော့ ကျွန်တော်တို့သစ်ပင်ရိပ်မှာ ဂေါ်လီရိုက် နေတဲ့ ကလေးတွေကို တွေ့ပါတယ်။ ဒါပေမဲ့ သူတို့ရိုက်နေတာက ကျွန် တော်တို့ငယ်ငယ်တုန်းကရိုက်တဲ့ ကျောက်ဒိုးဂေါ်လီတွေ မဟုတ်ဘူး ခင်ဗျ။ အရောင်စုံ ဖန်ဂေါ်လီသေးသေးကလေးတွေပါ။ သကြ်န်ကျောင်း ပိတ်ရက်မို့ ကလေးတော်တော်များများ ကစားနေကြပါတယ်။ 'ထုတ်-





သတ်' 'အထိအပြင်' 'အထွာ' စသဖြင့် အော်ပြီး ရိုက်နေကြတဲ့ သူတို့ ကစားနည်းကို ကျွန်တော် နားမလည်တာ အမှန်ပါ။

ပြီးတော့ သူတို့အချင်းချင်းလည်း ငြင်းကြသေးတယ်ခင်ဗျ။

ဒါကတော့ ဘယ်ခေတ်က ကလေးပဲဖြစ်ဖြစ် ဘာကစားနည်းကို ကစားကစား ငြင်းကြတာသဘာဝပါပဲ။ သူတို့ကစားနည်းက တစ်မျိုးပါ။ လေးထောင့်ကွက်ကလေးဆွဲထားတဲ့ မြေကြီးပေါ်က မျဉ်းထဲမှာ ဖန် ဂေါ်လီ ရောင်စုံကလေးတွေကို အလျားလိုက်စီထားပြီး ပစ်ကြတာ။ ခေါင်ကိုတော့ ပထမဦးဆုံး ပစ်ခွင့်ရသူက ရွေးခွင့်ရှိတယ်လို့ ကျွန်တော် ကြည့်ရင်း သဘောပေါက်လာတယ်။ ဘယ်ဘက်ကို ရွေးချင်ရွေး၊ ညာဘက်ကို ရွေးချင်ရွေးပေါ့လေ။

နောက်တစ်နည်းကတော့ မြေကြီးပေါ်မှာ ဆွဲထားတဲ့ လေး ထောင့်ကွက်ကလေးထဲမှာ ရောင်စုံဖန်ဂေါ်လီကလေးတွေကို ထည့်ထား ပြီး စည်းတစ်ခုထားရင်း ပ၊ ဒု၊ တ စသဖြင့် ရွေးကြတယ်။ ပထမရတဲ့သူ က အရင်ပစ်ပြီး 'ထုတ်သတ်' လို့အော်ပါတယ်။ သူတို့ဆိုလိုတဲ့ အဓိပ္ပာယ် က စည်းဝိုင်းထဲမှာ တစ်ယောက်သုံးလုံးစီထည့်ထားတဲ့ ဖန်ဂေါ်လီ ကလေးတွေထဲက တစ်လုံးကို စည်းဝိုင်းအပြင်ကို ရိုက်မထုတ်နိုင်ဘဲနဲ့ သူ့ကို ထိအောင် ရိုက်တာရော၊ ရအောင်ထွာတာရော မရဘူးဆိုတဲ့ သဘောပေါ့လေ။

'အထိအပြင်' ကျတော့ အပြင်မှာ သူ့ကိုထိအောင် ရိုက်ရမယ် လို့ အဓိပ္ပာယ်ရပါတယ်။ သူကလည်း တခြားသူကို အထွာနဲ့ပဲ သတ်လို့ ရမယ်။ သူ့ကို အထွာနဲ့နိုင်ဖို့ ကြိုးစားတဲ့သူက မထွာနိုင်ရင် (လက်မနဲ့ လက်ညှိုးဆန့်ပြီး တိုင်းလို့ ဖန်ဂေါ်လီနှစ်လုံးကို မထိရင်) သူက မထိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖန်ဂေါ်လီကလေး ဘေးကို ချလိုက်ရုံပဲပေါ့။ ရှုံးတဲ့သူက ဆက်ကစားခွင့် မရှိတော့ပါဘူး။

အဲဒီနည်းတွေနဲ့ ကစားရင်း သူတို့ချင်း ငြင်းကြပါတယ်။ အော်လည်းအော်ကြတယ်။ တစ်ခါတစ်ရံ ရန်ပွဲအသေးကလေးတစ်ခုကိုတောင် တွေ့ရတတ်ပါတယ်။

ကလေးဘဝမှာ ငြင်းကြ၊ ခုံကြရတာ ဘယ်လောက်အရသာရှိသလဲ။ ပွဲပြီးတော့လည်း ပြီးသွားတာပါပဲ။ နောက်တစ်နေ့ ပြန်ကစားကြတော့လည်း ဒီလူနဲ့ ဒီလူပါပဲ။

သူတို့ကစားတာကို ငေးကြည့်ရင်း ရောင်စုံဖန်ဂေါ်လီဝိုင်းကလေးထဲမှာ အသက်ဆယ်နှစ်လောက် မိန်းကလေးတစ်ယောက် ပါနေတာကို ကျွန်တော် တွေ့ပါတယ်။ ဘာဖြစ်လို့ အဲဒီကောင်မလေးကို သတိ ထားမိရသလဲဆိုတော့ သူက တော်တော့်ကို အငြင်းသန်လို့ပါ။

"နင် စည်းမခိုးနဲ့ ပါကွဲ"

"နင့် အကျင့်မယုတ်နဲ့ တုတ်တို၊ ဘယ်ခေါင်ရွေးထားပြီး ပစ်တော့မှ ညာခေါင်လို့မပြောနဲ့. . "

"စက်ဘီးလာနေလို့ ငါပစ်တာ လွဲသွားတာ ပြန်ပစ်မယ်"

ကျွန်တော် အဲဒီကလေးမလေးကိုကြည့်ပြီး ဖျော့ဖျော့ကလေး ပြုံးမိတယ်။ ကျွန်တော် ငယ်စဉ်ဘဝတုန်းက ဂေါ်လီရိုက်တာကို ပြန်သတိရလို့ပါ။

အသက်ကလေး နည်းနည်းရှိလာတဲ့လူတွေဟာ အတိတ်ကို ပြန်ပြန်လွမ်းရတာ အရသာတစ်ခုပါပဲ။ ငယ်ငယ်တုန်းက အကြောင်းကို ပြန် စဉ်းစားမိတော့ ကိုယ်လည်း ငယ်သွားတာကိုး။ အဲဒီစိတ်ခံစားမှုကို





အခုထိ ဘယ်သိပ္ပံထွန်းကားတဲ့နိုင်ငံက ဘယ်လိုဆေးမျိုးနဲ့မှ မရနိုင်ပါဘူး။ ကျွန် တော် ချက်ချင်းကြီးကို ငယ်သွားပါတယ်။

ကျွန်တော် ပြည်သာယာလမ်းမကြီးနံဘေးက ဗာဒံပင်ရိပ်အောက်မှာ ဂေါ်လီရိုက်နေပါတယ်။ ကျွန်တော်တို့ ဂေါ်လီရိုက်တုန်းက ပိုက်ဆံကြေးရိုက်တာပါ။ ပိုက်ဆံကြေးရိုက်တယ်ဆိုလို့ ပြောပြရင် အခုခေတ်ကလေးတွေကတော့ ရယ်ကြမလားပဲ။ ကျွန်တော်တို့ ကစားကြတဲ့ ဈေးက အထိ ဆယ်ပြား၊ အထွာ ငါးပြားပါ။ ပြားငါးဆယ် (ငါးမူး) ရှိတဲ့သူက ဆရာကြီးပေါ့။

ကျွန်တော်ဆို တချို့နေ့တွေမှာ ဆယ့်ငါးပြား၊ ပြားနှစ်ဆယ်နဲ့ ကစားရတဲ့နေ့တွေ ရှိပါတယ်။ အဲဒီလိုနေ့မျိုးမှာကျတော့ ကျွန်တော့်ကို မထိမိ၊ မထွာမိရအောင် တစ်ပြေးတည်း ပြေးနေရတာပေါ့၊ ကိုယ်ကလည်း တခြားပြိုင်ဘက်ကို သွားမထွာရဲဘူး။ ကိုယ်က သွားထွာလို့ မမီရင် အနီး လေးဆိုတော့ သူက ရိုက်ရင် ဆယ်ပြား သွားပေရော။ အဲဒီလိုနေ့မျိုးကျ ရင်တော့ ကျွန်တော်က သူတို့ရိုက်ရခက်တဲ့ မြက်တောထဲတို့၊ ထွာရခက်တဲ့ ကျောက်ကြားထဲသို့ ထည့်လေ့ရှိပါတယ်။

ကိုယ့်ကို ဒါကန်ပြီး လာရိုက်တဲ့ကောင် မြက်တောထဲ လက်တစ်ကမ်းကျနေရင် ကိုယ်က သူ့ကို တိန်ခနဲ ရိုက်ပစ်လိုက်တာပေါ့။ နည်းနည်းလှမ်းပြီး မထိနိုင်လောက်တဲ့နေရာဆို ထွာပစ်လိုက်တာပေါ့။

ဒါပေမယ့် လောင်းကစားသမားတို့ ထုံးစံအတိုင်း ရှုံးတစ်လှည့်နိုင်တစ်လှည့်ပါ။ နိုင်တဲ့နေ့ကျ ကိုယ်စားချင်တဲ့မုန့်ကို စားပြီး ရှုံးတဲ့နေ့ကျ တော့ ငုတ်တုတ်ပေါ့။ တစ်ခါတလေလည်း အမေနဲ့ အမေ့အိတ်ကပ်ထဲက တွမ်စရာရှိရင် တွမ်ပေါ့လေ။ များများတော့ မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ငါးမူး၊ တစ်မတ်ပါ။

ကျွန်တော်တို့ ဂေါ်လီရိုက်ကြတဲ့ပွဲကို တစ်နေ့တော့ မိန်းကလေး တစ်ယောက်က သူပါမယ်ဆိုပြီး ဝင်လာပါတယ်။ သူ့လက်ထဲမှာလည်း ဂေါ်လီအသစ် (ပစ်ဒိုး) နဲ့ခင်ဗျ။ ကျွန်တော်တို့က သူ့ကို ချက်ချင်းဝင်ခွင့် မပေးပါဘူး။ ဘယ့်နှယ်ဗျာ. . . မိန်းကလေးဆိုတာက ဖန်ခုန်ချင် ခုန်၊ ကုလားမစီးနင်းချင် နင်း၊ ထုပ်ဆီးတိုးတမ်းကစားချင် ကစား၊ ဒါမှမဟုတ် ရင် မျက်စိမှိတ်ထားပြီး လူမှန်အောင်ရွှေးရတဲ့ 'တာတေကြီးနဲ့ မစိန်ရင်' ကစားချင် ကစားပေါ့. . .။ သူက အခု ကျွန်တော်တို့နဲ့ ဂေါ်လီရိုက်မှာ တဲ့. . .။

သူ့ကို ကျွန်တော်တို့အားလုံးက ပူစူးမလို့ ခေါ်ပါတယ်။

ကျွန်တော်တို့အချင်းချင်း ပြုံးမိကြတယ်။ အချဉ်တစ်ယောက် တော့ တွေ့ပြီပေါ့လေ. . .။

"နင့်မှာ ပိုက်ဆံပါလား"

"ပါတယ်"

"မရဘူး ပူစူးမ၊ ပိုက်ဆံပြ. . . ဘယ်လောက်လဲ"

"ပြားခုနစ်ဆယ်. . ."

ပူစူးမက သူ့လက်ထဲမှာဆုပ်ထားတဲ့ ပိုက်ဆံတွေကို ဖြန့်ပြတယ်။ ကျွန်တော်တို့လည်း ဝမ်းသာအားရနဲ့ ဒီပိုက်ဆံတွေ ငါတို့ရပြီ ဆိုတဲ့ အတွေးကိုယ်စီနဲ့ ဂေါ်လီပွဲကို စဖို့ ပြင်တယ်။

"အထိ ဆယ်ပြား အထွာ ငါးပြားပဲ မဟုတ်လား"

"အေးပေါ့. . . မထွာနိုင်ရင် မထိရင် ကိုယ်တိုင်က အထိ အထွာနော်၊ တစ်ခါတည်း မသေဘူး"





"ရတယ်. . . ကစားမယ်"

"ချက်ချင်းကာားလို့ မရဘူးလေ၊ ပ၊ ဒု၊ တ ရွေးရဦးမှာ"

"ရွေးပေါ့. . . ဘာဖြစ်လဲ"

အဲဒီနေ့က ပူစူးမက ဘိတ်ကျပါတယ်။ တစ်ပွဲကစားပြီးလို့ ပြန် ပြန်ရွေးတိုင်း သူက ဘိတ်နေရာမှာပဲ နေတယ်ခင်ဗျ။ ကျွန်တော်တို့ ပစ်ပြီးတဲ့ဒိုးတွေကို ကြည့်ပြီး နောက်ဆုံးမှ သူက စဉ်းစားပြီး နေရာ ကောင်းမှာ ထားလေ့ရှိပါတယ်။

ပြီးတော့ ပစ်ရခက်၊ ထွာရခက်တဲ့ သစ်ပင်အမြစ်ကြားတို့၊ ကျောက်စပ်ကြားတို့၊ မြက်တောတို့၊ တံခွက်ကြွေကြားတို့မှာ သူ့ဂေါ်လီ ကို ထားလေ့ရှိတယ်။ ကျွန်တော်တို့ စိတ်တိုပြီးရိုက်တော့မှ သူပိုင်ပြီဆိုရင် ထွာချင်ထွာ၊ အထိရိုက်ချင် ရိုက်တတ်တယ်။

နောက်တစ်ခုက ပူစူးမက တော်တော်လည်း အငြင်းသန်တယ် ခင်ဗျ။

သူ့ဂေါ်လီက ကျွန်တော်တို့ရိုက်နိုင်တဲ့နေရာနားကို ရောက်သွား ပြီဆိုရင် ငြင်းတော့တာပါပဲ။

"ဟဲ့. . . ကျော်ထွေး နင် စည်းမခိုးနဲ့နော်"

"ငါ. . . ဒီနားမှာလေ"

"ဖနောင့်နဲ့ မနင်းနဲ့၊ ခြေထိပ်နဲ့ပဲ ရမယ်၊ ပြီးတော့ ညာခြေတစ် လှမ်းတက်ပြီး မပစ်ရဘူး"

"ရတယ်ဟာ"

ကျော်ထွေးက စိတ်တိုတိုနဲ့ ပစ်ခါနီးမှာ ဂေါ်လီကိုချိန်ပြီး လက် ထဲက လွှတ်ပြီဆိုတာနဲ့ 'စည်းခိုးတယ်' လို့ ပူစူးမက လှမ်းအော်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကျော်ထွေး ဂေါ်လီလွဲရော။ သူနဲ့ လက်တစ်ကမ်းကို ရောက်သွားတဲ့ ကျော်ထွေးဂေါ်လီကိုကျတော့ သူက စကတ်အစိမ်းရောင် (ကျောင်းစိမ်းစကတ်) ကလေးမပြီး ခြေထောက်ကို မသိမသာ မ,ပြီး ပေါက်ဒိုးနဲ့ပေါက်ပါတယ်။

အဲဒီနေ့က ဟိုကောင်တွေ အကုန်ပြောင်ပြီး ကျွန်တော်က ပြား လေးဆယ်ရှုံးတယ်။ ပူစူးမဆီက ပြားခုနစ်ဆယ်ကိုမရဘဲ ပူစူးမက တစ်ကျပ်နဲ့ ပြားခြောက်ဆယ် နိုင်သွားတယ်ခင်ဗျ. . .။

နောက်တစ်နေ့ကျတော့ ပူစူးမ ရောက်လာပြန်တယ်။ ကျွန်တော်တို့ ဝိုင်းမပြတ်သေးတော့ သူ့ကို လှည့်မကြည့်ဘူး။ ကျွန်တော်တို့ စိတ်ထဲမှာလည်း သူ့ကို ဝင်ပါစေချင်စိတ် သိပ်မရှိကြတော့ဘူး။ ကျွန်တော်တို့ ပွဲပြီးသွားတော့ ပူစူးမက ကျွန်တော့်ကို ပြောတယ်။

"ငါလည်း ပါမယ်ဟာ"

"ဟိုကောင်တွေကို ပြောကြည့်လေ"

"ငါ့မှာ ပိုက်ဆံ ပါပါတယ်ဟ၊ ဟောဒီမှာ မယုံရင် ကြည့်၊ နှစ်ကျပ်တစ်မတ်"

ကျွန်တော်တို့အားလုံး ဝိုင်းကြည့်ကြတော့ ပူစူးမလက်ထဲမှာ ငါး မူးစေ့တွေရော၊ မတ်စေ့တွေရော၊ ဆယ်ပြားစေ့တွေရော တစ်ဆုပ်ကြီး တွေ့ရသည်။ ကျွန်တော်တို့ ကစားနေကြတာ အားလုံး ခြောက်ယောက်ရှိ၏။ ထိုခြောက်ယောက်ပေါင်းမှာ ပိုက်ဆံနှစ်ကျပ် မပြည့်ကြတော့ အေးအေးဆေးဆေးပင် ပူစူးမကိုပါဖို့ သဘောတူလိုက်သည်။ ဒါပေမဲ့ မှတ်ကြီးဆိုသည့်ကောင်က ပွဲမစခင် ပြောသည်။

"ငါနဲ့ နှံကောင်နဲ့က အရင်းပြန်နော်"





"ရတယ်လေ. . .နင်တို့ အရင်းပြန်ဆို လက်တစ်ကမ်းမှာအထိ ရိုက်ရမယ်၊ မရရင် နင့်နောက်က လူက ဝင်ရိုက်ရမယ်"

မှတ်ကြီး နည်းနည်းတွေသွားတယ်။ ပူစူးမပြောတဲ့သဘောကို ကျွန်တော် ရှင်းပြရဦးမယ်။ မှတ်ကြီးနဲ့နှံကောင်က အရင်းပြန်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ငွေယူလို့မရဘူး။ တခြားလူတွေကိုပဲ ရိုက်ရမှာ။ ဒီတော့ သူတို့နှစ်ယောက်တိုင်ပင်ပြီး အချင်းချင်း မထိ၊ မထွာဘဲ ပွဲကို ညစ်သွားမှာစိုးလို့ ပြောတာပါ။

"ပြီးတော့ အထွာကိုလည်း လက်နဲ့မထွာဘူး၊ နင်တို့က ယောကျ်ား လေးဆိုတော့ လက်ကြီးတယ်၊ ငါက မိန်းကလေး အထွာသေးတယ်၊ အဲဒီ တော့ အထွာတုတ်ထားမယ်"

"အထွာတုတ်. . .နင်က ဘာနဲ့လုပ်မှာလဲ"

"ရေခဲချောင်းတုတ်နဲ့ပေါ့ဟ၊ လိုက်ကောက်ရင် ရတာပဲ"

ထိုနေ့က ကျွန်တော်တို့ သဲကြီးမဲကြီးရိုက်ကြတယ်။ ဂေါ်လီကို မမြင်နိုင်လောက်သည့် ခြောက်နာရီခွဲလောက်မှာ ကျွန်တော်တို့ ဂေါ်လီဝိုင်းသိမ်းကြသည်။ ထိုနေ့ကလည်း ပူစူးမသည် အငြင်းသန်ခြင်း၊ ပြဿနာရှာခြင်း၊ ရန်တွေ့ခြင်း၊ သူ့ဒိုးကို ရိုက်မည့်သူကို ဒုက္ခပေးခြင်းတို့ကို လုပ် ရင်းဖြင့် နိုင်သွားသည်။

ကျန်တဲ့ကောင်တွေထဲမှာ ဘာဘူတစ်ယောက်သာ ဆယ်ပြားကျန်သည်။ ကျွန်တော်ကတော့ ငါးပြားသာကျန်၏။ ကျန်တဲ့သူတွေ အကုန်ပြောင်ကာ အောင်မြင်စွာနိုင်သွားသော ပူစူးမက သဲတွေပေနေသည့် သူ့ပိုက်ဆံကလေးတွေကို ရေတွက်ရင်း ကျွန်တော့်ကို မေးသည်။

"နင်. . .ဘယ်လောက်ရှုံးလဲ စာကလေး. . ."



www.burmeseclassic.com

www.burmeseclassic.com



"လေးဆယ့်ငါးပြား"

"ငါ တစ်မတ် (၂၅)ပြား ပြန်ပေးမယ်နော်. . . ရော့"

ကျွန်တော့်လက်ထဲကို ပိုက်ဆံ နှစ်ဆယ့်ငါးပြားထည့်ပေးပြီး ပူစူးမ လှစ်ခနဲ ထွက်ပြေးသွားတယ်။ ကျွန်တော် ငေးပြီးကျန်ခဲ့ရင်း နား မလည်နိုင်ဖြစ်နေခဲ့တယ်။

နောက်နေ့တွေ ဂေါ်လီရိုက်ကျတော့လည်း ကျွန်တော်တို့သာ အရှုံးခံများပါတယ်။ ကျွန်တော်တို့မှာ ပူစူးမကို ပေးလည်း မပါချင်၊ သူ့လက်ထဲက ပိုက်ဆံတွေ တွေ့လျှင်လည်း မပါခိုင်းဘဲမနေနိုင်၊ ဒီနေ့ တော့ နိုင်မှာပဲဟုအတွေးနှင့် ရိုက်တိုင်းလည်း အငြင်းသန်သောသူ့ကို ပြန်မပြော နိုင်တော့။ ကျွန်တော်တို့ပဲ ရှုံးတာ များပါတယ်။ ကျွန်တော် ကတော့ ငွေ တစ်မတ်ကျေးဇူးကြောင့် သူနဲ့ပြိုင်ငြင်းတာ နည်းပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ ကျောင်းတွေပြန်ဖွင့်တဲ့ မိုးရာသီကျတော့ ဂေါ်လီဝိုင်းနဲ့ ကျွန်တော်တို့ ဝေးသွားကြတယ်။ ကျွန်တော်တို့တင် မဟုတ် ပါဘူး။ ရပ်ကွက်ထဲက တခြားကစားနည်း ကစားကြတဲ့ ကလေးတွေ လည်း မရှိတော့ပါဘူး။

တစ်နေ့ ကျွန်တော် ကျောင်းအသွား လမ်းမှာ ပူစူးမနဲ့ဆုံပါ တယ်။ သူက နင်မလစ်ပုလင်းကလေးနဲ့ ဆီဝယ်ပြီး ပြန်လာတာပါ။ သူ့ ပုလင်းထဲက ဆီက လက်လေးလုံးလောက်ပဲ ပါပါတယ်။ ကျွန်တော့်ကို တွေ့တော့ သူ အားရဝမ်းသာ ခေါ်ပါတယ်။

"ဟယ်. . . စာကလေး နင်တို့ ဂေါ်လီ မရိုက်ကြတော့ဘူးလား ဟင်"

"အေးဟ. . . ငါတို့ ကျောင်းတက်နေပြီ"





ကျွန်တော့်စကားဆုံးတော့ ပူစူးမမျက်နှာက ညှိုးသွားတယ်။ သူ က ကျောင်းမနေရပါ။ သူ့အမေက မုဆိုးမ ရောဂါသည်ပါ။ သူ့အစ်မနဲ့ သယ်န်းကျွန်းဈေးမှာ တစ်နေ့လုံး ဈေးလိုက်ရောင်းပေးရပြီး ညနေကျမှ အိမ်ပြန်ရတာပါ။

"နင်တို့ကျောင်းမှာရော ဂေါ်လီရိုက်ကြလား စာကလေး"

"ရိုက်လို့မရဘူးဟ၊ ဆရာ ဆရာမတွေက ဂေါ်လီတွေ့တာနဲ့ သိမ်းတာ"

"ငါလည်း ကျောင်းနေချင်တယ်ဟယ်"

"နေချင် နေပေါ့ဟ"

"မထားကြလို့ပေါ့ဟယ်၊ ဒါနဲ့ နင်တို့ကျောင်းက ဘယ်တော့မှ ပိတ်မှာလဲဟင်"

"နွေကျမှလေ"

"ငါ ပျင်းနေတယ်ဟာ၊ နင်တို့ ဂေါ်လီမရိုက်တော့ ငါလည်း မုန့်ဖိုးမရှိတော့ဘူး၊ ဂေါ်လီရိုက်တုန်းက ငါငြင်းတာ ညစ်တာတွေကို နင် စိတ်မဆိုးနဲ့နော် သိလား၊ အဲဒီတုန်းက အိမ်က ရေနံဆီတို့ ဆီတို့ ဝယ် ခိုင်းတဲ့ပိုက်ဆံတွေနဲ့ ရိုက်ရတာ၊ ရှုံးသွားရင် ငါ အတီးခံရမှာဟ၊ အဲဒါ ကြောင့်မို့ပါ"

ကျွန်တော့်ရင်ထဲ တစ်ချက်တော့ နင့်ခနဲ ဖြစ်သွားသည်။

သို့သော် ဘာကြောင့်မှန်းတော့မသိ။

"အေးပါဟာ. . . ငါ နင့်ကို မငြင်းခဲ့ပါဘူး"

"ဟုတ်တယ်. . . အဲဒါကြောင့် ငါ နင့်ကို ခင်တာပေါ့ စာကလေး ရဲ့၊ နွေကျောင်းပိတ်လို့ ဂေါ်လီရိုက်ရင် နင်နဲ့ ငါ အရင်းပြန်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟာ"

ပူစူးမက ဆီပုလင်းလေးကိုင်ကာ ထွက်သွားသည်။ ကျွန်တော် ကျောင်းကို လာရတာ ဒီနေ့ တစ်မျိုးကြီးဖြစ်နေတာကိုတော့ မှတ်မိနေခဲ့ တယ်။

အဲဒီနှစ် နွေရာသီကျောင်းပိတ်တော့ ကျွန်တော်တို့ ဂေါ်လီ ဆက်ရိုက်ကြပါတယ်။ ဒါပေမဲ့ ပူစူးမတော့ ရောက်မလာပါဘူး။ အိမ်များ ပြောင်းသွားသလား။ ဘာကြောင့် ရောက်မလာတာလဲဆိုတာတော့ ကျွန် တော်လည်း မသိခဲ့ပါ။

ကလေးစိတ်ဖြင့် မေ့မေ့ပျောက်ပျောက်ရှိခဲ့တဲ့ အဲဒီအဖြစ်လေးကို လူကြီးစိတ်နှင့်ကျတော့မှ ပြန်သတိရပြီး လွမ်းနေမိပါတယ်။

ကျွန်တော့်စိတ်က အိမ်ရှေ့တာဒ်ပင်ရိပ်မှာ ဖန်ဂေါ်လီပစ်နေတဲ့ ကလေးတွေဆီကို ပြန်ရောက်သွားတယ်။ ကောင်လေးတွေနဲ့ အပြိုင်ငြင်း နေတဲ့ ကောင်မလေးကိုလည်း ငေးကြည့်နေမိတယ်။ မျက်ရည်လည်း တစ်ချက် လည်လာသလိုပဲ။

ကျွန်တော့်ကို ပိုက်ဆံနှစ်ဆယ့်ငါးပြားပေးခဲ့တဲ့ ပူစူးမကို အရမ်း သတိရနေမိပါတယ်။

■





# နားနဲ့…ကလစ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခန္ဓာကိုယ်တွင် မကောင်းသော ခန္ဓာကိုယ်အစိတ်အပိုင်းနှစ်ခု ရှိသည်။ 'နား' နှင့် 'သွား' ဖြစ်၏။ 'သွား'ကိုတော့ ဆေးခန်းတွင်ပြဖြစ်သည်။ 'နား'ကိုတော့ ကျွန်တော် နဖာကလော်ဖြင့် ကလော်သည်။ နားယားသည့်အခါတွင် နဖာကလော်ဖြင့် ကော်သည့်အတွက်ကြောင့် ကျွန်တော့်နားမှာ ဒဏ်ရာရတတ်သည်။ သွားကို ဆေးခန်းပြဖြစ်သော်လည်း နားကတော့ ဆေးခန်းမရှိသဖြင့် မပြဖြစ်ပါ။

ဒီတော့ ကျွန်တော် တစ်မျိုးကြံသည်။ လမ်းဘေး စုံစီနဖာဆိုင်ကလေးများတွင် ရောင်းတတ်သည့် နဖာကလော်ကို မသုံးတော့ဘဲ မိန်းကလေးများ ခေါင်းညှပ်သည့်အခါတွင် သုံးသည့် သံကလစ် အသေးကလေးများဖြင့် ကျွန်တော့်နားကို ကလော်သည်။





ထိုကလစ်ကလေးများက လုံးလုံးချောချောရှိသဖြင့် နားအတွက် ထိခိုက်မှုအန္တရာယ် သက်သာသည်ဟု ကျွန်တော်ထင်သည်။

သို့သော် ထိုကလစ်ကလေးများ မကြာခဏ ပျောက်တတ်သည်။ ကျွန်တော်ကလည်း ဟိုတင် ဒီထား သတိက ခပ်များများမေ့တတ်သည့်ကောင်မို့ ထိုမိန်းမထိုး ကလစ်ကလေး မကြာခဏ ပျောက်တတ်သည်။

နားယားသည့်အချိန်တွင် ထိုကလစ်ကလေးများ ရှာမတွေ့ပါက ကျွန်တော်စိတ်တိုပြီး ကျွန်တော့်ဇနီး လေဒီချပ်ပြားကို အော်တတ်သည်။ ကျွန်တော့်ဇနီးကလည်း သူနှင့် ဘာမှမဆိုင်ဘဲ အအော်ခံရခြင်းသူ့ကလစ်တစ်ချောင်း ဆုံးရှုံးခြင်းတို့ကြောင့် ကျွန်တော့်ကို ပြန်အော်သည်။ တစ်ချောင်းကို နှစ်ကျပ်သာပေးရသော ကလစ်ကလေးကြောင့် ကျွန်တော်နှင့် လေဒီချပ်ပြားတို့ အော်ကြဟစ်ကြသည်။ ရန်ဖြစ်ကြသည်။ စိတ်ကောက် ကြသည်။

ငွေကြေး၏တန်ဖိုးကြောင့် မဟုတ်။ ကျွန်တော်က နားယားနေချိန်မှာ လိုချင်တာမရ၍ ဒေါသနှင့်အော်ခြင်း ဖြစ်သည်။ သူကလည်း သူနှင့်မဆိုင်ဘဲ အအော်ခံရသဖြင့် ပြန်အော်ခြင်းဖြစ်သည်။

"မင်းတို့ စည်းကမ်းကိုမရှိဘူး၊ လိုချင်ရင် လိုချင်တဲ့အချိန်မှာ ဘယ်ပစ္စည်းမှ ရှာမရဘူး၊ မေးလိုက်ရင် မသိဘူးနဲ့ စတာကြီးပဲ. . ."

"ကျွန်မနဲ့ ဘာဆိုင်လို့လဲ၊ မနေ့ကတင် ရှင့်ကို တစ်ချောင်းပေးထားတယ် မဟုတ်လား"

"ငါလည်း ဒီလက်တန်းပေါ် တင်ထားတာပဲ၊ မင်းတွေ့ရင် သိမ်းထားရမှာပေါ့ကွ. . ."



www.burmeseclassic.com

www.burmeseclassic.com



"တွေ့မှ မတွေ့တဲ့ဥစ္စာ၊ ထားချင်တဲ့နေရာထားပြီး ပျောက်သွားမှ လာမဲမနေနဲ့. . . "

"အေး. . ငါ့ဘာသာ ဘယ်နေရာပဲထားထား ဒီအိမ်ထဲကတော့ ကျော်ပြီး မထွက်သွားဘူး၊ မင်း ငါ့မိန်းမ မဟုတ်ဘူးလား၊ တွေ့ရင် သိမ်း ထားရမှာပေါ့ကွ၊ မင်းတို့က ဒီကိုရီးယားကားက လွဲရင် ကိုယ့်ကို လုပ် ကျွေးနေတဲ့ ယောကျ်ားတောင် ဂရုစိုက်ချင်တာမဟုတ်ဘူး"

"ဟုတ်ပါတယ်. . ဟုတ်ပါတယ်. . ကျွန်မတို့က ရှင့်လုပ်စာကို ပက်လက်ကလေးအိပ်၊ ငုတ်တုတ်ကလေးထိုင် TV ကြည့်ပြီး စားနေရတာ ကိုး. . . "

"ဟိတ်ကောင်. . . မင်း ငါ့ကို မရိနဲ့. . . "

"ဘယ်သူက စပြီး ပြဿနာရှာတာလဲ၊ ဘာမှမဟုတ်တဲ့ကိစ္စကို လျှောက်ရမ်းမနေနဲ့"

"မင်းကို ငါ ပါးစပ်ပိတ်ထားလို့ ပြောတယ်မဟုတ်လား"

"မပိတ်တော့ ဘာဖြစ်လဲ"

"အေး. . . ကောင်းတာပေါ့ကွာ၊ ကိုယ့်ယောကျ်ားပြောတဲ့ စကားကိုမှ နားမထောင်တဲ့ မိန်းမ၊ တော်တော် တော်တဲ့ မိန်းမပေါ့ကွာ"

"ရှင်ကလည်း တော်တော် တော်တာကိုး. . . "

ထိုနေ့က ကျွန်တော်တို့ တော်တော် ရန်ဖြစ်လိုက်ကြသည်။ စကားတွေက ဘယ်ဆီသို့ရောက်မှန်းမသိ ကလစ်တစ်ချောင်းနှင့် စပြီး ကလစ်တစ်ချောင်းနှင့် မဆုံးဘဲ ကျွန်တော်နှင့် လေဒီချပ်ပြား အဲဒီညက တစ်ယောက်ကို တစ်ယောက် မုန်းပစ်လိုက်ကြသည်။

'ကလစ်'သည် ကျွန်တော့်ကို အဲဒီလို ဒုက္ခပေးခဲ့ပါသည်။





"ရော့. . . ဟောဒီမှာ ကလစ်ဆယ်ချောင်း၊ နဖာကလော်သုံးခု မှတ်မှတ်ရရ ထားနော်၊ ပြီးမှ လူကို လာပြီး ပြဿနာမရှာနဲ့. . . "

လေဒီချပ်ပြားက သားရေပင်နှင့်စည်းထားသော ကလစ်ကလေး ဆယ်ချောင်းနှင့် နဖာကလော်သုံးချောင်းကို ကျွန်တော့်စာရေးစားပွဲခုံ ပေါ် ချပေးသည်။ ကျွန်တော် မသိချင်ယောင်ဆောင်ပြီး နေလိုက်သည်။

လေဒီချပ်ပြား၏မျက်နှာက ပြင်သစ်ကို ဝင်သိမ်းခါစ ဟစ်တလာ ၏မျက်နှာမျိုး ဖြစ်သည်။ ကျွန်တော်က အင်္ဂလန်မှ ဆာဝန်စတန်ချာချီလို မသိချင်ယောင်ဆောင်နေလိုက်သည်။ စိတ်ထဲမှာတော့ ငါ ဒီကလစ်တွေ ကို မပျောက်ရအောင် ထိန်းသိမ်းမှကိုရတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက် သည်။

သို့သော်လည်း ဟိုထားဒီထားနှင့် ကလစ်များက ပျောက်မြဲ ပျောက်နေဆဲဖြစ်သည်။ ဒီတစ်ခါတော့ ကျွန်တော် ဘာမှမပြောဘဲ တစ် ချောင်းပျောက် တစ်ချောင်းထုတ်ကာ ခပ်အေးအေးပင် သုံးနေခဲ့သည်။

နောက်ဆုံး အကြံတစ်ခုရသည်နှင့် ကျွန်တော့်အကျႌအိတ် ညာ ဘက်ထောင့်တွင် ထိုကလစ်ကို ထိုးထားလိုက်သည်။ ဒီတော့မှ သုံးချောင်း သာကျန်တော့သော ကလစ်ပျောက်ဆုံးမှု ရပ်ဆိုင်းသွား၏။

ကျွန်တော် အာမခံဝံ့ပါသည်။ ကျွန်တော့်ကလစ်ပျောက်မှုများကို စုံထောက်ဦးစံရှားနှင့် ဆားပုလင်းနှင်းမောင်တို့ နှစ်ယောက်ပေါင်းပြီး လာ ရှာရင်တောင် ပြန်ရဖို့ လုံးဝ မျှော်လင့်ချက်မရှိပါ။

❁



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့သည် ကျွန်တော့်မိတ်ဆွေ မော်ဒယ်လ် ကောင်မလေးတစ်ယောက်၏မွေးနေ့ပွဲတစ်ခုသို့ ကျွန်တော်သွားရန်အတွက် ရေချိုးသည်။ ကျွန်တော်နှင့် ငြိမ်းချမ်းရေးရသွားသော လေဒီချပ်ပြားက ကျွန်တော်ဝတ်ရန် အဝတ်အစားများကို ထုတ်ပေးသည်။ သူထုတ်ပေးသည့် အဝတ်အစားက ကော်လံကတုံးလက်ရှည်အဖြူနှင့် စတိုင်ဘောင်းဘီအနက်ဖြစ်သည်။ ကျွန်တော်လည်း အင်္ကျီကို ကမန်းကတန်းဝတ်ကာ မွေးနေ့သို့ အချိန်မီ ပြေးရသည်။

မွေးနေ့ရောက်တော့ ကျွန်တော့်ကို တခြား မော်ဒယ်လ်ကောင်မလေးများက ကြည့်ကာ တီးတိုးစကားဆိုရင်း ပြုံးစိစိဖြင့် ရယ်ကြသည်။ ပထမတော့ ကျွန်တော် သတိမထားမိ။ ကြာတော့ နည်းနည်းရိပ်မိလာသည်။

ဒါပေမယ့် ကိုယ့်နဲ့ သိပ်ရင်းနှီးသူများမဟုတ်သဖြင့် ဇဝေဇဝါနှင့်သာ နေရသည်။ Happy Birthday ပြီးသွားတော့ ကိတ်မုန့်စား အအေးသောက်ကြရင်း ကျွန်တော်နှင့် အနည်းငယ်ရင်းနှီးသော မော်ဒယ်လ်တစ်ဦးက . . .

"ဦးနိကိုရဲ ထွင်တာလား. . ."

"ဘာတုန်းဟ. . ."

"ဒီဖိုင်းက ရေရေလည်လည်လန်တယ်၊ စိုင်းစိုင်းခမ်းလှိုင်တောင်ကျော်သွားပြီ. . ."

နောက်မော်ဒယ်လ် ကောင်မလေးတစ်ယောက်က ဝင်ပြောခြင်းဖြစ်၏။ ကျွန်တော် တော်တော် အူကြောင်ကြောင်ဖြစ်သွားသည်။ ကျွန်တော်ဝတ်စားထားသည့် အဝတ်အစားကလည်း ဘာမှ ထူးထူးခြားခြား





မရှိပါ။ ဆံပင်ကလည်း သိပ်မရှိတော့သဖြင့် ရှိုးရိုးနားဖော် ကတုံးစတောက်ကေသာဖြစ်သည်။

"နင်တို့ ဘာပြောတာတုန်းဟ. . . ငါ နားမလည်ဘူး. . ."

"အင်္ကျီဒီဇိုင်းလေ"

"အင်္ကျီဒီဇိုင်း. . ."

"ကော်လံလည်ကတုံးအင်္ကျီအိတ်မှာ ကလစ်သုံးချောင်း ထိုးထားတဲ့ဒီဇိုင်းကို ပြော. . ."

ကျွန်တော် အလန့်တကြားငုံ့ကြည့်တော့ ကျွန်တော့်အင်္ကျီအိတ်ညာဘက်ထောင့်စွန်းတွင် တန်းစီပြီးထိုးထားသည့် ကလစ်သုံးချောင်းကို တွေ့ရသည်။ ကျွန်တော့်မျက်နှာသည် ရေခဲရေနှင့် အပက်ခံလိုက်ရသလို အေးကာသွား၏။ နှလုံးသားထဲမှာတော့ ကျောက်မီးသွေးရထားတစ်စင်း ရုတ်တရက် အရှိန်ပြင်းစွာ ခုတ်မောင်းနေသည်။

"ဟော့ကောင်. . . မင်း ဒါ ငါ့ကို ဘာသဘောနဲ့လုပ်တာလဲ"

ကျွန်တော့်အိတ်ထဲမှာ ထည့်ထားသော ကလစ်သုံးချောင်းကို ထုတ်ကာ ကြမ်းပြင်ပေါ်သို့ပစ်ချပြီး ဒေါသကြီးစွာမေးသည်။ လေဒီချပ်ပြားက ခပ်အေးအေးပင် ပြန်ဖြေသည်။

"ထိုးပေးလိုက်တာလေ"

"လူကြားသူကြားသွားတဲ့ ပွဲမျိုးမှာ မင်း ငါ့ကို တမင်အရှက်ခွဲလိုက်တာပေါ့လေ ဟုတ်လား"

"ဘာတွေ လာပြောနေတာလဲ၊ ရှင်ပဲ ကလစ်ကို အင်္ကျီအိတ်မှာ အမြဲတမ်း ထိုးတယ်လေ၊ ပွဲသွားလို့ နားယားရင် ဘယ်သူက ကလစ်ပေးမှာလဲ၊ တစ်ခုထိုးပြီး ဟိုနေရာချ၊ ဒီနေရာချ ပျောက်ရင် ရှင့်ကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူက ကလစ်ပေးမှာတုန်း၊ အဲဒါကြောင့်မို့ စေတနာနဲ့ အပိုပါ ထည့်ပေးလိုက်တာ. . . ”

“မလိုဘူးကွ. . . မလိုဘူး. . . ထည့်လည်း တစ်ချောင်း တော်ပြီပေါ့၊ ပြီးတော့ အိတ်ထောင့်မှာ ထိုးစရာမလိုဘူး၊ မင်းစေတနာနဲ့ဆို အိတ်ထဲထည့်ပေးလိုက်ရတာပဲ”

“စေတနာနဲ့မို့ အပိုထည့်ပေးတာပေါ့၊ ရှင်ပဲ တစ်ခါပြောဖူးတယ်လေ၊ ကောင်းဘွိုင်တွေက ဘယ်တော့မှ ကျည်ဆံခြောက်တောင့်နဲ့ လမ်းမထွက်ဘူးဆို”

လေဒီချပ်ပြားက လေသံခပ်အေးအေးဖြင့် ကျွန်တော့်ကို မော်မကြည့်ဘဲ ချဉ်ပေါင်ရွက်သင်နေရင်းက ပြောသည်။

ထုံးစံအတိုင်း ကျွန်တော်တို့ ရန်ပွဲသေးသေးကလေး ဖြစ်ကြသည်။ ထိုရန်ပွဲမှာတော့ သူက ဆာဝင်စတန်ချာချီဖြစ်ကာ ကျွန်တော်က ဟစ်တလာဖြစ်သွားသည်။

ကလစ်သည် ကျွန်တော့်ကို အဲဒီလောက် ဒုက္ခပေးခဲ့ပါသည် ခင်ဗျာ. . . ။

■





# နှစ်သုံးဆယ်



www.burmeseclassic.com

www.burmeseclassic.com



အသက် (၃၀) အရွယ်မှာ လူတစ်ယောက်ဟာ. . .

(တစ်)

ကိုယ့်ကိုယ်ကိုယ် အံ့ဩတတ်ရမယ်။

တစ်ညလုံးအိနေသော မိုးသည် နံနက်အရုဏ်တက်မှာ အားနှင့် စတင်ရွာခဲ့သဖြင့် သစ်ရွက်ကြွေများပေါ်တွင် မိုးစက်အရှိန်ကြောင့် ခုန်တက်လာသော မြေမှုန့်နုကလေးများ ကပ်ငြိနေကာ ရုတ်တရက်ပေါ်လာသော ရေစီးကြောင်းအသစ်ထဲတွင် ထိုသစ်ရွက်များ တစ်ပိုင်းတစ်စ နစ်မြုပ်နေသော အိမ်ရှေ့ရှိ သဲဆန်ဆန်မြေပေါ်တွင် ထိုလူက သူ၏ဖိနပ်ရာများကို ရှင်လန်းတက်ကြွနေသော လူတစ်ယောက်၏ ဟန်အမူအရာများ





ကို ပေါ်လွင်စေအောင် လျှောက်လာသောကြောင့် ခပ်စိတ်စိတ်ဖြစ်နေပြီး ထိုလူလျှောက်လာခဲ့သော ကားတံခါးအနီးမှ ကျွန်တော့်အိမ်အထိ ခြေရာများကို လေးနှင့်မြှောက်၍ ရသောကိန်းဂဏန်းများအတိုင်း ကျွန်တော် အပြုံးအကြိမ်များကို တွေ့ရှိပြီးနောက် ကျွန်တော်သိရသည်မှာ ကျွန်တော်သည် ဇာတ်ညွှန်းရေးဆရာတစ်ယောက်ဖြစ်သွားပြီဆိုခြင်းပင် ဖြစ်ပြီး ထိုလူက နိဂရိုးဘုရင်တစ်ဦး၏ ဟန်ပန်များအတိုင်း သူ့ရှေ့တွင်ရှိသော ယခုမှ အိပ်ရာကထ၍ ညမိုးရွာခဲ့ခြင်းကို အံ့ဩနေသော ကျွန်တော့်ကို 9000 Camera တစ်လုံးသဖွယ် သဘောထား၍ သူ့မျက်နှာမှ ကြွက်သားများ၏ အကျုံ့အဆန့်ကို ဂရုစိုက်ထားသော လက်များကို ကွေးယူရင်း နှုတ်ခမ်းများကိုပင့်မြှောက်ကာ ကျွန်တော့်နှလုံးသားကို Fore Ground ခံ၍ သူ့ဦးနှောက်များဖြင့် VDO ကားပေါင်းများစွာကို တစ်ထိုင်တည်း ရိုက်ကူးစေခြင်းဖြင့် ညဦးပိုင်း လရိပ်တက်စဉ်က စကားလုံးများဖြင့်သာ နပန်းလုံးရင်း ကိုယ့်ကိုယ်ကိုယ် မြို့ချဖို့ ကြိုးစားခဲ့သော ကျွန်တော့်ကို ကမ္ဘာပေါ်တွင် လူသိခံရ အနည်းဆုံးဖြစ်သည်။ ဗျည်းနှင့် သရကိုတွဲကာ ထမင်းခွံ့သလို လူများ၏ပါးစပ်ထဲ ခွံ့ပေးရသည့်အလုပ်တစ်ခုကို စတင် ခန့်အပ်လိုက်ပြီးသည့်အခါ ထိုနေ့က သစ်သော မျက်နှာကို ကျွန်တော် နောင်အခါ ဘယ်တော့မှ ပြန်မရနိုင်တော့လောက်အောင် ဆုံးရှုံးသွားခဲ့ရပြီး ကျွန်တော်သည် အသက်(၃၀)အရွယ် လူတစ်ယောက် ဖြစ်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(နှစ်)

ဘယ်သူ့ရဲ့အပြုံးမှာ ငွေကြေးရာခိုင်နှုန်း ဘယ်လောက်ပါသလဲ ဆိုတာကို သိရမယ်။

လေးတန်းနှစ်က ကျွန်တော်နေရသောအတန်းမှာ မုန့်ဈေးတန်း၏နံဘေးတွင်ဖြစ်ပြီး မုန့်စားဆင်းချိန်တွင် မုန့်ဖိုး ပြားငါးဆယ်မပါသောနေ့များတွင် ပြတင်းပေါက်မှ မုန့်ဈေးတန်းကို ငေးသောအခါ ပြားငါးဆယ်တန်မုန့်ဟင်းခါးကိုရောင်းသူ အဒေါ်ကြီး၏အပြုံးများကို တွေ့ခဲ့ရပြီး ထို အပြုံးသည် ပြတင်းပေါက်မှငေးနေသော ကျွန်တော့်ထံသို့ တစ်ရံတစ်ခါမှ ပျံတက်မလာနိုင်ကြောင်းကို ကလေးတစ်ယောက်၏ အလိုလိုသိစိတ်နှင့် သိနေသည့်တိုင်အောင် ကလေးတစ်ယောက်၏





မျှော်လင့်မှုမျိုးနှင့် မျှော် လင့်ခဲ့ဖူးကြောင်း ငွေကြေး၏ သမိုင်းအစအဖြစ် ကျွန်တော့်ဘဝတွင် ကျွန်တော် မှတ်မိနေပြီး လူကြီးတစ်ယောက်၏ဘဝတွင် ငွေသည် ပုံသဏ္ဍာန် ပြောင်းလဲ၍ အလွယ်ကူဆုံးနှင့် ကိုယ့်မှာရှိထားသည့် ငွေတစ်ပြားတစ်ချပ်မျှ မပေးရဘဲ သူ့ထံမှ အထင်ကြီးလေးစား နေရာပေးမှုကို မတန်တဆရနိုင်သည့် ကိရိယာဖြစ်ကြောင်း သိရှိပြီးသည့်နောက်တွင် ငွေကြေး၏ရာခိုင်နှုန်းကို ပုန်းအောင်း၍ တွက်ဆနိုင်ရန်အတွက် နှုတ်ခမ်းပေါ်တွင်ရှိသော လူတိုင်း၏အပြုံးပေါင်းများစွာကို ကျွန်တော် စနစ်တကျ လေ့လာသင်ယူပြီး ကျွန်တော့်အပြုံးတွင် ရေမွှေးဆွတ်သလို ဆွတ်ထားသော ငွေကြေး၏ရနံ့ကို ပိုမိုသင်းပျံ့အောင် ကြိုးစားခဲ့ရာ ကျွန်တော်သည် စိတ်ကူး၏အဖက်ဖက်သို့ ဖောက်သွယ်ဖြာထွက်နေသော လမ်းမများ နံဘေး ပလက်ဖောင်းပေါ်တွင် စကားလုံးများကို အဆင်ပြေသလို တွဲစပ်ချပြထားကာ ရှေ့တွင် လာရပ်သူတိုင်း၏အပြုံးထဲတွင် အနည်းဆုံးဈေးဆစ်ပြီး ငွေကြေးရာခိုင်နှုန်းကို တွက်ဆတတ်အောင် လုပ်ထား၍ ကျွန်တော်က ငွေကို ဘယ်တော့မှ ဂရုမစိုက်ဘူးဟု အကြိမ်ကြိမ် ပြောလာသူကို အကြိမ်ကြိမ်ပြန်ပြောရင်းဖြင့် ခိုးချကာ အောင်မှတ်ရရုံ ကျောင်းသားတစ်ဦးအဖြစ် အသက်(၃၀) အရွယ် လူတစ်ယောက် ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



(သုံး)

လက်စားချေရမည့်လူတွေကို နံပါတ်စဉ်တပ်ထားပြီး အရှုံးပေးရမယ့်လူတွေကို အလွတ်ကျက်ထားရမည်။

မသီတာ၊ မောင်သစ်ဆင်း၊ ကျော်အောင်လွင်၊ မောင်မျိုးမင်း၊ ရဲမြင့်တိုး၊ ခင်ခင်သော်၊ ဇာနည်ထွန်း၊ အောင်စိန်၊ သစ္စာနီ၊ နေမျိုး၊ စိုးဝင်း ငြိမ်း၊ ပိုပို၊ လဲ့လဲ့ခိုင်၊ လွင်လွင်မာ၊ ကျော်သက်အောင်၊ မင်းဝေမော်၊ ချမ်း ငြိမ်းအေး၊ ကိုပေါက်၊ သန်းသန်းမြင့်၊ မဌေး၊ သီဟ၊ ထွန်းအိန္ဒြာဗို၊ ကိုတူး ULB၊ မွန်ကြီး၊ ကွန်မြူနစ်တစ်ဦး၊ အီလျှာ အာဒင်ဘတ်၊ မြသန်းတင့်၊ ဒရှူးဘယ်ရီမိုး၊ ကောလိပ်ဂျင်နေဝင်း၊ မာဂရစ် မစ်ချယ်၊ ဂျက်(ခ)ပဲလ်လင့်၊ စပီးဘတ်(ခ)ချာလီချက်ပရင်း၊ ရောဘတ်ဒီနေရိုး၊ ရွှေမန်းတင်မောင်၊





ဦးရွှေအောင်၊ ဒေါ်ခင်မေ၊ မောင်ဒီနှင့် ကိုရဲလွင် အမှတ်စဉ်နှင့် သီးခြား ခေါင်းစဉ်ကို ကျွန်တော့်ရင်ထဲတွင် မှတ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(လေး)

မရိုးသားမှုကို ရွံရှာတတ်ပြီး ကိုယ်တိုင်လည်း မရိုးမသား လုပ်တတ်ရမယ်။

သူ့ပုံစံက နှုတ်ဖျားမှပြောလိုက်သည့်စကားများသည် အသိဉာဏ်မှ ကြိုချက်စစ်ထုတ်လိုက်မှန်း သိသာသည့်တိုင်အောင် ရယ်သံဟဟနှင့် ပြုံးနေသည့်နှုတ်ခမ်းတို့ကြောင့် ထိုစကားလုံးများ အင်ချတ်နှင့် အဓိပ္ပာယ်များသည် မိုးကောင်းကင်တွင် ရွေ့လျားနေသော တိမ်တိုက်များသဖွယ် ပုံသဏ္ဍာန်အမျိုးမျိုးမရှိဘဲ အားလုံးဖြစ်နိုင်သလို ဘာဟု တိတိကျကျ ခန့်မှန်း၍မရအောင် ဖြစ်နေသည်ကို ငေးကြည့်ရင်းက ကျွန်တော့်ဦးနှောက်သည်လည်း စကားလုံးတစ်လုံးအတွက် ဖြစ်နိုင်ချေ။ အဓိပ္ပာယ်စစ်စစ်၊





မူလသဘောထားအားလုံးကို တွက်ချက်နေရပြီး နှုတ်မှထွက်လာသော စကားအပြင် သူ့လည်ချောင်းထဲမှ အသံအိုးထဲတွင် ကြွင်းကျန်ရစ်ခဲ့သော အသံစွမ်းအင်အဖြစ် ပြောင်းလဲခွင့်မရလိုက်သည့် စကားများကိုပါ ကြားရနိုင်စွမ်းရှိအောင် တွက်ချက်ရရင်း လူသားတစ်ယောက်၏ မူလတာဝန်ဖြစ်သော တစ်ဦးကတစ်ဦးကို လွှမ်းမိုးချုပ်ကိုင်နိုင်ရေးဆိုသည့် အချက်ကြီးကို ပင်ပန်းကြီးစွာ သတိဖြင့် ဆောင်ရွက်နေရင်းမှ မရိုးသားမှု၏ ခေါင်းရည်ဦးသည် ကျွန်တော့်နှလုံးသားကို ပျို့အန်ချင်စရာကောင်းလောက်အောင် မူးယစ်စေပြီး ဒီလို မရိုးသားတဲ့လူတစ်ယောက်ကို အရှုံးမပေးရစေရေးအတွက် အပြင်းအထန် ကြိုးစားအားထုတ်ရင်းက စဉ်းစားမိသည်မှာ ခွင့်လွှတ်အရှုံးပေးခြင်းသည် ထိုသူ အမှန်တရားနှင့် မတွေ့မချင်း မိမိဘက်က ရှုံးနေခြင်းဖြစ်သည်ဆိုသည့်အချက်ပင် ဖြစ်ကာ ထိုလူမျိုးကလည်း ဘယ်တော့မှ အမှန်တရားနှင့် တွေ့တော့မည်မဟုတ်ဆိုတာကို သိထားသည့်အတွက် ထိုနည်းကို ချက်ချင်းမေ့ပစ်လိုက်ပြီး သူ့မရိုးသားမှုကို အနိုင်ရစေမည့် ကိုယ့်မရိုးသားမှုကို ပြင်ညီတစ်ခုပေါ်တွင် တင်ထားသည့် ပန်းချီကားတစ်ချပ်နှယ် အရောင်အနုအရင့် အပျော့အမာ ရစ်သမ်ဟာမိုနစ်စနစ်တကျရှိစေရန် စီစဉ်ပြီးပြီးချင်း ကျွန်တော့်နှုတ်ဖျားမှ နူးညံ့ချိုသာသော ရယ်သံကို အရင်ခါချကာ အချို့စကားလုံးများကို အသံစွမ်းအင်အဖြစ် မကူးပြောင်းဘဲ ချန်ထားခဲ့ပြီး စီစစ်ပြီးသားအချို့ကို ခါထုတ်လိုက်ပြီးသည့်နောက် သူ၏တုံ့ပြန်မှုကို စောင့်နေရင်း ထိုတုံ့ပြန်လာမည့် စကားလုံးများကို ဖြစ်နိုင်ချေ လိုက်တွက်ကာ လိုက်ဖက်မည့်စကားလုံးများကို အစုံသင့် တပ်လှန့်ပြင်ဆင်ထားလိုက်ပြီးသည်နှင့် ဟန်ဆောင်မှုကို ပီပြင်အောင် • ပြုလုပ်သည့်နည်းဖြစ်သော ဟန်ဆောင်သည့်နည်းကို ပြလိုက်သည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ကျွန်တော့်စကားလုံးများနှင့် မျက်နှာပေးကိုကြည့်ပြီး တစ်စုံတစ်ခု သတိမှတ်လိုက်ကာ ကျွန်တော်တို့ စကားပြောပွဲ ပြီးဆုံးသွားသော်လည်း ကျွန်တော် လုပ်စရာများစွာနှင့် ကျန်ခဲ့ကာ ထိုလုပ်စရာများမှာ (တစ်) သူ့ကို သိစေလိုက်သည့် ဟန်ဆောင်ထားသော သဘောထားကို မှတ်သားထားရခြင်း၊ (နှစ်) သူ့အသံစွမ်းအင်သို့ မပြောင်းလဲဘဲ ချန်ထားခဲ့သော စကားလုံးများကို ရအောင် ဖော်ရခြင်း၊ (သုံး) မိမိချန်ထားခဲ့သော မှတ်စု စကားလုံးများကို အလွတ်ရနေအောင် မှတ်သားထားရခြင်း၊ (လေး) နောက်တစ်ခါ တွေ့ဆုံကြလျှင် သူပြောလာနိုင်သော အသံထွက်စကားများနှင့် အသံမထွက်သော စကားများကို ကြိုတင်သိအောင် တွေးထားရခြင်း၊ (ငါး) မူလသဘောထားကြီးတစ်ခုလုံးတွင် ကိုယ်မရှုံးရအောင် ယေဘုယျလမ်းကြောင်းတစ်ခု ရှာထားရခြင်းတို့ ဖြစ်ပါသည်။





(ငါး)

ကိုယ့်ဝိညာဉ်ထဲက ယိုစီးကျလာတဲ့အသံကို ကိုယ်ကိုယ်တိုင် မကြားနိုင်တဲ့နေရာမှာ သိမ်းထားနိုင်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



(ခြောက်)

ချစ်ခြင်းမေတ္တာစစ်စစ် ဆိုတာ ခက်ခဲမှန်း သိနေရမယ်။

ကျိုးကန်းတွေတောင်မှ ပန်းပွင့်တွေပေါ်ကို မနားရကောင်းမှန်း သိကြပါတယ် မသီတာ။ မင်းက ငါ့ကို. . . ထားပါလေ. . . အခုတော့ ငါနဲ့ ဘေးမှာ ရယ်လိုက်ရင်း ရယ်သံထွက်တဲ့ မိန်းကလေးတစ်ဦးက မင်း လိုပဲ မထူးဆန်းတဲ့စကားတွေကို ပြောလို့ ငါ့ကို သူတတ်သမျှနဲ့ စည်းခတ် ဝန်းရံလို့. . . သံသရာတစ်လျှောက်လုံးလည်း ရှုံးပွဲများလှပါပြီ။





(ခုနစ်)

ကိုယ်နဲ့လိုက်ဖက်တဲ့ ငွေရှာနည်းကို ကောင်းကောင်းသိထားရမယ်။

သည်ယခင်ဘဝများ၏ အရိုးများမှ အရိပ်ကျလာရာ ယခုဘဝတွင် နှလုံးရောဂါသည်တစ်ယောက် ဖြစ်နေသောကြောင့် ကျွန်တော်သူသားမြောက်သည့်အချိန်တွင် အမေဖြစ်သူက ကျွန်တော့်အားကြည့်ကာ စိုးရိမ်ကြောင့်ကြစွာဖြင့် နင်တော့ ဒုက္ခပဲ။ နင့်ပုံစံက ဆိုက်ကားလည်းမနင်းနိုင်. . . နင်းရင်လည်း အားနာပြီးစီးမယ့်လူ မရှိလို့ ထမင်းငတ်မှာပဲ. . . ဟု မှတ်ချက်ပေးရင်း ကျွန်တော်၏ ခွေနဲ့ ကွေးလျက်ရှိသော ကံကြမ္မာကို မိခင်တစ်ယောက်၏မေတ္တာဖြင့် ဝေဖန်ရေးဆ[illegible]မဆန်စွာ စေတနာအရင်းအတိုင်း ဝေဖန်ခဲ့ဖူးသည်ကို ကျွန်တော်သိရှိခဲ့ရသောကြောင့် ယခုအခါတွင် ကျွန်တော် ဆိုက်ကားမနင်းရဘဲ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပစ်တတ်သည့် အချိန်များတွင် ဗျည်းနှင့် သရကို ဟိုပြောင်းဒီရွှေ့ ထိုစကားလုံးနောက်သို့ ဒီစကားလုံးလိုက်စေကာ စကားစုများကို နယ်ဖတ် ကျွေးရသောအလုပ်ဖြင့် မိဘနှစ်ပါးနှင့် ကျွန်တော်၏အရိပ်မှ အရိပ်ထပ် ထွက်လာသော အမည်နာမများစွာကို လုပ်ကျွေးလျက်ရှိပါသည်။





(ရှစ်)

လူတစ်ယောက်နဲ့ ပေါင်းမိပြီဆိုရင် လူတစ်သန်းနဲ့ ပေါင်းလိုက်ပြီး သွားသလို အားလုံးကို နားလည်ဖို့ ကောင်းကောင်းလိုပါတယ်။

ယခုဘဝတွင် ကျွန်တော်သည် ရဲဝင်းဆိုသော လူတစ်ယောက်နှင့် ပေါင်းသင်းခဲ့ရ၏။ ထိုအချက်အလက်များဖြင့် ကျွန်တော် အသက် (၃၀) ပြည့်ခဲ့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



# မိုးကောင်းကင်နှင့် ဆန့်ကျင်ဘက်





နွေနေ့လယ်ခင်း၏ ပြင်းထန်သောနေရောင်သည် ကားလမ်းမပေါ်သို့ အရှိန်ပြင်းစွာကျရောက်လာပြီး အပူလှိုင်းငွေ့များအဖြစ် ပြန်လည်လူးလွန့်နေကြသဖြင့် သူမလှမ်းမြင်နေရသော ကားလမ်းဗဟိုတစ်ဖက်မှ အိမ်အမိုးသွပ်ပြားများသည် ကွေးတွန့်ယိမ်းလှုပ်နေကြသည်။ နေရောင်လွှင်ပြင်ထဲမှ ပြေးထွက်လာသော လေပြည်သည် အပူငွေ့လှိုင်းကြီးလို ဖြစ်နေကာ ပြတင်းပေါက်များ မတပ်ဆင်ရသေးသော အိမ်အတွင်းသို့ အဆက်မပြတ် ဝင်ဝင်လာနေသဖြင့် သူမသည် အိမ်ထဲတွင် နေထိုင်နေသော်လည်း နွေ၏ဒဏ်မှ လွတ်မြောက်ခြင်း မရှိချေ။

ကတ္တရာလမ်းအစပ်တွင် ခြောက်သွေ့ကာ အရွက်ကင်းမဲ့နေသော မြက်ပင်များကို တွေ့ရသည်။ သူမတို့အိမ်သည် အနိမ့်ပိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျသဖြင့် သံမံတလင်းမခင်းရသေးသော အောက်ထပ်တွင် ထိုင်သည့်အခါတွင် ကားလမ်းမကို မော့ကြည့်ရသည်။ သူမ နေ့တိုင်းမြင်ရသော မြင်ကွင်းမှာ နွေဒဏ်ကြောင့် ခြောက်သွေ့သေဆုံးနေသော ကတ္တရာလမ်းအစပ်မှ အပင်များ၊ ကားလမ်းမှ အပူငွေ့လှိုင်းကြောင့် ကွေးတွန့်ယိမ်းလှုပ်နေသည့် အိမ်ခေါင်မိုးများနှင့် ဟိုတစ်ဖက်မှာ တိမ်သားကင်းမဲ့သည့် ကောင်းကင်ပြာပြာပင် ဖြစ်သည်။

သူမသူငယ်ချင်း ရဲဝင်းကတော့ 'အဲဒီမြက်ပင်တွေဟာ သေနေတာမဟုတ်ဘူးဟ၊ နွေမှာ ရေငွေ့မဆုံးရှုံးရအောင် အရွက်တွေကို ရေဖြတ်ပြီး သူတို့အသက်ကို ဆက်ထိန်းထားတာ၊ ဒါကြောင့် မိုးတစ်ပြိုက်လောက်ရွာချလိုက်တာနဲ့ မြက်ပင်တွေ စိမ်းစိမ်းထလာကြတာပေါ့' ဟု သူမကို ပြောခဲ့ဖူးသည်။ သူမဘဝရော ဒီလိုပဲလား။ သူမနဲ့ပတ်သက်တဲ့ စိမ်းလန်းမှုအားလုံးကို တမင်သွေ့ခြောက်အောင် ဘယ်သူက လုပ်ထားခဲ့တာလဲ။ မျှော်လင့်ချက်ကလေး တစ်ပြိုက်နှစ်ပြိုက်ကျလာတာနဲ့ ဟောဒီမြက်ပင်တွေလိုပဲ သူမဘဝက စိမ်းစိမ်းထလာမှာတဲ့လား။ အဲဒီမျှော်လင့်ချက်ဆိုတာကရော သူမဆီကို ဘယ်တော့ရောက်လာမှာတဲ့လဲ။ အဲဒီမှာ မျှော်လင့်ချက်ဆိုတာကို သူမက ဒီလိုမြက်ပင်တွေလိုပဲ သေချင်ယောင်ဆောင်ပြီး မျှော်နေရတော့မှာလား။ သူမ ဘာလုပ်ရမည်လဲ။ သူမ ဘာလုပ်နိုင်မည်လဲ။

မေးနေကျမေးခွန်းသည် သူမ၏အသိဉာဏ်နှင့် ခံစားမှုထဲကို နွေလေပူလို တားမရစီးမရ ဝင်လာပြန်သည်။ မစဉ်းစားတော့ဘူး။ ဘာကိုမှ မတွေးတော့ဘူးဟု အကြိမ်ကြိမ်ဆုံးဖြတ်ထားသော်လည်း မရ။ သူမတစ်ကိုယ်လုံး နွမ်းယဲ့လေးလံသွားသည်။ လုံးလုံးက ပုခက်ထဲမှ အဲ့ခနဲအော်သဖြင့် ပုခက်ကြိုးကို ရပ်ထားရာမှ ခပ်သွက်သွက် လွှဲလိုက်သဖြင့်





ပုခက်လွှဲသံ တကျွီကျွီမြည်လာသည်။ အမေကြီးက အေးအေးလူလူ အိပ်မောကျလျက်ရှိသည်။ နွေနေ့လယ် အိမ်တစ်လုံးထဲမှာ အသက်ခြောက်ဆယ့်ရှစ်နှစ် အဘွားအိုတစ်ယောက်နှင့် တစ်နှစ်ပြည့်ကာစ ကလေးတစ်ယောက်ရှိနေသည်မှာ မဆန်းသော်လည်း အသက်နှစ်ဆယ့်ငါးနှစ်အရွယ်သူမရှိနေခဲ့ခြင်းကိုတော့ သူမ ဘယ်လိုမှ မကျေနပ်နိုင်ခဲ့။ သူမ မနှစ်ကပင် ဓာတုဗေဒမေဂျာဖြင့် အမ်အက်(စ်)စီဘွဲ့ကို ရထားခဲ့သည် မဟုတ်ပါလား။

ဂျွန်ရပ်စကင်း၏ ဟောပြောချက်များကို ဆရာမြသန်းတင့် ဘာသာပြန်ခဲ့သော ကေရာဇ်တို့၏ဘဏ္ဍာတိုက်များ၊ စာအုပ်ထဲတွင် ပညာရေး၏အဓိပ္ပာယ်ကိုကပင်လျှင် ပြည့်စုံသော ကြွယ်ဝချမ်းသာမှုပင် ဖြစ်သည်ဟု သူမ ဖတ်ခဲ့ရသည်။ သူမ ဖတ်ပြီးသည့်အခါ ဂျွန်ရပ်စကင်းနှင့် မြသန်းတင့်ကို မသိသဖြင့် သူမသူငယ်ချင်း ရဲဝင်းနှင့်သာ ငြင်းခဲ့ရသည်။

"အခုလို အခြေအနေမျိုးမှာ နင်ငြင်းတော့ ငါ့မှာ ဘာမှ ပြန်မပြောနိုင်သေးတာ အမှန်ပဲ၊ ဒါပေမယ့် အဲဒါကို နင် မယုံဘူးဆိုရင်ရော နင် ဘာကိုယုံမှာလဲ"

"ထားပါတော့ဟာ. . . ငါ ဒီစကားကို အခုမှ ကြားရဖတ်ရတာပါ၊ ငါကိုယ်တိုင်ကလည်း ပညာရေးဆိုတာကို မျှော်လင့်ချက်နဲ့ သင်ခဲ့တာမဟုတ်ပါဘူး၊ ဒါပေမယ့် အခုကျတော့ မနက်ခင်း မိသားစုတွေအလုပ်သွားမီအောင် မနက်ခြောက်နာရီက စပြီး ငါ့မှာ ချက်ပြုတ်ရတယ်၊ နေ့ခင်းကျတော့ ကလေးထိန်း၊ အဝတ်လျှော်၊ တံမြက်စည်းလှဲဗာဟီရပေါ့ဟာ. . . ညနေခင်းကျတော့ မောမောနဲ့ ပြန်လာတဲ့လူတွေ



www.burmeseclassic.com

www.burmeseclassic.com



စားဖို့ ချက်ရပြုတ်ရတယ်၊ ငါ့အလုပ်က အဲဒါလား၊ ငါ့ဘဝက အဲဒါလား၊ ဒါပဲဆိုရင် ငါ ဘာကြောင့် မော်လီကျူးတွေကို သိဖို့ လိုမလဲ၊ ဒြပ်စင်ဒြပ်ပေါင်းတွေကို ကျွမ်းကျင်ရမှာလဲ၊ ဓာတ်ငွေ့ပြင်းအားတွေ၊ အနာလတိကယ်တွေ၊ ဓာတုဗေဒရဲ့ နက်နဲတဲ့ပညာရပ်တွေ၊ ဒါတွေကို ဘာကြောင့် ငါ အပင်ပန်းခံပြီး သင်ခဲ့ရမှာလဲ"

သူ့သူငယ်ချင်းက သက်ပြင်းကိုချသည်။ ခေါင်းကိုကုတ်သည်။ ဆေးလိပ်ကို မဲဖွာသည်။ သူမတို့စကားဝိုင်းသည် တိတ်ဆိတ်သွားခဲ့လေသည်။ အခုလိုခေတ်မျိုးမှာ အမ်အက်(စ်)စီဟူသော ဘွဲ့သည် ဘာမှတော့မဟုတ်။ သို့သော် သူမဘဝတွင် ထိုပညာရေးအတွက် စွန့်လွှတ်မှုပေါင်းများစွာကို သူမ ရင်ဆိုင်ခဲ့ရသည်။ ဝမ်းနည်းကြေကွဲရခြင်းများ၊ ဒုက္ခများ၊ ငွေကြေးများ၊ ကြိုးစားအားထုတ်ရခြင်းများကို ရင်းနှီးခဲ့ရသည်။ သူမသည် ကားကလေးနှင့်ကျောင်းသွားပြီး ခိုးခိုးခစ်ခစ်ရယ်ကာ ဒီဘွဲ့ကို ရယူခဲ့သည်မဟုတ်။ ထို့အပြင် ပညာရေးနှင့်ပတ်သက်လာလျှင် ဉာဏ်နှင့်ကြိုးစားအားထုတ်မှုမှ လွဲလျှင် ကံကြမ္မာ၏ ဖေးမကူညီမှုကိုလည်း သူမ ရခဲ့သည်မဟုတ်ချေ။

ပညာရေးဆိုတာနှင့် ပတ်သက်လာလျှင် ငယ်စဉ်ကတည်းကပင် သူမမှာ ကံမကောင်းခဲ့။ လေးတန်းနှစ်မှစ၍ အတိုက်အခိုက် အပြိုင်အဆိုင်တွေကို အနိုင်ရကာ သူမ နှစ်စဉ် ဆုရခဲ့သည်။

သို့သော် ထိုအတန်းများသည် ကျောင်းသူတစ်ယောက်၏ဘဝကို အဆုံးအဖြတ်ပေးနိုင်သော အတန်းများမဟုတ်ခဲ့။ သူမ ဆယ်တန်းနှစ်သို့ ရောက်သည့်အခါတွင် သူမတို့အိမ်တွင် ဆယ်တန်းကျောင်းသားသုံးဦးရှိနေခဲ့သည်။ နှစ်နှစ်ကျပြီးသား သူမအစ်မ၊ တစ်နှစ်ကျပြီးသား သူမ





အစ်ကိုနှင့် နှစ်တက် သူမတို့ဖြစ်သည်။ သူမတို့အိမ်တွင် စီးပွားရေးအရ ကိုးတန်းအောင်သည်အထိ အတန်းထဲတွင် ဆုရခဲ့သော သူမက တစ်လလျှင် နှစ်ဆယ့်ငါးကျပ်သာပေးရသော ကျူရှင်ကိုယူရသည်။ နှစ်ကျ သူမအစ်ကိုနှင့် အစ်မကို ဝိုင်းထားပေးကြသည်။

အဖေနှင့်အမေ၏ အာရုံသည် ဉာဏ်ကောင်းသော်လည်း အပေါင်းအသင်းကြောင့် ပေတေကာ စာမေးပွဲကျခဲ့ရသည့် သူမအစ်ကိုနှင့် ဆယ်တန်းအောင်လျှင် အလုပ်လုပ်တော့မည်ဟု ကြွေးကြော်သော သူမအစ်မထံတွင်ပင် ရှိခဲ့သည်။

'သမီးကို ကျူရှင်ကောင်းကောင်း ထားပေးပါ။ သမီး ဆရာဝန်ဖြစ်အောင် ကြိုးစားပါ့မယ်' ဟု သူမက ကတိအကြိမ်ကြိမ်ပေးခဲ့သော်လည်း 'သမီးက ဉာဏ်လည်းကောင်းတယ်၊ ကြိုးစားချင်စိတ်လည်းရှိတယ်၊ သမီးက အောင်မှာ ကျိန်းသေတယ်၊ ဟိုနှစ်ကောင်ကသာ ကြပ်မတ်ရမှာ၊ အဖေ့သားသမီးတွေအားလုံး ဆယ်တန်းအောင်စေချင်တယ်'ဟူသော အဖေ့စကားကို သူ နာကြည်းချင်သော်လည်း နာကြည်း၍မရခဲ့။

သို့သော် ငွဲညာကာ ခြစ်ချုပ်ထားပေးခဲ့ရသော ဝိုင်းကျူရှင်များကို သူ့အစ်ကိုက အပေါင်းအသင်းနှင့်လျှောက်လည်ကာ မတက်ဘဲ သူမအစ်မက ရည်းစားဖြင့်ချိန်းတွေ့ကာ အပျက်ခံသည့်အကြောင်းကို သိလိုက်ရသည့်အခါ သူမ နာကြည်းခဲ့သည်။ အဖေနှင့်အမေကို ပြောလျှင်လည်း အထူးတော့ပြီ။ မိမိကိုယ်မိမိ ယုံကြည်ချက်ပြင်းထန်လွန်းသော ခေါင်းမာသော၊ မာနကြီးသော နာစရာကိုတွေ့လျှင် အံကြိတ်ကာ ခံးစည်းခံရင်း အားမွေးတတ်သောသူမ၊ အိမ်ကို တစ်ခွန်းမှမပြောတော့ပြီး ငါဟာ အားလုံးထက် သာကို သာရမည်ဆိုသည့်စကားကိုနှလုံးရိုက်မှာ မနေ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်အရှေ့ မျက်နှာဖုံးမှာမရေးဘဲ နှလုံးသားမှာရေးကာ စာကိုသာ ဖိကျက်ခဲ့သည်။

သို့သော် ကံဉာဏ် ဝီရိယဆိုသည့် စကားသုံးလုံးထဲမှ ကံသည် သူမအတွက် မဟုတ်ခဲ့ပေ။ စာမေးပွဲအတွက် အရာရာပြင်ဆင်ထားခဲ့သော ပထမအစမ်း ဒုတိယအစမ်းတွင် ပထမချည်း အတန်းထဲမှာရခဲ့သော သူမသည် စာမေးပွဲဖြေဖို့(၃)လအလိုတွင် အူရောင်ငန်းဖျားရောဂါက သူမအစာအိမ်ထဲမှ ခုန်ထကာ သူမကို ဆေးရုံသို့တွန်းပို့ခဲ့သည်။ ဆေးရုံသို့လာမေးကြသည့် သူမ၏ပြိုင်ဘက်များထံမှ ပြုံးစစနှင့် 'ကံမကောင်းရင် ဒီလိုပါပဲဟယ်' ဆိုသည့်စကားကို နာကြည်းစွာကြားခဲ့ရသည်။

အိမ်၏စီးပွားရေးအရ ရောဂါကို မြန်မြန်မဖြတ်နိုင်ခဲ့။ ဆေးရုံမှ ဆင်းခဲ့ရပြီး စာဘက်လှည့်သည့်အခါ ဒုတိယအကြိမ် ဆေးရုံသို့ ပြန်တက်ရသည်။ မူးဝေနောက်ကျိနေသည့် ဦးခေါင်း၊ ချွေးစေးတွေ စိမ့်ထွက်နေသည့် လက်ဖဝါးနှစ်ဖက်၊ ဖြူရော်ဖျော့တော့နေသည့် အသားအရည်ဖြင့် သူမ စာမေးပွဲကြီးကို ဖြေရသည်။ စာမေးပွဲဖြေသည့်ရက်တွင် သူမ ဆန်ပြုတ်ကို သောက်နေရတုန်းပင်ဖြစ်သည်။ နောက်ဆုံး သမိုင်းဘာသာဖြေသည့်နေ့က လေးပုဒ်ဖြေအပြီး မေးခွန်းလွှာကိုခြစ်ချဖို့ သူမ မိနစ်နှစ်ဆယ်တိတိ ထိုင်ကာ စဉ်းစားခဲ့သည်။ သူမရင်တွေ တဆတ်ဆတ်တုန်ကာ သူမအသိဉာဏ်က ချာချာလည်လျက်ရှိသည်။ သူမ ကြိုးစားပမ်းစားရေးခဲ့ ဖြေခဲ့ပြီးသော စာတွေကို လျစ်လျူရှု ဥပေက္ခာထားကာ ခြစ်ချပစ်လိုက်ဖို့ကို သူမ ဘယ်လိုမှ ကြိုးစား၍မရ။ ပြီးတော့ အခု ရေးချထားသည့် စာတွေ၊ အရင်နေ့တွေက ရေးချဖြေဆိုခဲ့သည့် စာတွေအားလုံးမှာ သူမ ဒုက္ခနှင့်ဝေဒနာအကြားက ခက်ခက်ခဲခဲ ကြိုးစားကျက်မှတ်ခဲ့ရသည့်စာများ ဖြစ်သဖြင့်





သူမ ဘယ်လိုမှ ဥပေက္ခာမပြုရက်နိုင်။ နောက်ဆုံး အချိန်စေ့ခေါင်းလောင်းသံ ပေါ်လာသည်။ ဆရာမလက်ထဲကို သူမအဖြေလွှာ ဒီအတိုင်းပါသွားခဲ့သည်။ ပြီးပြီ။

သူမ ဘာကိုမျှ မျှော်လင့်မထားတော့။ ဘယ်သူ့ကိုမှလည်း အားမကိုးတော့။ ကံကြမ္မာဆိုတာလည်း မယုံရဲတော့။ ဆုံးဖြတ်ချက်ချပြီးလျှင်လည်း ဘာကိုမှမပြင်တော့။ ထိုဗီဇများက ဆယ်တန်းစာမေးပွဲပြီးသည့်အခါ သူမထံမှာ ခိုင်ခိုင်မာမာကြီး ကျန်ရစ်ခဲ့ကြသည်။ အဖေ ရုံးစာရေး၊ အမေ ရုံးစာရေးနှင့် သူမအပါအဝင် မောင်နှမခြောက်ယောက်ရှိသော မိသားစုအတွက် ကျောင်းပိတ်ရက်မှာ သူမပဲဝင်ရွေးသည်။ စာမေးပွဲအောင်စာရင်းဆိုတာကို သူမအသိစိတ်ထဲမှာ မထားတော့။ ထိုမောင်နှမခြောက်ယောက်ထဲတွင် စကားမပြောနိုင်ဘဲ အကြောသေကာ ထမင်းတအစ ခွံ့ပေးရသော ညီမကလေး မသီတာက ရှိသေးသည်။ ဆယ်တန်းအောင်သည်ဆိုလျှင်တောင်မှ သူမ ကျောင်းဆက်မတက်တော့ဟု တစ်ယောက်တည်း ဆုံးဖြတ်သည်။

ထိုအချိန်တွင် သူမဖတ်ရသော စာအုပ်ထဲ၌ လူငယ်တစ်ယောက်၏ဘဝတွင် သစ်လွင်တောက်ပသော အနာဂတ်တစ်ခု ရှိကိုရှိရမည်ဟူသော စာကြောင်းကလေးကိုတွေ့ရသောအခါ နာကြည်းစွာ ရယ်မောခဲ့ရသေးသည်။ အောင်စာရင်းထွက်လာတော့ သူမ၏အစ်ကိုရော အစ်မပါကျသည်။ သူမက သချာဂုဏ်ထူးတစ်လုံးဖြင့် အောင်သည်။ အစွမ်းကုန်ကျေနပ်ခြင်းမျိုးမဟုတ်သော်လည်း အရာရာကို အောင်နိုင်လိုက်ခဲ့သည့်အတွက် ကျေနပ်ပျော်ရွှင်မှုကလေးရနေချိန်တွင် အမေ့ထံမှ 'ဒီလို[illegible]သိရင် ငါ့သမီးကိုပဲ ဝိုင်းထားပေးပါတယ်' ဆိုသည့်စကားကို ကြား[illegible]လိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com



အခါ သူမရင်သည် ဒေါသဖြင့် ပြည့်နှက်သွားသည်။ တဆတ်ဆတ်တုန်ယင်လာသည့်နှုတ်ခမ်းကို ကိုက်ကာ ဘာမှမပြောမိအောင် ထိန်းချုပ်ကာ သူမ အခန်းထဲဝင်လာခဲ့သည်။ တစ်အိမ်သားလုံးက သူမ၏အောင်မြင်မှုကို ဂုဏ်ယူပျော်ရွှင်နေသည့်အချိန်တွင် သူမက ဒေါသဖြင့် ပူလောင်ကာ သူမရင်ထဲတွင် ကျပ်ခဲစေခဲ့သော 'ဒီလိုမှန်းသိရင်' ဆိုသည့်စကားကို အကြိမ်ကြိမ် ပြန်ကြားကာ အသံမထွက်အောင် မျက်ရည်ကျခဲ့သည့် ထိုမျက်ရည်သည် ပညာရေးနှင့်ပတ်သက်သည့် သူမ၏ ပထမဦးဆုံးမျက်ရည်သာ ဖြစ်ခဲ့လေသည်။

သူမ တက္ကသိုလ်မတက်တော့ဟု ခါးခါးသီးသီးငြင်းသော်လည်း သူမကို ပထမဦးဆုံး ဆယ်တန်းအောင်သူအဖြစ် တစ်အိမ်လုံးက တက္ကသိုလ်သို့ ပို့ဖို့ စဉ်းစားဆုံးဖြတ်ကြသည်။ စာပေးစာယူတက်ကာ အလုပ်တစ်ခုဝင်မည်ဟူသော သူမ၏ဆုံးဖြတ်ချက်သည် ပထမဦးစွာ ခိုင်မာခဲ့သော်လည်း သူသူငါငါ ပြောကြလွန်းသည့် တက္ကသိုလ် တက္ကသိုလ်ဆိုသည့် စကားလုံး၏သွေးဆောင်ဖြားယောင်မှုအောက်တွင် လျော့ရဲပါးလျ မှိန်ဖျော့သွားခဲ့သည်။ သူမ၏ ထိုဆုံးဖြတ်ချက်အပေါ်တွင် သူမ ခိုင်မာစွာကာကွယ် မရပ်တည်ခဲ့ခြင်းမှာ သူမ၏ ဒုတိယအမှားသာလျှင် ဖြစ်ခဲ့လေသည်။

သင်္ချာ ဒီတစ်လုံးပါခဲ့သော်လည်း ကျန်သည့်အမှတ်များ မကောင်းလှသဖြင့် သူမ သင်္ချာမေဂျာပင် ဝင်ခဲ့သည်။ သူမတို့အောင်သည့် ၁၉၈၄/၈၅ နှစ်က အောင်ချက်ကောင်းသဖြင့် အမှတ်မြင့်ခဲ့သည်။ တက္ကသိုလ်စတက်ကာစက သူမ စိတ်လေနေခဲ့သည့် ပညာရေးဆိုတာကို မေ့နိုင်သလောက် မေ့ထားခဲ့သည်။ သူမတို့မေဂျာမှာ ဆုံခဲ့ရသည့် သီတာ၊ မိစု၊





မိုးမိုး၊ မဒွေးတို့နှင့် ပျော်ပျော်ပါးပါး တက္ကသိုလ်ကျောင်းသူ ဖြစ်ခဲ့သည်။ သူမကိုယ်တိုင် ချစ်သူမရှိသော်လည်း ချစ်သူရသွားကြသော မိစု၊ သီတာတို့ စုံတွဲများနှင့် ရုပ်ရှင်ကြည့်၊ ဟိုဒီသွား ပြဿနာရှင်း၊ ကူညီပေးရင်း ပျော်သလိုနေခဲ့သည်။

ဗလ၊ ကိုကျော်မိုး၊ ရဲဝင်း စသည့် ယောကျ်ားလေးသူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်၊ ချက်(စ်)ထိုး၊ စလေဘယ်(လ်)ကစားငြင်းခုန်၊ ရယ်မောတက္ကသိုလ်ကျောင်းသူပီပီ နေခဲ့သည်။ ဒါတောင်မှ တစ်ခုခု အခက်အခဲနှင့်ကြုံလျှင် ဘယ်တော့မှ လွယ်လွယ်နှင့်လက်မလျှော့တတ်သော၊ ဆတ်ဆတ်ထိမခံတတ်သော ဘယ်သူ့ကိုမှ မမှီခိုဘဲ ကိုယ်ပိုင်ဆုံးဖြတ်တတ်သော မိန်းကလေးဆန်ဆန် မနေတတ်သော သူမကို သူမ၏နာမည်အရင် အေးအေးလွင်ဟု ဘယ်သူမှ မခေါ်ဘဲ 'လွင်မာ' ဟု သူငယ်ချင်းတွေက ခေါ်ကြသည်။

မိတ်ကပ်မလိမ်း၊ ပန်းမကြိုက်ဘဲ ယောကျ်ားလေးရုပ်အကျႌဝတ်ကာ၊ လွယ်အိတ်စလွယ်သိုင်းလွယ်ပြီး လမ်းလျှောက်မြန်သော မကြာခဏငြင်းခုန်လေ့ရှိသော၊ စကားကို မကြာခဏလုလုပြောတတ်ပြီး ဒေါသဖြစ်လွယ်သော၊ ရယ်မောသည့်အခါ အူလှိုက်အသည်းလှိုက်ရယ်မောတတ်သော သူမကို သူငယ်ချင်းရဲဝင်းက ပေါက်ကျော်မဟု ခေါ်တတ် စတတ်လေ့ရှိသည်။ ဘယ်သူ့မျက်နှာမှ မကြည့်ဘဲ မှန်သည့်စကားကို ပက်ခနဲပြောတတ်သော သူမကို သူငယ်ချင်းကောင်မလေးတွေရော ကောင်လေးတွေရောက လန့်တတ်သည်။ စိတ်ဓာတ်ပျော့ညံ့ပြီး မိန်းကလေးပီပီနေတတ်သော မိစုနှင့် သီတာအတွက် သူမက မကြာခဏ လူကြမ်းလုပ်ပေးရလေ့ရှိသည်။ ဘာပဲဖြစ်ဖြစ် တက္ကသိုလ် ပထမနှစ်ကိုတော့ သူမ ပျော်ရွှင်မှုထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ထည့်ထားလိုက်လျှင် ရသည်။

စာမေးပွဲနီးတော့မှ ဂုဏ်ထူးထွက်သည့်မေဂျာကိုပြောင်း၍ တက်လျှင်ရသည်ဆိုသည့် တက္ကသိုလ်၏စည်းကမ်းကို သူမ သိရတော့ သူမ အမေ့ခံထားရသော ပညာရေးသည် သွေးကြောထဲကို ပြန်ရောက်လာခဲ့သည်။ သူမ မေဂျာပြောင်းဖို့စဉ်းစားသည်။ ဘာရယ်တော့မဟုတ် ကြိုးစားမှုတစ်ခု၏ သီးပွင့်လာသော အသီးအပွင့်ကိုမြင်ချင်သည့် အရသာကို သူမက မက်မောတတ်သည်မဟုတ်လား။

"အင်စတီကျူမဟုတ်ရင် ဘာမှ သိပ်မထူးပါဘူးဟာ၊ ငါကတော့ ဆယ်တန်းတုန်းက ရောဂါထနေတာနဲ့ ဟောဒီ ရုက္ခဗေဒကို ရောက်လာကတည်းက ပညာရေးကို မေ့ထားလိုက်ပြီ"

ဟု ရဲဝင်းက ရယ်မောကာဆိုသည်။

ရဲဝင်းက မိစု၏ချစ်သူ အောင်နိုင်စိုးနှင့်ပတ်သက်ပြီး သူတို့နှင့် သိကျွမ်းခဲ့ရခြင်းဖြစ်သည်။ သူတို့အုပ်စုထဲတွင် ရဲဝင်းတစ်ယောက်တည်း ရုက္ခဗေဒမေဂျာကဖြစ်ပြီး ရဲဝင်းကတော့ သူ့မေဂျာကို ပုံဏဏဏဆွဲရသဖြင့် ဒုက္ခဗေဒဟု နောက်ပြောင်ခေါ်သည်။ ရဲဝင်းစကားကြောင့် သူမ အနာဟောင်းသည် ချက်ချင်း ပြန်လည်ပြည်တည်၍ ရောင်ကိုင်းလာသလို ထင်ရသည်။ သူမ ဆယ်တန်းအတွေ့အကြုံကို ရဲဝင်းနှင့် ပြောဖြစ်ကြသည်။

"လူငယ်တစ်ယောက်ရဲ့ဘဝမှာ သစ်လွင်တောက်ပတဲ့ အနာဂတ်တစ်ခုရှိဖို့ ရှိရမယ်တဲ့၊ ဘယ်လောက်သဘောကျဖို့ကောင်းသလဲ၊ အဲဒီစကားကိုဖတ်ရတော့ ငါ ကြေကွဲသွားခဲ့ရဖူးတယ်။ နည်းနည်းထပ်ဖြည့်ရင်ကောင်းမလား၊ ကံကောင်းသော လူငယ်တစ်ယောက်၏ဘဝမှာလို့လေ"





"နင့်စကားက ရုပ်ဆန်တယ်ဟ. . . အနောက်တိုင်းကလာတာထင်ပါရဲ့. . . အေးလေ ကံဆိုးတာကလည်း မမြင်မှမမြင်ရတာပဲ၊ မမြင်သာမမြင်ရတာ ဒုက္ခတော့ အတော်ပေးတာဟ၊ ကံနဲ့ပြိုင်ရတာ တစ္ဆေနဲ့လက်ဝှေ့ထိုးရသလိုပဲ၊ ကံကောင်းတဲ့လူကို ဉာဏ်ကောင်းတဲ့လူက ပြိုင်လို့မရဘူးတဲ့၊ အဲဒီစကားကို ပြင်မယ်လို့ဆုံးဖြတ်ပြီး ဉာဏ်ပေါ်ကို ဝီရိယတင်တယ်ဟာ၊ ဒါပေမဲ့ အဲဒီကံတရားကချည်းပဲ ငါတို့ကို ထိုးချလိုက်တာနောက်ကောက်ချည်းပဲ. . ."

"သွားစမ်းပါဟာ၊ ကံဆိုတာ ကမ္မကလာတာ၊ ကံဆိုတာ အလုပ်တဲ့၊ ကောင်းကောင်းလုပ်ရင် ကောင်းတာပဲဖြစ်မှာပေါ့"

"နင်လည်း အူရောင်ငန်းဖျားဖြစ်ရင်း စာမေးပွဲဖြေတာဆို"

"အိုး. . . ငါက အစားအသောက်မဆင်ခြင်ခြင်းဆိုတဲ့ အလုပ်မှာ ပေါ့လျော့လို့ပါဟာ"

"ဒါဆိုရင် ငါကရော. . . ငါ့နှလုံးရောဂါက မွေးရာပါဟ"

ဒီတစ်ခါတော့ သူမ ဦးနှောက်ခြောက်သွားခဲ့သည်။ သူမအထင်ကတော့ ကံဆိုတာကိုယှဉ်ပြိုင်လို့ ရသည်ဟုပင် ယုံကြည်သည်။

"ဘာပဲဖြစ်ဖြစ်ဟာ ငါတို့ ကြိုးစားကြည့်ကြတာပေါ့"

"ငါကတော့ ကံဆိုတာကို အရှုံးပေးလိုက်ပြီဟာ၊ ဖြစ်ချင်တာဖြစ်ပေါ့. . ."

"တစ်ခါတုန်းက လှေတစ်စင်းပေါ်မှာ ငါးသုံးကောင်ပါလာတယ်တဲ့၊ တံငါသည်က ဖမ်းလာတာပေါ့ဟာ၊ ပထမတစ်ကောင်က လှေဝမ်းထဲမှာ ဝီရိယစိုက်ပြီး တဖျပ်ဖျပ်ခုန်နေတယ်တဲ့၊ ဒီတော့ တံငါသည်က မျက်စိနောက်ပြီး လှော်တက်နဲ့ ရိုက်သတ်လိုက်တယ်၊ ဒုတိယတစ်ကောင်ကတော့



www.burmeseclassic.com

www.burmeseclassic.com



နင့်လိုပဲ ဖြစ်ချင်တာဖြစ်ဆိုပြီး ငြိမ်နေတယ်တဲ့၊ တတိယတစ်ကောင်က အရာရာကိုချင့်ချိန်ပြီး လှိုင်းပုတ်လို့ လှေအလူးမှာ ဝီရိယစိုက်ပြီး ခုန်ထွက်သွားတယ်တဲ့၊ ဖြစ်ချင်တာဖြစ်ဆိုပြီး ကံကိုပုံ ကံကိုပဲ ယုံတဲ့ ငါးက ဟင်းအိုးထဲ ရောက်တာပေါ့ဟာ၊ ဆရာတော်တစ်ပါးက ကံဉာဏ်ဝီရိယကို အဲဒီလိုဟောတာ ငါဖတ်ဖူးတယ်"

"အေး. . . နင်လည်း သိပ်မခုန်နဲ့ လွင်မာ လျှော်တက်စာမိမှာပဲ"

ဒါပေမဲ့ ဒီတစ်ကြိမ်တော့ သူမ လှိုင်းအပုတ်မှာ ခုန်ထွက်နိုင်ခဲ့သည်။ ရဲဝင်းကတော့ သူမ ဥပမာအတိုင်း ပထမနှစ်ကျခဲ့သည်။ သူမ ဓာတုဗေဒမေဂျာနှင့် ရူပဗေဒမေဂျာတွင် ဂုဏ်ထူးထွက်သည်။ သူမတို့ နှစ်က ဓာတုဗေဒမေဂျာက အမှတ်မြင့်ကာ ထိပ်ဆုံးမှာရှိသဖြင့် သူမ ဓာတုဗေဒမေဂျာသို့ပြောင်းကာ သူငယ်ချင်းများနှင့် ဝေးခဲ့သည်။ ရဲဝင်းကတော့ သူမနှင့်တွေ့သည့်အခါ လျှော်တက်စာမဖြစ်တဲ့အတွက် ကွန်ဂရက်ကျူလေးရှင်းဟေ့. . . ဟု အော်တတ်သည်။

သို့သော် ဓာတုဗေဒမေဂျာ ဒုတိယနှစ်မှာ ဂုဏ်ထူးတန်းဆက်တက်ရဖို့ သူမ ကြိုးစားသည့်အခါတွင်တော့ သူမ ဥပမာအတိုင်း လျှော်တက်စာမိခဲ့လေသည်။ သို့သော် သူမ မသေခဲ့။ ကြေကွဲဝမ်းနည်းမှု၊ လက်လွတ်ဆုံးရှုံးရမှု အများဆုံး တက္ကသိုလ်နှစ်ကို ပြပါဆိုလျှင် ထို ဒုတိယနှစ်နှင့် နောက်ဆုံး ဂုဏ်ထူးတန်း တတိယနှစ်ကို သူမ ပြမိလိမ့်မယ်။

ဂုဏ်ထူးတန်းတက်ရရေးအတွက် ကျူရှင်မတက်နိုင်သော သူမ ကျောင်းစာကို မှန်မှန်ကျက်ခဲ့သည်။ လက်တွေ့ကိုမပျက်အောင် ဂရုစိုက်သည်။ သို့သော် ကံကြမ္မာသည် ဒီတစ်ကြိမ်တော့ စည်းလုံလွန်းသော





သူမဘက်က ဝင်ရောက်မလာခဲ့တဲ့ သူမမိသားစုဘက်မှ ဝင်ရောက်လာခဲ့လေသည်။

စာမေးပွဲဖြေရန် သုံးလအလိုတွင်ပင် သူမညီမလေး သက်သက်လွင် တိုင်းလုံးကျော်သင်္ဘောနစ်သည့်အထဲ ပါသွားခဲ့သည်။ ညီမလေး အလောင်းကိုရဖို့ သင်္ဘောဆိပ်မှာ လေးရက်လုံးလုံး စိတ်ပင်ပန်းခြင်းကြီးစွာ၊ ဒုက္ခနှင့် ကြေကွဲမှုပေါင်းများစွာနှင့် ရှာခဲ့ရသည်။ ညီမကလေး ရက်လည်ဆွမ်းသွပ်အပြီး နှစ်ရက်အကြာတွင် စိတ်ထိခိုက်သည့်ဒဏ် ပင်ပန်းသည့်ဒဏ်တို့ဖြင့် အဖေက အိပ်ရာထဲမှာ လေဖြတ်သည်။ ဝမ်းနည်းကြေကွဲမှု၊ ဆုံးရှုံးမှု စိတ်ဆင်းရဲမှုပေါင်းစုံသည် သူမဦးခေါင်းထဲ နှလုံးသားထဲတွင် မုန်တိုင်းတစ်ခုလို အော်မြည်နေသည်။ စာမေးပွဲဖြေဖို့ ခုနစ်ပတ်အလိုတွင် အဖေဆုံးသွားခဲ့သည်။

သူမကို ကံကြမ္မာသည် ဘယ်တော့မှ မထနိုင်တော့အောင် အလဲထိုးချင်ပုံရလေသည်။ အဖေနှင့် အချစ်ဆုံးညီမ ဆုံးရှုံးရသည့်အတွက် ရှူးသွပ်ရမတတ် သူမကြေကွဲမှုကို သူမအံကြိတ်ကာ မျက်ရည်တစ်စက်မှ မကျရအောင် နေသည်။ ဖေဖေ့အသုဘချသည့်နေ့က သူမသည် သူငယ်ချင်းသီတာကို ဖက်ကာထားမိသည်။

"လွင်မာ ငိုချလိုက်. . . ငိုလိုက်ပါနော် သူငယ်ချင်းရယ်၊ အဲဒီလို တင်းမထားနဲ့. . . ငိုချလိုက်နော်. . . "

ငိုချလိုက်ဖို့ တတွတ်တွတ်မှာရင်း သူငယ်ချင်းသီတာ၏မျက်ရည်စက်တွေ သူမပခုံးပေါ် တစ်ပေါက်ပေါက်ကျလာခဲ့သော်လည်း သူမ မျက်ရည်တစ်စက်မျှ ကျမလာခဲ့။ သူမကိုက်ထားခဲ့သော အောက်နှုတ်ခမ်းက သွေး တစ်ပေါက်ပေါက်ကျလာသော်လည်း သူမ မျက်ရည် တစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်မှမကျခဲ့။ သူမနှလုံးသားသည် မီးလိုပူကာ မှန်တစ်ချပ်လို အစိတ်စိတ်ကြေကွဲသွားသော်လည်း မျက်ရည်တစ်စက်မှ မကျစေရဟု စိတ်ကို ရှိသမျှ အားကလေးနှင့် တင်းညှစ်ဖိထားခဲ့သည်။

ကံကြမ္မာသည် သူမနှလုံးသားကို စားဦးချွန်ချွန်ဖြင့် နှစ်ချက်တိတိ ထိုးစိုက်ခဲ့သော်လည်း ကျေနပ်သွားဟန်မတူချေ။ စာမေးပွဲရက်အတွင်းမှာပင် သူမကို အကောင်းဆုံးဒုက္ခကို ပေးခဲ့သေးသည်။ Paper One ဖြေပြီးသည့်နေ့က ကော်ရစ်တာမှာ ထောင်ထားခဲ့သော သူမလွယ်အိတ်ကို ကျောင်းသားတစ်ယောက်က မှားပြီးယူသွားခဲ့သည်။ သူမက Paper One ပြီးလျှင် သူငယ်ချင်းနှင့် Paper two ကြည့်ရန် စာအုပ်များထားခဲ့သဖြင့် သူမဖြေရမည့်စာအုပ်တွေ အကုန်ပါသွားခဲ့သည်။ ထိုကျောင်းသားကို လိုက်ရှာသော်လည်း မတွေ့တော့။ သိလျှင် ပြန်လာလဲမလားဟု ညနေအထိစောင့်သော်လည်း ပေါ်မလာခဲ့။ ညီမနှင့် အဖေသေစဉ်က တစ်စက်မှမကျခဲ့သော မျက်ရည်သည် သူငယ်ချင်းတစ်ယောက်နှင့်အတူ ကော်ရစ်တာမှာ ညနေအထိစောင့်ရင်း ထိန်းမရ သိမ်းမရ သူမမျက်ဝန်းထဲက ခုန်ပျံထွက်လာခဲ့သည်။ ပထမထိုးနှက်ချက်များတွင် မျက်ရည်မကျသဖြင့် ကံကြမ္မာသည် သူမထံမှ မျက်ရည်ကိုတောင်းဖို့ နောက်ဆုံးအချိန်အထိ သူမကို ချောင်းမြောင်းနေခဲ့ပုံ ရလေသည်။

သူမသူငယ်ချင်းကို ဖက်ကာ အားရပါးရငိုပစ်လိုက်သည်။ သူမမျက်ဝန်းထဲက သွေးကြောလေးတွေ အောင့်လာသည်အထိ ရှိုက်သံကို ခါထုတ်လိုက်လျှင် သူမရင်နှင့် လည်မျိုတစ်လျှောက်လုံး အက်ကွဲတော့မတတ် နာကျင်လာသည်အထိ ငိုပစ်လိုက်သည်။ ရက်စက်လှချည်လား ငါ့ဘဝက ဆိုးလှချည်လား. . . ငါသေသွားရင် ကောင်းမလား. . .။





သူမ သူငယ်ချင်းတစ်ယောက်အိမ်မှာ လိုက်အိပ်ကာ ထိုသူငယ်ချင်း၏စာအုပ်ကို ကြည့်ရသည်။ ကိုယ့်စာအုပ်မဟုတ်သည့်အပြင် ထိုသူငယ်ချင်းကိုပါ ငဲ့ညှာနေရသဖြင့် ဘာတစ်ခုမှ အဆင်မပြေခဲ့။ ဦးနှောက်ထဲ နှလုံးအိမ်ထဲမှာရှိသည့် ဆိုးဝါးလှသော ကံခေမှုဆိုးကိုလည်း မေ့ထားမရသဖြင့် အားငယ်စွာ Paper two ကို ဖြေဖို့ အခန်းထဲဝင်သော်လည်း သူမ အံ့သြဖို့ကောင်းလောက်အောင် ကောင်းမွန်စွာ ဖြေနိုင်ခဲ့သည်။ ဒုတိယနှစ်တွင် Paper one, Paper two နှစ်ခုစလုံး ဒီထွက်မှ ဂုဏ်ထူးတန်းကို တက်ရောက်ရသည်မဟုတ်လား. . .။

ဂုဏ်ထူးတန်း ပထမနှစ်ရောက်တော့ ရဲဝင်းကို ကဗျာတစ်ပုဒ် ပေးဖတ်သည်။ ခေါင်းစဉ်က 'ကံကြမ္မာကတောင်းတဲ့ မျက်ရည်' ဟု သူမ ပေးခဲ့သည်။

"အေးဟာ. . . နင့်အဖြစ်အပျက်တွေက ပြောပြရင်တောင် လူတွေယုံပါ့မလား မသိဘူး။ ဒီလောက်ကံဆိုးတဲ့လူ ဒီတစ်ခါပဲ ငါတွေ့ဖူးသေးတယ်၊ နင့်ကို ငါ ချီးကျူးချင်ပါတယ်။ ဒါပေမဲ့ မိန်းကလေးတွေကို ငါက သိပ်အထင်မကြီးတတ်ဘူး၊ ငါ အသိအမှတ်တော့ ပြုပါတယ်ဟာ၊ တော်ရုံမိန်းကလေးဆို ရူးသွားမယ်ဟ. . ."

"ငါကလည်း နင်တို့ချီးကျူးအောင် နေတာမဟုတ်ပါဘူး၊ ကံကြမ္မာဆိုတာကသာ သက်ရှိသတ္တဝါတစ်ကောင်ဆို ငါ သွားပြီး ခပ်ကြာကြာကလေး ပြုံးပြချင်တာ အဲဒီလောက်ပါပဲ၊ ဒီတစ်ခါ ငါ နိုင်တယ်ဟေ့လို့ တိုးတိုးကလေး ပြောမယ်ဟာ၊ ပြီးတော့ ကံကြမ္မာကို ထပ်ပြီး စိန်ခေါ်ခဲ့ဦးမယ်. . ."

သူမ တွေးထင်ထားခဲ့သလို ကံကြမ္မာသည် သက်ရှိသတ္တဝါတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင် ဖြစ်ပုံရလေသည်။ သူမ ဂုဏ်ထူးတန်း ပထမနှစ်ဝက်တွင် သူမကိုချစ်သော သူမ၏အကြီးဖြစ်သူ လည်ချောင်းကင်ဆာရောဂါဖြင့် ဆုံးပါးခဲ့ရသည်။ သို့သော် သူမ သိပ်ဂရုမစိုက်ချင်တော့။ ဝမ်းနည်းကြေကွဲမှုများနှင့် ယဉ်ပါးကျွမ်းဝင်နေပြီဖြစ်သော သူမနှလုံးသားသည် ခံနိုင်ရည်အတော်ဝခဲ့ပြီ။ သူမငယ်စဉ်က ဖားပြုတ်တစ်ကောင်ကို ပိန်းရိုးဖြင့် ရိုက်သည့်အခါ တစ်ချက်ရိုက်လိုက်တိုင်း တစ်ကြိမ်ကုံးထ ဖောင်းကားလာသောအဖြစ်ကို သွားသတိရသည်။ သူမနှလုံးသားသည်လည်း ကံကြမ္မာက တစ်ကြိမ်ထိုးနှက်လိုက်တိုင်း တစ်ခါ မာကြောသွားပုံ ရလေသည်။ ဒါပေမယ့် ပထမနှစ်စာမေးပွဲဖြေဆိုခါနီးမှာ သူမတို့ ကျောင်းပိတ်ရက်ရှည်ဖြင့် ကြုံခဲ့သည်။

ထိုကျောင်းပိတ်ရက်ရှည်အတွင်း ကျောင်းပြန်မဖွင့်ခင် သူမသူငယ်ချင်းတွေ တဖြုတ်ဖြုတ် အလုပ်ဝင်ကုန်ကြသည်။ မိစုက ဘဏ်မှာ၊ သီတာက စိုက်ပျိုးရေးဘဏ်မှာ၊ ရဲဝင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးမှာ၊ တချို့က ယောကျ်ားရကုန်သည်။ သူမကတော့ စိတ်မရှည်နိုင်စွာ အောင့်အီးသည်းခံကာ ကျောင်းဖွင့်ရက်ကိုသာ ကြိတ်မျှော်ရသည်။ သူလိုငါလို ရုံးစာရေးမတစ်နေရာစာအတွက် ထိုစဉ်က သူမ စိတ်ဝင်စားမည်ဆိုလျှင် သိပ်မကြိုးစားရသော်လည်း ကျောင်းပြန်ဖွင့်သည့်အခါ စာပေးစာယူ ရိုးရိုးတန်းသို့ပြောင်းရမည်ဆိုသည်ကို သူမ အဖြစ်မခံနိုင်ပါ။

မာတုဗေဒ ဂုဏ်ထူးတန်းဆိုသည့် သေးသေးဖွဲ့ဖွဲ့ ဂုဏ်ပုဒ်ကလေးကို အဆမတန် အသုံးအရှုံးများဖြင့် ရင်းနှီးပေးဆပ် ရယူထားခဲ့ရသဖြင့် သူမ မမြတ်နိုးဘဲမနေနိုင်။ တန်ဖိုးမထားဘဲ မနေနိုင်။ လွယ်လွယ်ကူကူစွန့်မပစ်ရက်နိုင်ခဲ့ပါ။ ဒီတစ်ကြိမ်တော့ ကံကြမ္မာသည် ဝမ်းနည်းကြေကွဲ





မှုများဖြင့် သူမကို တိုက်ခိုက်ခဲ့ခြင်းမျိုး မဟုတ်ဘဲ၊ အလုပ်လုပ်မလား၊ အလုပ်ဝင်မလားဆိုသည့် မြူဆွယ်သံကလေးဖြင့် သူမ၏ အိပ်မပျော်သည့်ညများအတွင်းသို့ ဝင်လာခဲ့သည်။ အိမ်၏ ပြိုလဲယိုင်ကျနေသော စီးပွားရေးကို အထောက်အကူပြုရန် သူမအစ်မနှင့် အစ်ကို အလုပ်ရသွားသည်။ စတီးလ်ထမင်းချိုင့်ကလေးကိုင်ကာ လယ်သာစလင်းဘတ်(ခ်)ကလေးလွယ်ကာ သူမထံသို့ မကြာခဏ လာလာလည်တတ်သည့် သီတာတို့ မိစုတို့ကို အားကျသည့်စိတ် မကြာခဏဖြစ်မိသော်လည်း ကျောင်းထွက်ရမည်ဆိုသည့်အတွေးသည် သူမနှလုံးအိမ်ကို တွေးမိတိုင်း အားနှင့်ဖျစ်ညှစ်ထားသလို ခံစားရသည်။ ဒီလိုနှင့်ပင် ကျောင်းပိတ်ရက်ရှည်ထဲမှာ ငါးခြောက်ရောင်းသည်။ ဆန်ရောင်းသည်။ အလုပ်ဝင်မလုပ်ဘဲ ဘော်ကြော့ထိုင်စားနေသူဆိုသည့် အကြည့်နှင့် အပြောများမှ လွတ်ရုံထလုပ်ခဲ့သော်လည်း ဘယ်အရောင်းအဝယ်နှင့်မှ သူမအဆင်မပြေ။

ထိုကျောင်းပိတ်ရက်အတွင်းမှာ သူမ ဆရာမြသန်းတင့် ဘာသာပြန်သည့် မာဂရက်မစ်ချယ်၏ လေရူးသုန်သုန်ကို ဖတ်ရသည်။ သူမနှင့်တူသော သွက်သွက်လက်လက် ရဲရဲရင့်ရင့် ထင်တာကို စွတ်လုပ်တတ်သည့် စကားလက်အိုဟာရာကို သဘောကျသည်။ နူးညံ့သည့်ဖြူစင်သော နှလုံးသားနှင့် အမှန်တရားဘက်က ရပ်တည်ကာ စိတ်ဓာတ်ခိုင်မာသည့် မီလာနီကိုလည်း သူမသဘောကျသည်။ စကားလက်အိုဟာရာသည် ချစ်ရသည့် အက်ရှ်လေကြောင့်၊ အမေရိကန်ပြည်တွင်းစစ်ကြောင့် ဒုက္ခသုက္ခတွေကို ခါးစည်းခံခဲ့ရသည်။ စွမ်းအားရှိသလောက် တင်းဆန့်တွန်းလှန်ခဲ့သည်။ ဘာကိုမှ အရှုံးမပေးတတ်သည့် စကားလက်အိုဟာရာ၏ စိတ်ဓာတ်သည် စကားလုံးများအဖြစ် သူမအသိဉာဏ်ထဲကို နှံ့ဝင်လာတာ



www.burmeseclassic.com

www.burmeseclassic.com



သူမနှလုံးသားထဲမှာ ခိုင်ခိုင်မာမာကြီး ဝင်နေခဲ့သည်။

ကျောင်းတွေပြန်ဖွင့်တော့ ကျောင်းသူတစ်ယောက် ပြန်ဖြစ်သွားသဖြင့် အိမ်၏စီးပွားရေးဆိုတာ သူမနှင့် အနည်းငယ် ကင်းလွတ်သွားခဲ့သည်။ သို့သော် ဈေးကြီးလှသည့် စာအုပ်စာတမ်းတွေကိုဝယ်ဖို့ ငွေတောင်းတိုင်း အဖေမရှိဘဲ တစ်ယောက်တည်း မိသားစုတာဝန်ကို ထမ်းနေရသည့် အမေ့အဖြစ်ကိုကြည့်ကာ ပြောမထွက်ခဲ့။ မဖြစ်မနေ ငွေကြေးမှ လွဲ၍ အမေ့ထံမှ ဘယ်တော့မှ ငွေပိုမတောင်းဟု သူမ ဆုံးဖြတ်သည်။ အဝတ်အစားကိုချွေတာသည်။ အစားအသောက်ကို အရသာမခံ။ ပညာသင်ကြားရေးအတွက် ငွေဖြုန်းရလွန်းသော ကျူရှင်ဆိုတာကို သူမ ထည့်ပင် မစဉ်းစားခဲ့။ တက္ကသိုလ်မတက်ခင်က သူမ စွဲလမ်းတပ်မက်ခဲ့ဖူးသော ခုံတန်းပြာနှင့် သစ်ရိပ်ညို၊ အင်းလျားရေပြင်နှင့် ရေတမာပင်တန်းတို့သည် ဖတ်သီဖတ်သီဖြင့် ခပ်သုတ်သုတ်လျှောက်သွားချိန်မျိုးလောက်တွင်သာ သူမ ငေးမောခွင့်ရခဲ့သည်။

ထိုဂုဏ်ထူးတန်း ပထမနှစ်ကိုတော့ အနှောင့်အယှက်မဲ့စွာ သူမစိတ်တိုင်းကျ ဖြေဆိုနိုင်ခဲ့လေသည်။ သူမ ဂုဏ်ထူးတန်း ဒုတိယနှစ်အရောက်တွင် အိမ်၏စီးပွားရေးသည် မြောက်ပစ်လိုက်သော ခဲတစ်လုံး အရှိန်ဖြင့် ကျလာသလို ကျဆင်းလာသည်။ အဖေမရှိသည့်နောက် အမေ ရင်ဆိုင်လာရသည့် စီးပွားရေးသည် အခက်အခဲများစွာနှင့် ကြုံရသည်။ မကျွမ်းကျင်ခြင်း၊ လူလိမ်ခံရခြင်း၊ မိန်းမတစ်ယောက်၏အားနှင့် မမျှစွာ ပင်ပန်းဆင်းရဲမှုတို့ကို အမေကြုံခဲ့ရသည်ကို သူမ မျက်နှာငယ်ငယ်နှင့် ငေးမောရုံမှတစ်ပါး ဘာမှ ဝင်မကူနိုင်ခဲ့။ အသက်လေးဆယ့်ခုနစ်နှစ်သာရှိသေးသော်လည်း အမေသည် ဆံပင်တွေဖြူလာသည်။ ပိန်ချုံးကာ မျက်လုံးတွေ





မှိုင်းယဲ့ဝေသီနေကြသည်။

"ကျွန်မ ကျောင်းထွက်လိုက်တော့မယ်"

သူမ စကားဆုံးတော့ အမေ၏ဝေသီနေသော မျက်ဝန်းများက အရောင်လက်လက်ထလာသည်။ ပြီးတော့ အမေကပြုံးသည်။ သူမမြင်ဖူးသမျှအထဲတွင် အမေ၏အပြုံးသည် အားအပါဆုံး အဓိပ္ပာယ်အရှိဆုံး၊ ကြောက်စရာအကောင်းဆုံးပင် ဖြစ်လေသည်။

"မထူးတော့ဘူး သမီး၊ အမေ့ဘဝမှာ အောင်နိုင်ခြင်းဆိုလို့ သမီးရဲ့ ဘွဲ့တစ်ခုပဲရှိတယ်၊ သမီး ကျောင်းကိုသာ ပြီးအောင်တက်ပါတော့၊ အခုမှ ကျောင်းထွက်လိုက်ရတယ်ဆိုတော့ရော ဘာထူးလာမှာမို့လဲ၊ သမုဒ္ဒရာကြမ်းပြင်ဆိုတာ ထင်ထားတာထက်တော့ နက်တတ်တာချည်းပါပဲ၊ အခုဆို အမေလည်း ကျင့်သားရနေပါပြီ၊ အမေ့ထက် အမေ့သမီးတွေ ပညာတတ်တယ်ဆိုတာ အမေ အဆုံးအရှုံးမခံနိုင်တဲ့ ပီတိတစ်ခုပါပဲ"

ပြောမယ့်သာပြောရသည်။ အိမ်ထောင်ကျသွားသော အစ်မနှင့် အစ်ကိုမိသားစု၏ ဝန်၊ အကြောသေနေသည့် ညီမကလေး၏ဝန်၊ ဆယ်တန်းမအောင်သေးသည့် မောင်တစ်ယောက်နှင့် သူမ၏စာအုပ်စာတမ်းဖိုးများသည် အမေ၏ခန္ဓာကိုယ်ပေါ်မှာ စုပြုံတင်ထားရသော အလေးချိန်တွေလို ဖြစ်နေခဲ့သည်။ သို့သော် အမေသည် သူမရှေ့မှာ ဘယ်တော့မှ မညည်း။ ဒုက္ခတစ်ခုနှင့်တွေ့လျှင် အမေသည် ပို၍ ကြိုးစားလာသည်၊ ပို၍ ရယ်မော၍သာနေခဲ့သည်။

သူမဘဝ၏အပြောင်းအလဲများသည် သူမ၏စာမေးပွဲနှင့် အချိန်ကိုက်ထားသလို ဖြစ်နေခဲ့သည်။ သူမ ဒုတိယနှစ်မှာ ဒဂုံ



www.burmeseclassic.com

www.burmeseclassic.com



မြို့သစ်အိမ်သို့ ပြောင်းရသည်။ ဆောက်လက်စအိမ် မပြီးသေးခင် သူမ တို့မိသားစု ဖြစ်သလိုနေခဲ့ရသည်။ ယောကျ်ားသားမရှိသည့် မိန်းမတစ် ယောက်၏ ရုန်းကန်တိုက်ခိုက်မှုထဲတွင် သူမတို့အိမ်မပြီးသေးခင် အလိမ် ခံလိုက်ရသဖြင့် ကစဉ့်ကလျားဖြစ်ခဲ့ရသေးသည်။ ဆောက်လက်စအိမ် သည် ရာသီဥတုဒဏ်ကို လုံလုံခြုံခြုံ မကာကွယ်နိုင်သဖြင့် ဖျားနာခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်းတွေ ဝင်လာသည်။ သို့သော် သူမကတော့ ထူး ခြားစွာ သာမန်ဖျားနာခြင်းမျိုးမှအပ ဘာမျှ အနှောင့်အယှက်မရှိ။

ကျောင်းသည် သူမနှင့် ပို၍ဝေးသွားကာ ကျောင်းကိုရောက်ဖို့ ကားသုံးဆင့်စီးရသည်။ အမိုးမလုံ မီးမတပ်ဆင်ရသေးသောအိမ်ထဲတွင် ဖြစ်သလိုနေကာ စာကို ရသလိုကျက်ခဲ့ရသည်။ ပြန်ဖွင့်သည့်အချိန်တွင် ကျောင်းတက်ချိန်က ခြောက်လဖြစ်သွားသဖြင့် ယခင်ကလို စာတစ်ပုဒ် ကို အသေအချာနားလည်ခွင့်မရ။ သူမတို့ ဂုဏ်ထူးတန်းအတွက် Course များက လျော့ခြင်း မရှိသဖြင့် သူမမှာ စာကို မနိုင်မနင်း ကျက်ရဖတ်ရ သည်။ အခြားကျောင်းသားများလို ငွေကုန်လွန်းသော ကျူရှင်ဆိုတာ လည်း စိတ်ကူးထဲတွင် ထည့်ဖို့ အခွင့်အရေးမရှိ။

ထုံးစံအတိုင်းပင် စာမေးပွဲနီးသည့်အခါ သူမတို့အိမ်ကို သူခိုးက ဝင်သည်။ အဝတ်အစားသေတ္တာများအပြင် သူမစာအုပ်သေတ္တာကိုပါ ကိုရွှေသူခိုးတို့က မယူကာ သူမတို့အိမ်နှင့် မနီးမဝေးတွင် ဖွင့်ပြီး ဘာမှ သုံးမရသည့်အခါ ဒီအတိုင်း ထားပစ်ခဲ့ကြသည်။ နံနက်လေးနာရီလောက် မှာ ရွာသော မိုးထဲတွင် သူမကျောင်းစာအုပ်တွေ နူးအိကာ ပွထနေကြ သည်။

သူငယ်ချင်းတွေက မျက်ပြူးဆန်ပြာဖြစ်ကြသော်လည်း သူမအဖို့





တော့ ထိုအခက်အခဲသည် အပျင်းဖြေစရာ ထုံးစံတစ်ခုလိုသာဖြစ်ခဲ့သည်။ တချို့စာအုပ်တွေကို နေလှန်း မီးဖိုပေါ်ပြန်တင်ရသည်။ မရနိုင်သည့် စာအုပ်တွေကို မိတ္တူကူးရသည်။ ထိုအနှောင့်အယှက်သည်လည်း သူမကို စာမေးပွဲကျအောင် မစွမ်းဆောင်နိုင်ခဲ့ချေ။

ဂုဏ်ထူးတန်း တတိယနှစ်ရောက်ပြန်တော့လည်း First class ဝင်ရဖို့အတွက် သူမ ကြိုးစားရပြန်သည်။ ကြိုးစားမှုသည် သူမဘဝမှာ ဘယ်တော့မှ မကုန်နိုင်တော့ပြီလားဟု သူမ ထင်ရသည်။

စာကျက်နေသည့် ညတစ်ညမှာ သူမဦးခေါင်းတစ်ခုလုံး မခံ မရပ်နိုင်လောက်အောင် ထိုးဆောင့်ကိုက်တက်လာကာ သူ့ရှေ့က စာအုပ် မှာ ချာချာလည်ကာ သူမ သတိလက်လွတ် လဲပြိုကျသွားခဲ့သည်။ သူမ မျက်လုံးများ ပြူးအစ်ဖောင်းကားလာကာ ညာဘက်နားအုံမှစ၍ ပါးတစ် ခြမ်း ရောင်ကိုင်းတက်လာသည်။ မျက်ဝန်းများကို ဖွင့်လိုက်သည်နှင့် သူမမြင်ရသမျှ ချာချာလည်ကာ နားထင်တွေက ပေါက်ထွက်တော့ မတတ် တဒိန်းဒိန်း ကိုက်ခဲလာခဲ့သည်။

ဗိုလ်အောင်ကျော်လမ်းက ကြယ်ကိုးပွင့်အထူးကုဆေးခန်းကို ရောက်တော့ ဆရာမ ဒေါ်မြသန်းကြည်က အာရုံကြောရောဂါဟု သတ် မှတ်သည်။ အာရုံကြောများကို အနားပေးရမည်။ စဉ်းစားခြင်း၊ စာကျက် ခြင်း၊ လုံးဝမလုပ်ရဟုဆိုသည်။ သောက်ရသည့်ဆေးများက အာရုံကြော နှင့် ပတ်သက်သည့်ဆေးများဖြစ်သဖြင့် ဆေးသောက်ပြီးသည်နှင့် တစ် ပြိုင်နက် သူမအာရုံကြောတွေက လေးလံလာကာ ထိုင်းမှိုင်းသွားသည်။ ဆေးသောက်ပြီးလျှင် အိပ်ရသည့်ဆေးများဖြစ်သော်လည်း စာမေးပွဲဆို သည့်စိတ် First class ဝင်မှဖြစ်မယ်ဆိုသည့်စိတ်သည် သူမအသိဉာဏ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ တစ္ဆေတစ်ကောင်လို အော်မြည်နေကာ ဘယ်လိုမှ အိပ်၍မရ။ ထပြီး စာကိုကျက်တော့လည်း ဆေးအရှိန်ကြောင့် ဦးခေါင်းသည် မူးနောက်နေကာ ဘာစာကိုမှ ကျက်မရတော့။

ဆေးသောက်ပြီး စိတ်ကိုလျှော့ကာ အိပ်ဖို့ကြိုးစားသော်လည်း သူမစာမေးပွဲအပေါ် ထားသော စိတ်သည် သူမကိုယ်တိုင်ပင် ပြန်လည်မေ့ပျောက် စိတ်လျှော့ထား၍ မရတော့သည်ကို ကြောက်မက်ဖွယ်ရာ တွေ့သိခံစားလိုက်ရလေသည်။ နောက်ဆုံး သူ့ဆေးတွေကို ဖြတ်ပစ်လိုက်သည်။ နားထင်နှစ်ဖက်လုံး ပေါက်ထွက်မတတ် တဒိုင်းဒိုင်းထိုးဆောင့်နေသော ဦးခေါင်းသွေးကြောတွေကို လက်နှစ်ဖက်နှင့် အားကုန်ညှစ်ကိုင်ကာ၊ သုံးမိနစ်တစ်ကြိမ် ထိုးတက်လာသော ဦးခေါင်းအတွင်းမှ နာကျင်မှုကို အံကြိတ်ခံကာ သူမ စာကိုဖတ်ခဲ့သည်။ ဒီဒဏ်တွေကြောင့် ၃၆ ကားပေါ်မှာ ထိုးအန်ကာ သူမ မူးလဲကျသွားခဲ့သည်။ နံဘေးမှ စေတနာရှင်အမျိုးသမီးနှစ်ဦးကြောင့်သာ သူမ အိမ်ကို ပြန်ရောက်ခဲ့ရသည်။

ကြယ်ကိုးပွင့်ဆေးခန်းကို ဒုတိယအကြိမ်ရောက်တော့ ဆရာမက ကျောင်းတစ်နှစ်နားဖို့ အကြံပြုသည်ကို သူမ ခါးခါးသီးသီးငြင်းဆန်ကာ အတတ်နိုင်ဆုံး ခေါင်းကိုက်သည့်ဝေဒနာပျောက်ဖို့ ဆေးကိုသာ တောင်းရသည်။

"IBUPRVFEN နှင့် TORECAN တော့ရှိတယ်။ ဒါပေမယ့် ဆေးကသိပ်ပြင်းလွန်းတယ်၊ နောက်တစ်ခုက အဲဒီဆေးသောက်ပြီးသွားရင် သမီးရောဂါကိုကုဖို့က သိပ်ခက်သွားလိမ့်မယ်၊ အကောင်းဆုံးကတော့ စာမေးပွဲကို တစ်နှစ်နားပြီး သင့်တော်တဲ့ဆေးပျော့တွေနဲ့ပဲ ကုစေချင်တယ်"





"အဲဒီဆေးပဲ သမီးကိုပေးကြည့်ပါ၊ သမီး ကျောင်းကိုနားဖို့တော့ လုံးဝ မဖြစ်နိုင်လို့ပါ"

ဆရာမက သူမကို IBUPRVFEN နှင့် TORECAN ဆယ်လုံးစီ ပေးသည်။ သောက်သည့်အခါ သူမဦးခေါင်းသည် ကောင်းစွာကြည်လင်သွားကာ စာကျက်၍ ပြန်လည်ရလာသော်လည်း ထိုဆေးအာနိသင်ကုန်သွားချိန်တွင် ယခင်ကထက် နှစ်ဆပြင်းထန်စွာ ခေါင်းကိုက်လာခြင်းပင်ဖြစ်သည်။ ထိုဝေဒနာ ခံစားနေရချိန်တွင် သူမ၏ဦးခေါင်းကို အုတ်နံရံနှင့် ပြေးမဆောင့်မိရအောင် သူမ အကြီးအကျယ် ထိန်းသိမ်းခဲ့ရသည်။ သူမ၏အာရုံကြောများသည် ပူကျွမ်းလာကာ ဦးခေါင်းထဲရှိ သွေးကြောတွေ ပေါက်ထွက်ကုန်ပြီဟုပင် သူမ မကြာခဏထင်တတ်သည်။ ကားတစ်စီး၏ဘီးအောက်ကို သူမဦးခေါင်း ထိုးထည့်လိုက်မည်ဆိုလျှင်ပင် ခံစားရသောဝေဒနာသည် ခုဝေဒနာထက် သက်သာမည်ဟု သူမ ထင်သည်။

ဆရာမက ဆယ်လုံးသာပေးသော်လည်း သူမက လိုသလောက် ထပ်ဝယ်ကာ ထိုဆေးကို အမြဲဆောင်ထားရသည်။ အိပ်ရာမှနိုးကာစ နေမပြင်းခင်အထိ သူမဦးခေါင်းသည် ဘာမှ မသိသာသေးသော်လည်း ကိုးနာရီလောက်မှစ၍ တဒိုင်းဒိုင်းထိုးဆောင့်လာသည်။ သူမ ထိုဆေးကို စာသင်ခန်းဝင်ချိန် ဆယ့်နှစ်နာရီတွင် တစ်လုံး၊ ညဘက် စာကြည့်ချိန်တွင်တစ်လုံးသာ သောက်ခဲ့ရသည်။ ကျန်သည့်အချိန်များတွင် ဝေဒနာကို အံကြိတ်ခံရသည်။

ထိုဆေးကြောင့်လား၊ ဒေနာကြောင့်လား မသိ၊ သူမဦးခေါင်းသည် အမြဲ အပူငွေ့တရှိန်းရှိန်း ထွက်နေတတ်ကာ ဆံပင်တွေအထွေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကျွတ်သဖြင့် သူမဦးရည်မှာ မြင်နေရသည်။ နောက်တစ်ခုက သူမ၏ မာကြောလှသောစိတ်သည် အခုတော့ ဘာကိုမဆို စိတ်လှုပ်ရှားလွယ်လာတတ်သည်။ ကြောက်တတ်လန့်တတ် အားငယ်တတ်လာသည်။ အဆိုးဝါးဆုံးအချက်မှာ သူမကျက်ထားခဲ့သော စာများကို ဘယ်လိုမှ အစဖော်၍မရတော့လောက်အောင် မေ့တတ်ခြင်းပင်ဖြစ်လေသည်။

ထိတ်ခနဲ စိတ်လှုပ်ရှားသွားပြီဆိုလျှင် သူမလက်ဖဝါးနှင့် ဦးခေါင်းမှာ ချွေးတွေ ချက်ချင်းရွှဲနစ်လာကာ အသိဉာဏ်သည် ဘာကိုမှ စဉ်းစားမရတော့။ ဘာကိုမှ အစဖော်မရတော့။ ထိုအဖြစ်ဆိုးကြောင့် သူမကိုယ်သူမ ဒေါသဖြစ်ရလေလေ သူမအသိဉာဏ်တွေက ဗလာကျင်းသွားလေလေ ဖြစ်သည်။

ထိုဒုက္ခများနှင့် စာမေးပွဲကို IBUPRVFEN နှင့် TORECAN ဆေးတွေကို ပဲကြီးလှော်စားသလိုစားရင် သူမ တတိယနှစ် ဂုဏ်ထူးတန်းကိုဖြေခဲ့ရသည်။ ဘာတစ်ခုမှ ကောင်းကောင်းမဖြေနိုင်ခဲ့။ အောင်စာရင်းထွက်လာတော့ သူမ တတိယအဆင့်ဖြင့်သာပါခဲ့သည်။ မငိုဘူး ငါ မငိုဘူးဟု အားတင်းထားသည့်စိတ်ကို နောက်ဆုံး လျှော့ချလိုက်ချိန်တွင် သူမ ငေးကြည့်နေသော အောင်စာရင်းစာရွက်က ဝေဝါးလာလေသည်။ ထိုမျက်ရည်သည် ပညာရေးနှင့်ကျခဲ့ရသော သူမ၏ ဒုတိယမျက်ရည်သာလျှင် ဖြစ်လေသည်။

သူမ Q2 ကို ပြန်တက်ရသည်။ အာရုံကြောဝေဒနာကို ကုရင်းဆေးစားရင်း၊ စာကျက်ရင်း၊ ခေါင်းကိုက်ရင်းနှင့်ပင် Q2 ကို သူမ အလွယ်တကူ အောင်မြင်ခဲ့သော်လည်း ထိုအောင်မြင်မှုသည် အခုအချိန်မှာတော့ သူမကိုယ်သူမ လှောင်ပြောင်စရာတစ်ခုလိုပင် ဖြစ်နေခဲ့လေ





သည်။

Q2 ပြီးသွားသည့်နောက် F1 နှင့် F2 အစား သူမရင်ထဲသို့ ခုန်ကျော်ရောက်လာသောအရာမှာ အလုပ်တစ်ခုရရှိရေးပင် ဖြစ်လေသည်။ အမေ့ကိုလည်း ဆက်ဒုက္ခမပေးချင်တော့။ သူမ စိတ်ကူးယဉ်ခဲ့ဖူးသော ဓာတုဗေဒပညာရှင်တစ်ယောက်လည်း မဖြစ်ချင်တော့။ သူမနှင့်ထိုက်တန်သော အလုပ်တစ်ခုရလျှင် တော်ပါပြီဟုသာ သူမစိတ်ကို လျှော့ကာ အလုပ်ရှာခြင်းအလုပ်ကို စတင်ခဲ့သည်။

BURMESE CLASSIC

အချိန်ပိုင်း ဆရာမအတွက် လျှောက်လွှာတင်ခဲ့သော်လည်း First class နှင့် Second class တွေက ဦးစားပေးဆိုသဖြင့် သူမအတွက် မျှော်လင့်ချက်က မရှိသလောက်ပင်ဖြစ်ခဲ့ရသည်။ PSC စာမေးပွဲတွေ ဝင်ဖြေတော့လည်း ရေးဖြေ သုံးကြိမ်အောင်ဖူးကာ လူတွေ့အပြီးတွင် သူမ ဘယ်လိုမှ မရနိုင်ဆိုတာကို သိခဲ့ရသည်။ ထိုအလုပ်ရှာခြင်းအလုပ်ကို ရပ်ရသည့် အချိန်များသည် သူမဘဝမှာ ဘယ်တော့မှ မေ့ပျောက်လို့ ရနိုင်တော့မည်မဟုတ်သော ဝမ်းနည်းကြေကွဲမှုများကိုသာ ပေးခဲ့သည်။

သူမဆုံးရှုံးမှုများစွာ အခက်အခဲများစွာဖြင့် ရင်းနှီးရယူခဲ့ရသော သူမပညာရေးသည် စောင်စက်ရုံတစ်ရုံမှ အောက်တန်းစာရေးရာထူးအတွက်ပင် အသုံးမဝင်ဟု သေချာစွာ သိလိုက်ရသည့်နေ့က သူမသည် ဒေါသပေါင်းများစွာ နာကျင်မှုပေါင်းများစွာဖြင့် သူမ၏ အဓိကရန်သူဆိုတာ ဘယ်သူလဲဟု သွေးရူးသွေးတန်း စဉ်းစားမိခဲ့သည်။ နောက်ဆုံးတော့ သူမ၏အဓိကရန်သူသည် ပညာတတ်ချင်လွန်းသော သူမကိုယ်တိုင်ပင် ဖြစ်၍နေသည်ကို တွေ့ရလေသည်။

သူမသူငယ်ချင်း မိစုတို့ သီတာတို့ အလုပ်ဝင်ချိန်က ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆက်တက်ဖို့ကိုသာ ဆုံးဖြတ်ခဲ့သော သူမ၏ဆုံးဖြတ်ချက်၊ အဖနှင့် ညီမလေးဆုံးရှုံးရသည့် ဝမ်းနည်းမှုနှင့် လွယ်အိတ်ပျောက်ခဲ့သည့် သောကဒုက္ခကြားမှ ဂုဏ်ထူးတန်းဝင်အောင် ကြိုးစားခဲ့သည့် သူမ၏ ကြိုးစားအားထုတ်မှု၊ အာရုံကြောရောဂါ IBUPRVFEN ဆေးပြားများ၊ တတိယနှစ်ဂုဏ်ထူးတန်း၊ ပညာတတ်တစ်ယောက်၏ ဖျစ်ဖျစ်မြည်မာန၊ စာပေးစာယူတက်ပြီး JAT သင်တန်းတက်နေရသည့် သူမသူငယ်ချင်းတစ်ယောက်၏ မဟာသိပ္ပံတွေ ဘာတွေဆိုတာ အလကားပါဟာဆိုသည့် စကား၊ PSC အင်တာဗျူး၊ ကွန်ပျူတာတတ်သလား ရုပ်ရည်ချောသလားဆိုသည့် ကုမ္ပဏီတစ်ခု၏ ကမ်းလှမ်းစကားအားလုံးသည် သူမကို အကြိမ်ကြိမ်မြှောက်ချီ အကြိမ်ကြိမ်ပစ်ချ နင်းချေကာ ထားခဲ့လေသည်။

အခုတော့ ကျောင်းပြီးကာစ အလုပ် ဘယ်မှာမှမရနိုင်သေးသည့် သူမသည် မိသားစုအတွက် သူမ၏အသိတရားက ပေးအပ်ထားသော ထမင်းချက်၊ အဝတ်လျှော်၊ တံမြက်စည်းလှဲ၊ ကလေးထိန်းအလုပ်သာ ရှိလေသည်။ သူမ မက်မောမြတ်နိုးစွာ ခက်ခက်ခဲခဲ သင်ယူခဲ့ရသည့် ဓာတုဗေဒပညာသည် သူမ၏လက်ရေးစာအုပ်ထဲတွင် တစ်စတစ်စ ဝါကျင့်လာသလို သူမအသိဉာဏ်ထဲမှာလည်း တဖြည်းဖြည်း မှုန်ဝါး၍လာနေသည်။

ငါဟာ အလုပ်တစ်ခုရသည့်တိုင်အောင်တောင်မှ ငါတတ်သည့် ပညာကို အသုံးချခွင့်မရတော့ဘူးဆိုသည့် အတွေးသည် သတိရမိတိုင်း ကြေကွဲဝမ်းနည်းမှုကိုသာ ပေးလေသည်။ အသိတစ်ယောက်က ဝိုင်းသင်ဖို့ ဆက်သွယ်ပေးပြန်တော့လည်း မလေးမစားရှိလွန်းသည့် တပည့်များနှင့် ခပ်တင်းတင်းမျက်နှာပေးနှင့် ငွေပေးလျှင်ရသည်ဆိုသည့် မိဘများ





ကြောင့် သူမ ဆက်မသင်ဖြစ်တော့။

ကျောင်းတက်စဉ်ကာလများကလည်း ကျောင်းစာကိုသာ လုံးပန်းခဲ့ရသဖြင့် ကျောင်း၏အရသာကို မခံစားခဲ့ရ။ ကျောင်းပြီးသွားသည့် အခါကျပြန်တော့လည်း အခြားလူတွေလို ငွေကြေးမပြည့်စုံသဖြင့် ပညာ၏အရသာကို သူမ မခံစားခဲ့ရချေ။ သေသေချာချာ တွေးမိလေ သူမကိုယ်သူမ သနားမိလေသာ ဖြစ်နေခဲ့သည်။

သူငယ်ချင်းနှင့် အသိများကိုတွေ့ရတိုင်း ဘာလုပ်နေသလဲ ဆိုသည့် မေးခွန်းအတွက် သူမမှာ အဖြေမရှိခဲ့။ တစ်ယောက်တည်းရှိသည့် အခါတိုင်း ငါ ဘာလုပ်ရမလဲဆိုသည့် မေးခွန်းအတွက် သူမမှာ အဖြေမရှိခဲ့။ ကျောင်းပြီးသွားတယ်ဆိုတာ ကျောင်းသားတစ်ယောက်ရဲ့ ဘဝပြီးဆုံးသွားတာလားဆိုသည့် မေးခွန်းအတွက်လည်း သူမမှာ အဖြေမရှိခဲ့။

အခုတော့ သူမဘဝသည် မနက်ထမင်းအိုးနှင့် ညထမင်းအိုးကြားထဲတွင် ပိတ်မိနေခဲ့သည်။ ကလေးငိုသံ၊ လျှော်စရာအဝတ်နှင့် ဈေးသွားခြင်းသာ အပျင်းဖြေစရာရှိတော့သည်။ ပညာမတတ်သူ၏ ဝန်ထမ်းဆိုသော အဖေ မကြာခဏပြောခဲ့ဖူးသည့်စကားကို သူမငယ်စဉ်က ကြောက်လန့်ခဲ့ရဖူးသည်။ အခုတော့ ပညာတတ်တာတောင်မှ သူ၏ဝန်ထမ်းဖြစ်ဖို့ မလွယ်ပါလားဟု အပျော်တွေး တွေးနေမိတတ်သည်။

ထိုစဉ် ပုခက်ထဲမှ လုံးလုံးက စူးစူးဝါးဝါးငိုသဖြင့် အတွေးကို ရပ်ကာ ကလေးကို ကမန်းကတန်းချီကာ ချော့ရသည်။ သူမလှမ်းကြည့်လိုက်တော့ ကတ္တရာလမ်းတွင် နေရောင်တောက်တောက်မရှိတော့။ သူမထံသို့ တိုးဝှေ့လာသော လေပြည်သည် လေပူမဟုတ်တော့ အေးမြနေသည်။ အပြင်ထွက်ကြည့်တော့ ကောင်းကင်တွင် မိုးသားတိုက်ကိုတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



၏။ ဘယ့်နှယ် ဆောင်းနေ့လယ်ခင်းကြီးမှာ မိုးသားတွေ ဆင်နေပါလိမ့်ဟု တွေးနေတုန်း မိုးစက်တွေက ကျလာသဖြင့် လုံးလုံးကလေးကို အမေကြီး ထံပေးကာ သူမလျှော်လှမ်းထားသော အဝတ်တွေကို ပြေးလွှားရုတ်ရ၏။ မိုးစက်ဦးများသည် နေပြင်းပြင်းကြောင့် ပူကျွမ်းကာ အသာတငမ်းငမ်း ဖြစ်နေသော မြေကြီးပေါ်သို့ ထိရိုက်ကျလာကာ ချက်ချင်း ကွယ်ပျောက် သွားကြလေသည်။

ငါးမိနစ်လောက်သာ ရွာပြီးတော့ မိုးကတိတ်သွားသည်။ မြေကြီး ကို စိုစွတ်ရုံတင်ကလေး သစ်ရွက်များသည် ဖုန်မှုန့်နှင့် မိုးရေစက် ရော ယှက်သွားသည့်အတွက် ပိုမိုလေးလံကာ ငိုက်ကျနေကြသည်။ ကားလမ်း အစပ်နှင့် သူမအိမ်အရှေ့မှ မြက်ပင်အခြောက်များလည်း စိုစွတ်ရုံမျှ သာ ဖြစ်သည်။

ထိုမိုးစွတ်ရုံသာရှိသဖြင့် ရက္ခဝေဒနှင့် ကျောင်းပြီးခဲ့သည့် သူမ သူငယ်ချင်း ရဲဝင်းပြောသလို မြက်ပင်တွေ စိမ်းစိမ်းထမလာနိုင်သည့် တိုင် ခြောက်သွေ့နေသော အမြစ်တွေအတွက် စိုစွတ်ရုံတော့ ရမည် ထင်ပါသည်။ ’

သူမ၏ဘဝ အခက်အလက်အတော်များများ သွေ့ခြောက်ကာ နည်းပါးလွန်းသော သူမ၏မျှော်လင့်ချက်ကလေးပါ သွေ့ခြောက် သွေ့ ခြောက်လာနေသည့် သူမအတွက် စွတ်စိုရုံ စွတ်စိုနိုင်မည့် မိုးရည်စက် တစ်စက်နှစ်စက်သည် ကောင်းကင်နှင့် ဝေးလွန်းသောနေရာတွင် ဖွဲ့စည်း တည်ရှိနေပြီလားဟု သူမ တွေးနေမိသည်။

■





# ကျွန်တော် နှင့် လားရှိုး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြင်ဦးလွင်ကို ကိုးကြိမ်မြောက် ခရီးထွက်ဖြစ်ပါသည်။ ထိုခရီးမှာ ထူးခြားသည့်ဖြစ်ရပ်ပါ။ ကျွန်တော်ရော၊ ကျွန်တော့်ဇနီး လေဒီချပ်ပြားရော ကျွန်တော့်တစ်ဦးတည်းသောသား တော်ကီမင်းပါ အကုန်ပါခြင်းဖြစ်သည်။ ခရီးက အပျော်ခရီးမဟုတ်၊ အလုပ်ခရီးဖြစ်သည်။ ဒါပေမယ့် ကျွန်တော့်မိသားစုကို ကျွန်တော် အပျော်ခရီးလို သဘောထားပြီး ခေါ်လာခဲ့ပါသည်။

နာမည်ကြီးမင်းသားတစ်ယောက်နှင့် တက်သစ်စ ဒါရိုက်တာတစ်ယောက် ပထမဦးဆုံး ရုပ်ရှင်ဇာတ်ကားကြီးရိုက်ရန်အတွက် နာမည်ကြီးမင်းသားနှင့် ပြင်ဦးလွင်တွင် လာရောက်ညှိနှိုင်းရခြင်းဖြစ်ပါသည်။

ဒါရိုက်တာအသစ်က ကျွန်တော့်ကို ခရီးစရိတ်အဖြစ် ငွေတစ်





သိန်းပေးပါသည်။ သို့သော် ကျွန်တော် ပြင်ဦးလွင်တွင် ဖျား၏။ လဲ၏။ ဖဲလည်းရှုံး၏။ သို့သော် ညှိနှိုင်းမှုမှာ အဆင်ပြေပါသည်။

ကျွန်တော် ရန်ကုန်ပြန်ဖို့ စဉ်းစားပါသည်။ သို့ပေမယ့် ကျွန်တော် မပြန်ချင်။ ဘာလုပ်မလဲစဉ်းစားသည်။ လက်ထဲမှာ ငွေ သိပ်မရှိတော့။ ကျွန်တော့်ဇနီး လေဒီချပ်ပြားကလည်း ကျွန်တော့်ကို သူထင်ထားသလို ဖြစ်မလာပါလားဆိုသောအကြည့်နှင့် ကြည့်သည်။ ထိုအတွက် ကျွန်တော် ဝမ်းနည်းသည်။ ထို့ကြောင့် အိမ်နှင့် အဝေးရောက်နေသော ဇနီးကို ကျွန်တော် အော်ဟစ်ဆူပူခြင်းမရှိပါ။

ကျွန်တော် နေမကောင်း၍ ဆရာဝန်နှင့် ခေါ်ရသောနေ့တွင် ကျွန်တော်သည် ဆေးထိုးအပ်ကိုမကြောက်ဘဲ ကျွန်တော့်ဇနီး လေဒီချပ်ပြား၏ မျက်လုံးကျဉ်းကျဉ်းကလေးကို ကြောက်ပါသည်။

ကျွန်တော် မှားကောင်းမှားမည်။ အချစ်ကတော့ တစ်ခုပဲရှိပါသည်။

ကျွန်တော် ထိုနာမည်ကြီးမင်းသားနှင့် ဆုံးဖြတ်ချက်ရပြီး ကျွန်တော့်ဇနီး လေဒီချပ်ပြားကို ည(၂)နာရီကျမှ ဖွင့်ပြီးပြောသည်။

"တို့ မနက်ဖြန် လားရှိုးကိုသွားရမယ်"

"ပိုက်ဆံလည်းမရှိ။ ကျန်းမာရေးလည်း မကောင်းဘဲနဲ့၊ လားရှိုးနဲ့ ဒီ ဘယ်လောက်ဝေးလဲ"

"နှစ်နာရီလောက်ပဲ ဝေးတယ်၊ လားရှိုးမှာ ကိုယ့်ဦးလေး ကိုချစ်ဦးဆိုတာ ရှိတယ်၊ နန့်ခမ်းမန့်ဂိတ်က ဂိတ်မှူး၊ မနက်ကျရင် သူ့ဆီဖုန်းဆက်ပြီး ကားတစ်စီးမှာလိုက်မယ်"

"ဟင့်... လားရှိုးက ဒီကို လာရမယ်ဆိုတော့ အကြာကြီး စောင့်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်ပေါ့. . . "

"မစောင့်ရဘူးကွ၊ မန္တလေးမှာ လားရှိုးကိုသွားတဲ့ ကားဂိတ်တွေ ရှိတယ်၊ သူတို့ ဝင်ပြီးခေါ်လိမ့်မယ်"

"ဒါဆို ဒီဟိုတယ်ကပဲစောင့်ရမှာပေါ့"

"အေး"

နောက်တစ်နေ့မနက် (၆)နာရီခွဲခန့်တွင် ကျွန်တော်ဖုန်းလာသည်ဟုဆိုသဖြင့် အိပ်ကလည်း အိပ်ချင်၊ ချမ်းကလည်းချမ်းနှင့် ဖုန်းသွားကိုင်ရသည်။

"ရဲဝင်း. . . ရဲဝင်းလား. . . အေး. . . ငါ ချစ်ဦးပါကွ"

"ဟုတ်ပါတယ် ကိုချစ်ဦး၊ လားရှိုးလာဖို့ အဆင်ပြေလား"

"အေး. . . ၇-နာရီလောက် ကားလာလိမ့်မယ်၊ မင်းရယ် မင်းဇနီးရယ်၊ ကလေးရယ် ဒါပဲမဟုတ်လား"

"ဟုတ်ပါတယ် ကိုချစ်ဦး"

"အေး. . . ဒါဆို မင်းတို့ ဆက်ဆက်စောင့်နေ၊ (၇)နာရီဆို လာလိမ့်မယ်"

ကျွန်တော်လည်း အခန်းသို့ပြန်ကာ ကျွန်တော့်ဇနီး လေဒီချပ်ပြားကို အကျိုးအကြောင်းပြောပြီး သိမ်းစရာရှိသည့်ပစ္စည်းများကို သိမ်းသည်။ နှုတ်ဆက်ရမည့်သူများကို နှုတ်ဆက်သည်။ April Inn မှ ကိုမြတ်ဦးနှင့် ဇနီး မစံပယ်တို့က မနက်စာ စားသွားပါဦးဆိုသဖြင့် ကျွန်တော်တို့ မနက်စာစားရင်း လာကြိုမည့်ကားကို မျှော်ကြသည်။

အချိန်ကလည်း (၇)နာရီခွဲဖြစ်ပြီ။ ကားကလည်း ယခုအထိ မလာသေး။ ကျွန်တော့်အထုပ်အပိုးများကို အပြင်မှာချထားသဖြင့် နှုတ်





မဆက်ရသေးသောသူများက ကျွန်တော့်ကို လာရောက်နှုတ်ဆက်ကြသည်။ ကျွန်တော်က လားရှိုးဟုပြောသည်။ ကားဆိုတာ ဒီလိုပဲဖြစ်တတ်မှန်းသိ၍ ကျွန်တော် အေးအေးဆေးဆေးပဲ သူတို့နှင့် ရယ်ကာမောကာ စကားပြောနေလိုက်သည်။

(၈)နာရီထိုးသည့်အချိန်တွင် . . .

"မောင့်ကားက လာရော လာကြိုမှာလား"

"လာမှာပေါ့ကွ၊ ငါ သေချာ ဖုန်းဆက်မှာထားတာပဲ"

"(၇)နာရီပြောပြီးတော့ (၈)နာရီထိုးနေပြီ၊ အခုထက်ထိ မလာသေးဘူး"

"ခရီးသွားတယ်ဆိုတာ ဒီလိုပါပဲကွာ၊ ဟိုဟာတင် ဒီဟာထည့်နဲ့၊ မန္တလေးနဲ့ ဒီကိုလာရတာ အချိန်နည်းနည်းတော့ ကြာမှာပေါ့"

ထိုအချိန်တွင် April Inn မှ စားပွဲထိုးကလေးက ကျွန်တော်ကို နှုတ်ဆက်ရင်း လာမေးသည်။

"ဟာ. . . ကိုရဲတို့ လားရှိုးတက်ကြမလို့ဆို ကားရပြီးပြီလား"

"အေး. . . မှာထားတာ အခုထက်ထိ မရသေးဘူး"

"ဟာ. . . ဒါဆို ကျွန်တော် ဖုန်းဆက်ပေးမယ်"

သူက ဖုန်းသွားကိုင်ပြီ။ ကျွန်တော်က ခပ်အေးအေးပင် နေလိုက်သည်။ ခဏကြာတော့ သူက ကျွန်တော့်ကို အရေးတကြီးခေါ်၏။

"ကိုရဲ. . . ကိုရဲ. . . ဒီမှာ ဖုန်းရပြီ၊ ကိုရဲဘာသာ ကိုရဲ ပြောပေတော့. . . "

"ကျွန်တော် လားရှိုးကို သွားချင်လို့ပါ"

"လားရှိုး ဘယ်ကိုလဲခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"နန့်ခမ်းမန့်ဂိတ်ကိုပါ"

"လူဘယ်နှစ်ယောက်လဲခင်ဗျ"

"ကျွန်တော်ရယ်၊ ကျွန်တော့်ဇနီးရယ်၊ ကျွန်တော့်သားရယ်"

"ဪ. . . သိပါပြီခင်ဗျ၊ အခုပဲ April Inn ကို ကားကြို လွှတ်လိုက်ပါ့မယ်၊ (၁၀)မိနစ်မကြာပါဘူး၊ အားလုံး ပြင်ဆင်ထားပါခင်ဗျာ"

ကျွန်တော်နှင့် ကျွန်တော့်ဇနီးမှာ အထုပ်အပိုးများကိုသယ်၍ အပြင်သို့ ထွက်ကြ၏။ မကြာမီ ကားတစ်စီးဝင်လာ၍ ကျွန်တော်တို့က ကျွန်တော်တို့မှာထားသည့်ကားဟု ထင်ကာ သွားမေးသော်လည်း ဇာတ်ပို့ဇာတ်ရုံများပြန်ရန် မန္တလေးသို့ဆင်းမည့်ကားဟု ပြောသည်။

ခရီးသစ်သို့သွားချင်သော ကျွန်တော် မချင့်မရဲဖြစ်၍ ကျန်ခဲ့ရသည်။ (၈)နာရီလည်း (၁၅)မိနစ်လောက်ကျော်ပါပြီ။ ကျွန်တော့်ကားမှာ ယခုထက်ထိ မလာ။ ကျွန်တော့်ဇနီး လေဒီချပ်ပြားကလည်း မယုံကြည်သည့်မျက်ဝန်းများနှင့် ကျွန်တော့်ကို ခဏခဏကြည့်သည်။ ရပ်ရှင်ရိုက်ကွင်းကားကလည်း ထွက်ခါနီး လူစုတန်းမို့ လူအယောက်(၅၀)လောက် ဟိုဝင်ဒီထွက်နှင့် ရှိကြသည်။ အချို့ သိသူများက နှုတ်ဆက်ကြ၍ မသိသူများက အေးအေးလူလူရှိသည်။

ထိုအချိန်တွင် ကားတစ်စီးဝင်လာသည်။ ကားဒရိုင်ဘာက. . .

"လားရှိုးကိုသွားဖို့ ဒီဟိုတယ်မှာ မှာထားတဲ့လူ ရှိလား"

ကျွန်တော်တည်းသည့်ဟိုတယ်မှ ခုနက ဖုန်းဆက်ပေးသူ စားပွဲထိုးက ပြေးထွက်လာပြီး . . .

"ကိုရဲ ကားလာပြီ. . . ကားလာပြီ"

ပြောသဖြင့် သွားရာ . . .





"လားရှိုးထိသွားမှာမဟုတ်လား"

"ဟုတ်ပါတယ်"

"စောင့်နေတာ ကြာပြီလား"

ကျွန်တော်တို့ အထုပ်အပိုးများကို ဟိုတယ်ဝန်ထမ်းများက ကားပေါ်ထိုးတင်ပေးသည်။ ကျွန်တော်လည်း လားရှိုးသို့သွားမည်ဟု စိတ်အာရုံပြုလျက် အားလုံးကို နှုတ်ဆက်သည်။ ကားပေါ်တွင် ကိုယ့်မရောက်ဖူးသော ဒေသတစ်ခုသို့ ရောက်ရတော့မည်ဟူသော စိတ်ဇောနှင့် အေးအေးဆေးဆေး လိုက်လာခဲ့သည်။

ကျွန်တော်သည် ပြင်ဦးလွင်ကို နှုတ်ဆက်သည်။ ထွက်လာခဲ့သော လားရှိုးမြို့ကို အနမ်းပေးသည်။

ဒါပေမယ့် ကျွန်တော် လားရှိုးမြို့ကိုမရောက်မီ ပြင်ဦးလွင်မှ ကားဂိတ်တစ်ခုသို့ ရောက်သွားသည်။ လာခေါ်သောကားမှာ ဂိတ်မှကြိုသည့်ကားဖြစ်၍ တစ်ထောင်ပေးရမည်ဟုဆိုသည်။ ကျွန်တော်တို့ လားရှိုးသို့သွားရန် စီးလုံးငှားကားအတွက်မှာ သုံးသောင်းကျသည်ဟု ဆိုပါသည်။

ကျွန်တော် ဘာမှမပြောတော့ဘဲ ပိုက်ဆံကို အတိအကျပေးချေလိုက်သည်။ သူတို့ကားဂိတ်တစ်ခုလုံး ပိုက်ဆံတစ်ထောင်တန်များကို သမင်ကို မြေခွေးကိုက်သလို အလုအယက် ဝေပုံချနေကြသည်။ ကျွန်တော့်ဇနီးက မကျေနပ်သောမျက်နှာဖြင့် ကျွန်တော့်ကိုကြည့်ရင်း . . .

"တစ်ခုခုတော့မှားနေပြီ ထင်တယ်နော်၊ ကိုချစ်ဦးဆီ ဖုန်းဆက်ကြည့်ပါလား"

"လားရှိုးရောက်ရင် ပြီးတာပါပဲကွာ၊ အေးအေးဆေးဆေးသာ



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာ ဝင်နားတော့"

(၄၅)မိနစ်လောက်ကြာတော့ မြင်ကွင်းတွေက ပြောင်းသွားသည်။ တောင်အနိမ့်အမြင့်ကြီးများကို ကျွန်တော်တို့ ဆင်းရသည်။ ကျွန်တော်သည် အဆင်မပြေသည့်ကိစ္စများကို မေ့ပြီး ခရီးသစ်မှာ သာယာနေမိသည်။

ကျောက်မဲမြို့မှာ မြေကြီးတွေက နီသည်။ တောင်တန်းတွေပေါ်မှာ စိုက်ထားသော စိုက်ခင်းတွေက စိမ်းသည်။ ကျွန်တော်သာ ဗင်းဆင့်ဗန်ဂိုးဆိုလျှင် ကားရပ်ပြီး ပန်းချီတစ်ကားလောက်တော့ ရေးချင်ပါသည်။

ကျောက်မဲကျော်တော့ စားသောက်ဆိုင်တွင် ကျွန်တော်တို့ကား ရပ်သည်။ စားသောက်ဆိုင်နာမည်က မော်ဝ်ဟုခေါ်သည်။ ကျွန်တော့်ဇနီးက ကားမူး၍ ဘာမှမစား။ ကျွန်တော်က မုန့်ညင်းကြော်နှင့် ထမင်းအနည်းငယ်သာ စားသည်။

"ခင်ဗျား ပြင်ဦးလွင်ကနေ လားရှိုးကိုသွားဖို့ နန့်ခမ်းမန့်ဂိတ်က လက်မှတ်ဖြတ်ထားတဲ့သူ မဟုတ်လား..."

ကျွန်တော် တော်တော်အူကြောင်ကြောင်ဖြစ်သွားသည်။ ကျွန်တော်လည်း သူ့ကိုမသိ။ သူက ရိုးရိုးသားသား ဒေါသထွက်သောမျက်နှာဖြင့် ကျွန်တော့်ကို ကြည့်သည်။

"နန့်ခမ်းမန့်ဂိတ်က ကိုချစ်ဦးမှာထားတဲ့ လူလေဗျာ၊ ကျွန်တော် April Inn ကိုဝင်ကြိုတော့ ခင်ဗျားတို့ ထွက်သွားပြီတဲ့၊ ခင်ဗျား ဘယ်လိုလုပ်သွားတာလဲ"

"ကျွန်တော်လည်း မသိဘူးဗျာ၊ လာကြိုတဲ့ကားကို ခင်ဗျားတို့





ကားပဲထင်လို့ စီးခဲ့တာပါ"

သူက ကျွန်တော့်မျက်နှာကို တစ်ချက်ကြည့်ပြီး ရိုးရိုးသားသား ပြောမှန်းသိ၍ တောက်တစ်ချက်ခေါက်ကာ ...

"ဒီကောင်တွေ အချင်းချင်းလုပ်ရက်တယ်" ဟု ပြောကာ ထွက်သွားသည်။

ကျွန်တော်တို့ ခရီးဆက်သွားကြတော့ ကားပေါ်မှာ ခပ်တည်တည်နေသော ကားဆရာက အနည်းငယ် လိုက်လိုက်လျောလျော ဖြစ်လာသည်။ နေ့စဉ် သွားနေကျခရီးဖြစ်သည့်အတွက် သူက Guide လုပ်သွား၏။ ဂုတ်တွင်းရောက်တော့ ပေ (၂၀၀၀) ကျော်ဆင်းရပြီး အကွေ့အကောက်များနှင့် ပေ (၂၀၀၀) ကျော် ပြန်တက်သည့်အတွက် ကျွန်တော့်ဇနီး လေဒီချပ်ပြားမှာ အန်လေသည်။ သူ့အမေအန်သည်ကိုကြည့်ပြီး ကျွန်တော့်သား တော်ကီမင်းကလည်း လိုက်၍ အန်လေသည်။

ဂုတ်တွင်းမှတက်ပြီး တောင်ပေါ်ရောက်တော့ တောင်ပေါ်လေကလေးနှင့် ကျွန်တော့်ဇနီး နည်းနည်းသက်သာသွား၏။ ဒါပေမဲ့ စကားပြောဖော်မရဘဲ မှိန်းကာနေ၏။

လားရှိုးမြို့ကိုဝင်တော့ မိုးက ဖွဲဖွဲကျသည်။ နန့်ခမ်းမန့်ဂိတ်ကို ရောက်တော့ မိုးတိတ်သွားသည်။ ကျွန်တော့်ဦးလေးက ကျွန်တော့်ကို တအံ့တသြကြည့်ကာနေသည်။

"ဟေ့ကောင် ရဲဝင်း...မင်း ဘယ်လိုဖြစ်လာတာလဲ"

"ရောက်လာပြီလေ ဦးလေးရာ၊ ဟောဒီမှာ ကျွန်တော့်သား တော်ကီမင်း..."

"ဟိတ်ကောင်...မင်း ငါလွှတ်တဲ့ကား၊ မလာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်မဲအကျော်ကဆိုင်မှာတော့ ကျွန်တော့်ကို လာပြီးတော့ ရန်တွေ့တယ်ဗျ၊ ဒါပေမဲ့ ဒီကားကို ကိုချစ်ဦး လွှတ်တဲ့ကားမှတ်ပြီး ကျွန်တော် စီးလာခဲ့တယ်"

"ငါပေးတဲ့ကားနံပါတ်မဟုတ်ဘဲ မင်းက ဘာလို့ စီးလာတာလဲ"

"ကားဆိုတာ တစ်ကားအဆင်မပြေ တစ်ကားထင်ပြီး ကျွန်တော် စီးမိတာပါ"

"မင်း. . . ဘယ်လောက်ပေးရသလဲ"

"သုံးသောင်းပါ"

ကျွန်တော့်ဦးလေး ကိုချစ်ဦးက ဒရိုင်ဘာကို နင့်နင့်သီးသီး ဟောက်သည်။ ဒရိုင်ဘာမှာ ဘာမှပြန်မပြောဘဲ ကားကို ဘက်ဆုတ်ကာ ထွက်သွားသည်။

ကျွန်တော်တို့မိသားစု လားရှိုး Motel တွင် တည်းကြသည်။ လားရှိုးမြို့သည် ချစ်စရာကောင်းသော မြို့တစ်မြို့ဖြစ်ပါသည်။ ကျွန်တော်တို့မိသားစုလည်း အမှတ်တရ ပျော်ရွှင်ခဲ့ရပါသည်။ ထိုထက် အမှတ် တရဖြစ်သော စကားမှာ 'ရန်ကုန်သားလုပ်ပြီး စာရေးဆရာလုပ်ပြီး ဇာတ်ညွှန်းရေးဆရာလုပ်ပြီး မင်းမို့ ဒီကကောင်တွေလိမ်တာ ခံရတယ်" ဟူသော ကျွန်တော့်ဦးလေး ကိုချစ်ဦး၏ စကားသံပင် ဖြစ်ပါသည်။

■





# ခင်ဗျား ဘယ်သူပါလဲခင်ဗျား. . .



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ရဲ့ဘဝမှာ အမှတ်တရဖြစ်တဲ့နေ့တွေ အကြောင်း ပေါင်းစုံနဲ့ ရှိနေနိုင်ပါတယ်ဗျာ။ အဲဒီလို အမှတ်တရဖြစ်ရတဲ့နေ့မျိုးကို တချို့ကလည်း ပွဲတွေလမ်းတွေ လုပ်လို့၊ တချို့ကလည်း အထိမ်းအမှတ် ပစ္စည်းတစ်ခုခု ဝယ်တာမျိုးတို့ အချို့ကလည်း အဲဒီ အမှတ်တရ အကြောင်းအရာဖြစ်ခဲ့တဲ့နေရာကို ရောက်အောင် လာတာလို့ စသည် ဖြင့်ပေါ့ဗျာ။

ဒီလောက်ပြောနေပြီဆိုကတည်းကိုက ကျွန်တော့်မှာလည်း အမှတ်တရဖြစ်တဲ့ နေ့တစ်နေ့တော့ရှိပြီ။ အဲဒီအကြောင်းကို ကျွန်တော် ပြောတော့မယ်ဆိုတာကို ကိုယ့်လူလည်း သဘောပေါက်ရောပေါ့။ ခေါင်း စဉ်ပေါင်းများစွာ တပ်ခွင့်ရှိတဲ့ အမှတ်တရပေါင်းများစွာ ရှိတဲ့အထဲက





ကျွန်တော့်အမှတ်တရက နာမည်လည်း တပ်မရ၊ ခေါင်းစဉ်လည်း တပ် မရတဲ့ အမှတ်တရဗျ။ ဆရာမဂျူးရဲ့ 'အမှတ်တရ' မဟုတ်ပါဘူးဗျား နီကိုရဲရဲ့ 'အမှတ်ရ' ပါ။

ကဲပါလေ. . . ကိုယ့်ဆရာဖတ်ကြည့်ပြီးရင် နာမည်ပေးပဲ တပ် လို့ရရ ကျွန်တော့်ဆီတော့ ဆက်သွယ်ပါဦး။

ဒီလို ကိုယ့်လူရေ. . . အင်္ဂလန်မှာ စကားစပြောရင်ပဲဖြစ်ဖြစ် စာစရေးရင်ပဲဖြစ်ဖြစ် ရာသီဥတုနဲ့ စတတ်ကြတယ်လို့ ဆိုတယ်ဗျ၊ ဒီ တော့ ကျွန်တော်လည်း ခပ်ညံ့ညံ့ကြီးထဲက မဖြစ်ရအောင် ရာသီဥတု အကြောင်းကပဲ စလိုက်ကြရအောင်ပေါ့။

ရာသီဥတုက မိုးမရွာတဲ့ မိုးရာသီ နေ့လည်ခင်းလေးခင်ဗျ၊ မိုးရေကိုသောက်ပြီး ကောင်းကင်လောက် မြင့်မယ်ဆိုပြီး အပြိုင်အဆိုင် ထွားတက်လာနေတဲ့ သစ်ပင်တွေလည်း စိမ်းလို့ပေါ့။ ကောင်းကင်မှာ မိုးတိမ်ကင်းပြီး တိမ်ဖြူတွေက ငါးကြင်းကွက်ထပြီး ငြိမ်လို့ရယ်၊ အခုမှ နေ့လယ်အိပ်စက်ခြင်းက နိုးခါစ မျက်နှာသစ်ပြီးစ မျက်နှာကို မိုးရနံ့ပါတဲ့ လေအေးလေးက ဖြတ် ဖြတ်ပြေးနေတော့ ကျွန်တော် ဘီယာသောက် ချင်လာတယ်။ (ဘာမှမဆိုင်ဘူးဆိုရင်လည်း ခွင့်လွှတ်တော့ ကိုယ့်လူရေ အဲဒီဆန္ဒက စာနဲ့ ရအောင် ရေးပြမရလို့ပါ။)

ကျွန်တော့်ဇနီး လေဒီချပ်ပြားကတော့ ပါဠိပျက်နဲ့ နာမည်ပေး ထားတဲ့ဗေဒင်ဆရာတစ်ယောက်ရဲ့ ဗေဒင်စာအုပ်နဲ့ အလုပ်ရှုပ်နေတယ်။ ရှုပ်မှာပေါ့။ သူ့မှာက ကိုယ်ဝန်ကြီးနဲ့ကိုး။ မိန်းမတွေ ကိုယ်ဝန်ရှိရင် ယောကျာ်းတွေကို အားကိုးတယ်ဆိုတာ အလကားပါ ကိုယ့်လူရေ သူတို့ တကယ်အားကိုးတာက ဆရာဝန်ရယ်၊ ဗေဒင်ဆရာရယ် ငွေရယ့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို လုပ်မယ့် ကျွန်တော်တို့ရဲ့ ဝင်ငွေကိုပါ။ အဲဒါကမှ တကယ့် အမှန်စိတ်ဝင်စားသင့်တဲ့ အရာတွေပါ။

အဲဒီအကြောင်းတွေကို ဝတ္ထုရေးရင်ပဲဖြစ်ဖြစ်၊ ရုပ်ရှင်ရိုက်ရင်ပဲ ဖြစ်ဖြစ် ပီပြင်အောင် ထည့်ရဦးမည်လို့ ကျွန်တော် မှတ်ထားလိုက်တယ်။ ကိုယ့်လူလည်း ကြုံဖူးမှာပေါ့၊ အဲဒီလို ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာဆိုရင် အဲဒီအခန်းတွေမှာ သိပ်ပိုတာ။ အိမ်ထောင်မရှိလို့လား မသိဘူးလို့ မရှောင်နဲ့ ကိုယ့်လူ၊ တစ်ခါ ဗီဒီယိုရုံမှာ ရုပ်ရှင်ကြည့်နေတုန်း အဲဒီ အခန်းမျိုးလည်းလာရော ဒေါ်ငယ်ဆိုတဲ့ အပျိုကြီးက 'အမလေး. . . အပြင်မှာ အဲဒီလိုမဟုတ်ပါဘူး' လို့ ထအော်တော့ သူ့ကို အပျိုကြီးမှန်း သိတဲ့ လူတစ်ယောက်က 'ဒေါ်ငယ်က ကြုံဖူးလို့လားဗျ' လို့ ထအော်တာ ကိုး၊ ဒီတော့ ဒေါ်ငယ်က 'ဟဲ့. . . သေနာကျရဲ့. . . နင့်မှာ နှမ အစ်မ မရှိလို့လား၊ အစ်ကို ညီမရှိလို့လား၊ ဆွေမျိုး မိတ်ဆွေ မရှိလို့လား၊ အေး. . ရှိရက်နဲ့ ဒီလိုပဲဆိုရင်တော့ နင်တို့အမျိုးက ဟိုအမျိုးပဲဖြစ်မယ်. . .' ဟု ပြန်အော်တာ ကိုယ့်လူရ။ ကဲပါ. . . ကျွန်တော်ပြောချင်တာက အဲဒါ တွေမဟုတ်ပါဘူး၊ ကျွန်တော်ဆိုတဲ့ကောင်ကလည်း စကားကို ဒီပြော ဟိုရောက် ခုထိ ကမောက်ကမ ဖြစ်တုန်းပဲ။

ကျွန်တော် အံဆွဲထဲကပိုက်ဆံကို ယူရင်းနဲ့ 'ငါ ပွင့်ဖြူကို ခဏ သွားဦးမယ်' လို့ ပြောတော့ မိန်းမက မျက်လုံးတောင်လှန်မကြည့်ဘူး၊ ဗေဒင်စာအုပ်ကိုပဲ သဲသဲမဲမဲဖတ်နေတယ်။ ပွင့်ဖြူကိုသွားရင် ကျွန်တော် ဘာလုပ်မယ်ဆိုတာ သူ သိပြီးသားပါ။

"အခုမှ အိပ်ရာကထပြီး၊ ပြီးတော့ နေ့ခင်းကြီး"

"အေးလေ. . ."





လေဒီချပ်ပြားမဟုတ်တော့ဘူး၊ လေဒီရှေ့ပူက မျက်နှာတောင် မော့မကြည့်ဘဲ ပြောတာပါ။

"ဘီယာပဲ သောက်မှာပါ"

"ဒါဆို ကြေးအိုးတစ်ပွဲလောက် ဝယ်ခဲ့၊ အရွက်များများနော်"

"အေးပါ. . . အေးပါ"

ကျွန်တော် ခပ်ထိုင်းထိုင်းဖြစ်နေတာကို လမ်းလျှောက်ရင်း သတိထားမိလာတယ်။ ဒါနဲ့ ဘီယာထဲ ဝီစကီနှစ်ပက်လောက်တော့ ရော ဆော်ဦးမှပဲလို့တွေးရင်း လျှောက်လာခဲ့တယ်။ ကားလမ်းမနံဘေးရောက် လို့ ပွင့်ဖြူကိုလှမ်းမြင်ရတော့ ဘီယာမပါတော့ဘဲ ဝီစကီပဲကျိတ်တာ ကောင်းမယ်ဖြစ်သွားတယ်။ မီးပွိုင့်လွတ်ကာစဆိုတော့ ကားတွေရှုပ်နေ တာနဲ့ ကားရှင်းအောင် ခဏရပ်စောင့်ရတယ်။ လမ်းဆုံနားမှာ မီးပွိုင့် ဘေးမှာ ကားမှတ်တိုင်ကို ထားတော့ ပိုရှုပ်တာပေါ့ဗျာ။ မှတ်တိုင်နေ ရာပြောင်းဖို့ကောင်းတယ်ခင်ဗျ။ အဲဒီလိုအတွေးနဲ့ တစ်ဖက်ကားလမ်းကို ကူးမယ်လုပ်တုန်း ဖြုန်းဆို ကျွန်တော့်ရှေ့ကို ကားတစ်စင်း ထိုးရပ်တာ ပဲ။

"ဟေ့ကောင်. . . ဘယ်သွားမလို့လဲ. . . လာ တက်လေ. . . ငါ လိုက်ပို့ပေးမယ်. . . တက်"

"ရပါတယ်ဗျ၊ ဟိုဘက် ကားလမ်းတင်ပါ"

"ဟေ့ကောင်. . . မင်းကလည်းကွာ တက်စမ်းပါကွ တက်"

သူ့ကား စက်နိုးထားရက်သားကြီး ဖြစ်နေတာရယ်၊ နောက် ကားတွေက ဟွန်းတီးနေတာရယ်၊ သူက အတင်း အားရပါးရ ခေါ် နေတာရယ်၊ နောက်ခန်းတံခါးကို အတင်းဖွင့်တာရယ်ကြောင့် အားနာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရုတ်တရက် အခြေအနေအရ ဘာလုပ်ရမှန်းမသိတဲ့ ကျွန်တော့် ထုံးစံအတိုင်း သူ့ကားနောက်ခန်းကို ဝင်ထိုင်လိုက်မိတယ်။

ကျွန်တော် ဝင်ထိုင်တာနဲ့ ကားလေးက မောင်းထွက်တာပဲ။ ကျွန်တော်ထိုင်မိတဲ့ကားက Taxi မဟုတ်ပါဘူး။ စူပါဆလွန်း အဖြူရောင်လေးပါ။ ကားက ၁၀ စက္ကန့်လောက်နဲ့ မီးပွိုင့်ကိုဖြတ်လိုက်တော့ ကျွန်တော် ပွင့်ဖြူကို လှမ်းကြည့်လိုက်ပါသေးတယ်။ မီးပွိုင့်ဟိုဘက်ရောက်မှပဲ ပြောပြီး ဆင်းတော့မယ်ပေါ့လေ။ မီးပွိုင့်အလယ်မှာ ကားမှ ရပ်လို့မရတာကိုး။ မီးပွိုင့်ဟိုဘက်ကို ကျော်လာတော့ ပြောဖို့ အားနာနေတယ်ဗျ။

"မင်းကိုကြည့်လိုက်ရင် ဟိုတုန်းကအတိုင်းပဲ၊ အမြဲတမ်း လောလောလောလောနဲ့ပဲ အခု ဘယ်သွားမှာလဲ"

"ပွင့်ဖြူကိုခင်ဗျ"

"ပွင့်ဖြူကို. . ."

သူက နားမလည်သလို မျက်မှောင်ကြုတ်ပြီး ကျွန်တော့်ကို လှည့်ကြည့်တယ်။ သူနဲ့ ကျွန်တော် အသက်တူလောက်ပဲရှိမှာပါ။ ဒါပေမယ့် သေချာတာ သူ့ကို ကျွန်တော် မသိဘူးဆိုတာ ကျိန်းသေပဲ။

"ပွင့်ဖြူက ဘယ်မှာလဲ ဘာလဲ ဘယ်နားမှာလဲကွ"

"မီးပွိုင့်ဘေးမှာ ကျန်ခဲ့ပြီ၊ ကြေးအိုးဆိုင်ပါ"

"မင်းက ဘာသွားလုပ်မလို့လဲ"

"ဘီယာသွားသောက်မလို့"

"ဘီယာ. . . ဟား. . . ဟား. . . ဟား. . ."

သူက အားရပါးရကို ရယ်ပါတယ်။ ပြီးတော့ ပခုံးကိုတွန့်ရင်း နောက်ဘက် လှည့်ကြည့်ပြောပါတယ်။





"မင်းကလည်းကွာ. . . ကားလမ်းဘေးက ကားသံတွေ လူသံတွေနဲ့ ဆူညံနေတဲ့ဆိုင်မျိုးမှာ ဘီယာသောက်ရတယ်လို့ကွာ၊ ဘီယာသောက်တယ်ဆိုတာ ဇိမ်ခံတာဟ. . . လာ. . . မင်းနဲ့ ငါ ငြိမ်းချမ်းပြီး စိတ်ဖိစီးမှုတွေ ဖျော့ကျသွားမယ့် ဘီယာဆိုင်ကို သွားမယ်"

"ဟာ. . . ကျေးဇူးပဲ. . . ဟို. . . ကျွန်တော်မလိုက်တော့ဘူး၊ ဒီမှာပဲ"

"ဟော့ကောင်. . . မင်း. . . ဘာဖြစ်နေတာလဲ၊ မင်းစကားပြောတဲ့ပုံစံက ဘာဖြစ်လို့ မင်းက ငါ့ကို ရိုသေနေရတာလဲ"

ကျွန်တော် ဘာပြန်ပြောရမယ်မှန်း မသိတော့ဘူး။ 'ဘီယာသောက်မလို့' လို့ ပြောမိတာ မှားမှန်းလည်း သတိရသွားသည်။ သူ့ပုံစံကတော့ ကျွန်တော့်ကို တကယ် ရင်းရင်းနှီးနှီးပါပဲ။ သူကပဲ လူမှားတာလား။ ကျွန်တော်ကပဲ သတိမေ့နေတာလား၊ ဘာမှားနေတာလဲဆိုတာ မသဲကွဲတော့အောင် ဖြစ်နေတယ်။ ကိုယ့်ကိုယ်ကိုယ် သိပ်မသေချာတတ်တဲ့ ကျွန်တော်ကပဲ မမှတ်မိတာလို့တွေးလိုက်ပြီး သူဟာ ဘယ်သူလဲဆိုတာ စ စဉ်းစားပါတော့တယ်။ သူနဲ့ကျွန်တော်က အသက်မတိမ်းမယိမ်းမို့ သူ့ကို ကျွန်တော့်သူငယ်ချင်းလို့ အကြမ်းဖျင်းသဘောထားပြီး စဉ်းစားဖို့ ဆုံးဖြတ်လိုက်တယ်။

"အေးပါလေ. . . ဟိုတုန်းကလည်း ငါက ပိုက်ဆံကနည်း၊ လူက မွဲ၊ အကျီက ဒါပဲဆိုတဲ့ကောင်ကိုးကွ၊ အခု ကားတွေဘာတွေနဲ့ဆိုတော့ မင်း ကြောင်သွားတာပေါ့၊ ဒါတွေက အလကားပါကွာ၊ တို့ မတွေ့ကြတာလည်း ကြာပြီလေကွာ"

"အေး. . . ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဟာ အရင်တုန်းက ခပ်နွမ်းနွမ်းပါးပါးရှိတဲ့ ကျွန်တော့်ရဲ့သူငယ်ချင်းတစ်ယောက် ဖြစ်ရမယ်။ ဘယ်သူများပါလိမ့်။ ကျွန်တော် လျှောက်စဉ်းစားတယ်။ သူဟာ အထက်တန်းကျောင်းက သူငယ်ချင်းလား၊ တက္ကသိုလ်ကလား၊ ပြီးတော့ စာရေးဆရာနဲ့ ရုပ်ရှင်လောက၊ ဒါပေမဲ့ ဘယ်မှာမှ သူ့ပုံစံကို ကျွန်တော် တိတိကျကျ မှန်းလို့မရဘူး ကိုယ့်လူရေ။

"အေး. . . ဒီတော့ ပြန်ဆုံကြတုန်း ပျော်ပျော်ရွှင်ရွှင်ပေါ့ကွာ၊ ငါတို့သန်လျင်မှာ ထန်းရည်သွားသောက်ကြမယ်၊ နေရာကလည်း ငြိမ်းချမ်း၊ ထန်းရည်ကလည်း တစ်သိန်းတန်ထဲကကွ၊ ဟိုရောက်ရင် မင်းတွေ့ပါလိမ့်မယ်"

"ထန်းရည်ဆို ကောင်းတယ်ကွ၊ စစ်စစ်မရလို့ မသောက်ဖြစ်တာကြာပြီ"

"တွေ့မှာပါ တွေ့မှာ"

သူက မဲ့ပြုံးတစ်ချက်ပြုံးရင်း ကားကို အရှိန်နည်းနည်းမြှင့်မောင်းတယ်။ အဲဒီမှာ ကျွန်တော် စဉ်းစားတော့တာပဲ။ လူဆိုတာကလည်း အတ္တလေးနဲ့နေတာဆိုတော့ ကိုယ့်လူဆိုရင်လည်း ကျွန်တော့်လို နေမှာပါပဲ။

ဒီလူဟာ ကျွန်တော့်ကို ဒုက္ခပေးဖို့ တမင် အယောင်ဆောင်ပြီး ခေါ်လာတာလား။ ကျွန်တော့်မှာက လုစရာ ယက်စရာဆိုလို့ ပိုက်ဆံသုံးထောင်ရယ်၊ အင်္ကျီ လုံချည် အိမ်နေရင်းဝတ်ရယ်ပဲ ပါတာ။ သူက ကား၊ နာရီ၊ ဆွဲကြိုး၊ ဟမ်းချိန်း၊ လက်စွပ်နဲ့ ဒါတော့ မဖြစ်နိုင်တော့ဘူးထင်ပါတယ်။





ဒါမှမဟုတ် ကျွန်တော့်ကို တစ်ပတ်ရိုက်ပြီး ဒုက္ခပေးဖို့ ကျွန်တော့်အကြိုက်ကိုလိုက်ပြီး ခေါ်လာတာလား၊ ဥပမာ ဒီကားက သူခိုးလာတဲ့ကားဖြစ်နေပြီး ကျွန်တော့်ကို ဒီကားနဲ့ ထားပစ်ခဲ့တာမျိုးပေါ့၊ ကျွန်တော်က သူ့ကို ဘယ်သူဘယ်ဝါဆိုတာလည်း မသိ၊ ဘယ်မှာနေတာလည်းမသိနဲ့၊ ဒါလည်း ဖြစ်နိုင်တယ်။ သူ့ကို သတိထားရမယ်။ နောက်တစ်ချက်က သူ အခုမှ ကြံစည်မယ့်အကြံအစည်မှာ သူက အပြီးဖန်ပြီးမှ ကျွန်တော့်ကို ထားခဲ့တာမျိုးပေါ့၊ ဒါလည်းဖြစ်နိုင်တယ်။ ဒီတော့ ထန်းရည်ကို လျှော့သောက်ရမယ်ဆိုတာကို လုံးဝ ဆုံးဖြတ်လိုက်တယ်။ မသောက်ဘူးလို့တော့ မငြင်းတော့တာဘဲ ကောင်းပါတယ်။ ပြီးတော့ ကျွန်တော်မသိတဲ့ ကိစ္စတွေကို အကူအညီတောင်းလာရင် ငြင်းရမယ်။

ဒုတိယအချက်က ဒီလူဟာ ဘယ်သူလဲ၊ ဘာလုပ်သလဲ၊ ဘယ်မှာသိတာလဲ၊ သူ့နာမည် ဘယ်သူလဲဆိုတာတွေကို မသိမသာ လိမ္မာပါးနပ်စွာ မေးယူရမယ်။

ဒါမှမဟုတ်ရင်တော့ ကားပေါ်ကဆင်းတာနဲ့ 'စိတ်မရှိပါနဲ့ဗျာ ကျွန်တော် ခင်ဗျားကိုမသိဘူး၊ အားနာပြီး လိုက်လာခဲ့တာ ပြန်တော့မယ်' လို့ ပြောင်ဖွင့်ပြောရမယ်။ ဒါမှ သူဟာ ကျွန်တော့်ကို တကယ်သိနေတဲ့သူဆို သူ့နာမည်ကိုပြော၊ ဘယ်မှာသိတာ၊ သူ ဘာလုပ်တာတွေကို ပြောလိမ့်မယ်၊ ဒါမှမဟုတ် ဇဝေဇဝါနဲ့ သူလည်း လူမှားတာဆိုရင်လည်း ပြီးတာပဲ။ သူနဲ့ ပတ်သက်လို့ တစ်ခုခုကိုတော့ ကျွန်တော် သိထားမှကို ဖြစ်လိမ့်မယ် ကိုယ့်လူရေ။

ပတ်ဝန်းကျင်ကို သတိထားမိတော့ ကားလေးက သန်လျင်တံတားပေါ်ကနေ ဆင်းနေပြီ။ ရည်ရွယ်မထားခဲ့ဘဲ အမှတ်တမဲ့ မြင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ မြင်ကွင်းတွေကို ကျွန်တော် အံ့ဩတဲ့စိတ်နဲ့ ကြည့်ရင်း ပြုံးမိတယ်။ ကားလေးက လမ်းမကြီးကနေ မြေလမ်းလေးတစ်ခုထဲကို ချိုးကွေ့ပါတယ်။ ကားမောင်းနေတဲ့ သူ့ပုံစံကတော့ တကယ့်ကို အေးအေးဆေးဆေး ပါပဲ။

နောက်ထပ် လမ်းဘေးရဲ့ဘယ်ဘက်ကို ကွေ့လိုက်ပြီး ခဏနေတော့ ခြံတစ်ခြံထဲကို မောင်းဝင်သွားပါတယ်။ ကားပေါ်က မဆင်းရသေးခင်ကို ကွမ်းသီးပင်လေးတွေကို စနစ်တကျ တန်းစီစိုက်ထားပြီး ပြည်တွင်းဖြစ် ဝါးခြမ်းလေးတွေကို ခင်းထားပြီး အမှိုက်တစ်စက်မှမရှိအောင် သန့်ရှင်းထားတဲ့ ပေတစ်ရာပတ်လည်လောက်ရှိတဲ့ ခြံကြီးတစ်ခြံပါ။ ကားပေါ်ကဆင်းလိုက်တော့ ဝါးခြမ်းကုလားထိုင်လေးကိုလည်း တွေ့တယ် ကိုယ့်လူရေ၊ စိမ်းနေတဲ့ ကွမ်းသီးပင်စည်လေးတွေကိုလည်း သပ်ရပ်အောင် ခွာသင့်တာ ခွာ၊ ရှင်းသင့်တာ ရှင်းထားတယ်။ ပတ်ဝန်းကျင်ကို ကြည့်ပြီး တော်တော်ကျေနပ်နေတုန်းမှာ ပခုံးပေါ်ကို လက်တစ်ဖက် ရောက်လာတယ်။

"ကဲ. . . သူငယ်ချင်း မင်းထိုင်မယ်ဆိုတဲ့ဆိုင်နဲ့ ဘာဆိုင်လို့လဲ၊ ဟောဟိုက ငါးကန်ကြီးကွ၊ ငါးကြင်းတွေ မွေးထားတာ၊ ကန်ဘောင်ပေါ်မှာ ကုလားထိုင်နဲ့ နေညိုလို့ထိုင်ရင် ဖီးလ်ပေါ့"

သူက တကယ့်ရင်းရင်းနှီးနှီးပဲ ကျွန်တော့်ပခုံးကိုဖက်ရင်း ထိုင်ခုံရွေးဖို့ လျှောက်လာတော့ သူ့ကို မသိဘူးလို့ ပြောင်ပြောပြီး ပြန်ဖို့ ဆုံးဖြတ်ချက်ကို အားနာပြီး မပြောဖြစ်တော့ဘူး ကိုယ့်လူရေ၊ သူက နွေးထွေးနေတာလည်း ပါတာပေါ့လေ၊ ဒီလိုအဖြစ်မျိုး ကိုယ့်လူတွေလည်း ကြုံဖူးမှာပါ။





"နေရထိုင်ရတာ ဘယ်လောက်ငြိမ်းချမ်းလဲ၊ စိတ်ရော လူရော"

"အေးကွာ. . . ငါ ဒီကို တစ်ခါမှ မရောက်ဖူးဘူးကွ၊ တော်တော်ကောင်းတာပဲ၊ မင်း လာနေကျလား"

ကျွန်တော် တမင်စကားလုံးနဲ့ လေသံပြောင်းပြီး ပြောချလိုက်တာပါ။ သူကတော့ အပြောင်းအလဲကို သတိထားမိဟန် မရှိပါဘူး။

"အမြဲတမ်းတော့ မရောက်ပါဘူး၊ စိတ်ရှုပ်တဲ့အခါမျိုးပေါ့ကွာ၊ ဒီနေ့တော့ စိတ်ရှုပ်လို့ လာတာမဟုတ်ဘူးနော်၊ မင်းနဲ့ ပြန်ဆုံကြတဲ့ သဘောနဲ့ လာတာ"

"တို့ မဆုံဖြစ်တာ တော်တော်ကြာပြီနော်၊ ဘယ်နှနှစ်လောက်ရှိမလဲ၊ မင်းက ငါ့ကို မှတ်မိသားပဲ"

"ဟား. . . ဟား. . . ဟား. . . မင်းမျက်နှာလား ငါ ဒီလာတက်နင်းသွားတောင် မှတ်မိတယ်ကွ၊ ဟား. . . ဟား. . . ဟား. . . မင်းက ဟိုတုန်းကလည်း ဒီပုံဒီလောက်ပဲ ဒီလိုပဲဟာကို"

သူက သဘောကျပြီး ဆက်ရယ်နေတယ်ခင်ဗျ။ သူက ကျွန်တော် ပစ်လိုက်တဲ့မြားဦးကို တမင်ပဲလှည့်တာလား ပြောစရာ မလိုလို့ပဲ မပြောတာလားတော့ မသိဘူး။ မတွေ့တာ ဘယ်လောက်နီးပါးရှိပြီ၊ ဘယ်မှာ နောက်ဆုံးတွေ့တယ်ဆိုတာလောက် သိရရင်ကို ကျွန်တော် သူ့ကို ရုပ်လုံးဖော်လို့ရပြီမဟုတ်လား။ သူပြောသလိုပဲ ကျွန်တော်က အရင်တုန်းကလို ပုံစံပဲဆိုတာကလည်း ဟုတ်နေတယ်ဗျာ၊ အဲဒီအချိန်မှာ စားပွဲထိုးလေးရောက်လာလို့ စကားပြတ်သွားတယ်ဗျာ"

"မနက်ကျရည် ရသေးလား"

"ဟုတ်ကဲ့. . . ရပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . နှစ်ကျည်တောက်ပေးကွာ၊ ငုံး ရလား"

"ငုံး ရတယ်ဆရာ၊ လယ်ကြွက်လည်း ရှားရှားပါးပါး ရတယ်၊ လယ်ကြွက်စား ဆရာ. . . ရှယ်ပဲ"

"ဟာ. . . ကောင်းတာပေါ့၊ ကင်ထားတာလား"

"ဟုတ်တယ် ဆရာ၊ ကြက်သွန်ဖြူ မားပြားရိုက်လေးနဲ့ အချိုရည်တွေ ဘာတွေဆမ်းပြီး ပြန်ကြော်ပေးပါတယ်"

"အိုကေ. . . လုပ်ကွာ၊ ပြီးတော့ အာလူးချောင်းကြော်၊ ပြီးတော့ ရခိုင်ခြောက်ကလေးတွေ ရှိလား၊ အေး. . . တစ်ပွဲ၊ တောင်ကြီးပဲလှော် သုပ်ကွာ၊ အစပ်မထည့်နဲ့၊ ပြီးတော့. . . အင်. . . ဟော့ကောင်. . . မင်း ဘာမှာဦးမလဲ"

"ဟ. . . တော်ရောပေါ့ကွာ၊ မင်းဟာ များတောင်နေပြီ"

"ကျွတ်. . . လုပ်စမ်းပါကွာ၊ တစ်ခုခုမှာ"

"ရပါပြီကွာ၊ တော်ရောပေါ့"

"မင်းကလည်း ဝက်အူချောင်းရလား၊ အေး. . . ကြော်ကွာ၊ မြန်မြန်ဟော့၊ ရတဲ့အမြည်း အရင်ချကွာ"

စားပွဲထိုးလေးထွက်သွားတော့ သူက ခုံနောက်ကိုမှီပြီး သက်သောင့်သက်သာ ခဏနားနေတယ်ခင်ဗျ၊ သူ့ရှေ့မှာ ပစ်စလခတ်ချထားတဲ့ ဖောင်းဖောင်းကားကား သားရေပိုက်ဆံအိတ်ကြီးရယ်၊ ကားသော့ရယ်ကိုကြည့်ပြီး သူဟာ ကျွန်တော့်ကိုလုမယ့်လူတစ်ယောက် မဟုတ်တာ သေချာတယ်လို့တော့ ကျွန်တော် ယုံကြည်လိုက်တယ်။ ကျွန်တော် သူ့ပုံကို သေသေချာချာကြည့်ရင်း ဘယ်မှာသိခဲ့ဖူးတာလဲ ဆိုတာကို လျှောက်စဉ်းစားနေမိတယ်။





သူ့ပုံက လူရည်သန့်ထဲကပါ။ ဆံပင်လိုင်းတွန့်ပြေပြေကို သပ်သပ်ရပ်ရပ်ဖြီးထားတယ်၊ အင်္ကျီကလည်း Arrow တံဆိပ်အစစ် အဖြူရောင်မှာ အစိမ်းနုရောင် သစ်ရွက်နွယ်လေးတွေ ခပ်ကျဲကျဲနဲ့ စတိုင်လ် ဘောင်းဘီက နို့နှစ်ရောင်ပါ။ နှာတံပေါ်တယ်။ နှုတ်ခမ်းနည်းနည်းထူပေမယ့် မေးရိုးကျလှလို့ ကြည့်ကောင်းပါတယ်။ မျက်လုံးက ကြည်လင်တယ်။ သူ့ရဲ့ ညိုစိမ့်တဲ့ အသားအရည်နဲ့ ထူထဲပြီး တင်းနေတဲ့ မျက်ခုံးမွေးကြောင့် သူဟာ အညာသားတစ်ယောက်ဆိုတာတော့ ထင်ထင်ရှားရှားကို သိသာနေတယ်။ ခက်တာက သူ့ကိုကြည့်လေလေ သူ့ကို ကျွန်တော် မသိဘူးဆိုတာကလည်း ထင်ရှားလေလေပါပဲ။ သေချာပါတယ် ကိုယ့်လူရယ်၊ ဒီလူ့ကို ကျွန်တော် သိကိုမသိဘူး။

"ညနေခင်း မိုးမရွာရင် ဒီနေရာလေးက တော်တော်သာယာတာကွ၊ နွေတုန်းကဆို ငါ ဒီဆိုင်ကို ခဏခဏရောက်တယ်၊ ဒီဆိုင်ဖြစ်လာပုံကလည်း စိတ်ဝင်စားစရာကောင်းတယ် မောင်၊ အစက သူ့အဖေက ကွမ်းသီးစိုက်မယ်ဆိုပြီး ဝယ်တာ၊ ကွမ်းသီးပင်တွေ အရွယ်လည်းရောက်ရော အဘိုးကြီးကလည်း လွန်ရောဟ၊ အဲဒါ သားတော်မောင်က ကွမ်းသီးတွေ သူ ဆက်မလုပ်တတ်ဘူးဆိုပြီး ပစ်ထားတာ၊ သူ့သူငယ်ချင်းတစ်ယောက်က သဘောကျပြီး ဖွင့်ဖြစ်တာတဲ့ မောင်"

"အင်း. . . ဒီလူ စိတ်ကူးကောင်းသားပဲ"

ကျွန်တော်လည်း ကြည့်ပြီးသားကွမ်းခြံကိုပဲ သူ့စကားကို အသိအမှတ်ပြုတဲ့အနေနဲ့ လိုက်ကြည့်နေတုန်း ထန်းရည်နဲ့ တောင်ကြီးပဲကြော်သုပ်ရယ် ဝက်အူချောင်းကြော်ရယ် ရပြီ. . .။

• သူက ဝါးကျည်တောက်တစ်လုံး၊ ကျွန်တော်က တစ်လုံးနဲ့ ခွက်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဝါးခွက်လေးတွေပါပဲ။ တစ်ယောက်တစ်ခွက်စီ ငှဲ့ပြီးတော့ သူက ချီးယာ့(စ်)လုပ်တယ်။ 'ကဲ မင်းနဲ့ ပြန်ဆုံတဲ့အတွက်' တဲ့. . . ။

သူက အဲဒီလိုပြောလေ ကျွန်တော့်မှာက စိတ်အနှောင့်အယှက် ဖြစ်ရလေပါပဲ။ ဒါနဲ့ ထန်းရည်ကိုသောက်တော့ တော်တော့်ကို ကောင်းတယ်ခင်ဗျ၊ ထန်းရည်ကိုမျိုချလိုက်ပြီး ပြန်ထွက်လာတဲ့အနံ့ကိုက ကောင်းတာဗျို့။ ဝက်အူချောင်းနဲ့ဆိုတော့ အံကိုကိုက်လို့ပဲ ကိုယ့်လူရေ။

"ကောင်းရဲ့လားကွ"

"တော်တော်ကောင်းတာပဲ၊ ဒီလိုကောင်းတဲ့ ထန်းရည်မျိုး ပြည်မှာ တစ်ခါသောက်ဖူးတယ်ကွ"

"ပြည်မှာ မင်းက ပြည်ကို ဘာကိစ္စနဲ့ သွားတာလဲ"

သူမေးတာကိုကြားရတော့ အဲဒီမှာတင် ကျွန်တော် အကြံတစ်ခု ပေါ်တယ်။ ကျွန်တော် ဘာလုပ်တယ်ဆိုတာကို ပြောရင်း သူဟာ ဘယ်မှာသိတာဆိုတာကို ခြေရာခံဖို့ပါ။

"ငါက ပြည်ကို ကာတွန်းဆရာတွေနဲ့ လိုက်သွားတာကွ"

"ကာတွန်းဆရာတွေနဲ့ ဘာကိစ္စလဲကွ"

"ကာတွန်းစိုးသော်တာ မင်္ဂလာဆောင်တုန်းကလေ"

"သြော်"

ကျွန်တော် အားတက်သရောပြောပေမယ့် သူ့ 'သြော်' က သိပ်စိတ်မပါတဲ့ ဝတ်ကျေတန်းကျေ 'သြော်'ပါ။ ဒါဆိုရင် ဒီလူဟာ စာပေအသိုင်းအဝိုင်းထဲမှာ သိရတဲ့လူတော့ မဟုတ်တော့ဘူး။

ထန်းရည်သုံးခွက်မြောက်လောက်ရောက်တော့ အမြည်းလည်း စုံပါပြီ။ ကြွက်ကင်ကို ပြန်ကြော်ထားတာကလည်း တော်တော်ကောင်းပါ





တယ်။ ကြွပ်ပြီး ဆိမ့်နေတာပဲ။ ဒီကောင်လည်း ကြွက်ကင်စားလိုက် ထန်းရည်သောက်လိုက်နဲ့ တစ်ကျည်တောက်ပြောင်တာပဲ။ ဒုတိယပေါ့လေ ဒီကောင်လည်း နည်းနည်းထွေစပြုလာပုံရပါတယ်။ သီချင်းလေး ဘာလေးညည်းလို့။

ဒီမှာ ကျွန်တော် အကြံတစ်ခု ထပ်ပေါ်တယ်။ ဒီကောင် တော်တော်ထွေတော့မှ ဒီကောင် ဘယ်သူလဲဆိုတာ မေးရမယ်လို့ပါ။ ထန်းရည်မူးတော့ ကျွဲခိုးပေါ်တယ်မဟုတ်လား။ နောက်တစ်ကျည်တောက်ကို ဒီကောင် တစ်ခွက်ငှဲ့ပြီး တရှိန်ထိုးမော့တယ်။ အရှိန်ရစ ပြုပြီပေါ့လေ။

"မင်း ပြောရင်း ယုံမှာမဟုတ်ဘူးသိလား၊ ငါ တလောတုန်းက မေသူဇော်နဲ့ တွေ့တယ်ကွ၊ တကယ်ကွာ. . . သိလား"

သူက အားပါလာတဲ့ပုံနဲ့ ခပ်လျှော့လျှော့ထိုင်နေတဲ့ ကိုယ်ကို ပြင်ထိုင်ပြီး ရှေ့ကစားပွဲကို တံတောင်ဆစ်နဲ့ထောက်ရင်း သူ့စကားကို ရယ်သလိုပြုံးသလို မျက်နှာမျိုးနဲ့ ကျွန်တော့်မျက်နှာရဲ့တုံ့ပြန်မှုကို စောင့်နေတယ်ခင်ဗျ။ ခက်တာက သူပြောတဲ့ မေသူဇော်ဆိုတာကို ကျွန်တော် မသိဘူး။

"မေသူဇော်"

"ဟုတ်ပ့. . . မေသူဇော်. . . တွေ့စက ငါက မသိချင်ယောင်ဆောင်နေတာပေါ့၊ သူ့အမေကြီးလည်းပါတယ်ကွ၊ ဒီတော့ ငါလည်း အေးအေးပေါ့၊ အဲဒါကို သူက ငါ့ကိုခေါ်တယ်ဗျာ. . . ကဲ. . . ခေါ်တာ"

သူက စကားကိုရပ်ထားရင်း ကျွန်တော့မျက်နှာကို မျှော်လင့်တကြီး ကြည့်နေတယ် ကိုယ့်လူရေ၊ သူ့ပုံစံက ကျွန်တော့်ကို အံ့သြသွားစေချင်တာမျိုး ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မလွယ်ပါလား"

"အင်း. . . တကယ်မလွယ်တာပေါ့၊ သူ့အမေကြီးကလည်း ပါတာဆိုတော့ကွာ၊ ငါ့မှာ ဘာလုပ်လို့ ဘာပြောရမှန်းကို မသိတော့ဘူး၊ နေရခက်လိုက်တာကွာ"

အေး အဲဒီတုန်းက မင်းဖြစ်သလို ငါလည်း အခု ဖြစ်နေတယ်လို့ စိတ်ထဲက ပြောနေမိတယ်။ အပြင်မှာတော့ ဘယ်ပြောလို့ဖြစ်မလဲ။

"ဒီတော့ မင်း ဘယ်လိုလုပ်လိုက်သလဲ"

"သတိထားပြီး အလိုက်အထိုက်ပြောရတာပေါ့၊ မလွယ်ဘူးကွ၊ ကောင်မက တော်တော်မျက်နှာပြောင်တိုက်တာ၊ နှစ်ယောက်ချင်းတွေ့ရင်တောင် ပြောသင့်တဲ့ ခေါ်သင့်တဲ့ကိစ္စမှ မဟုတ်တာကို၊ တကယ်ကွာ"

"အေးလေ. . . မင်းမို့လို့"

"ဟာ. . . ငါလည်း ခဏနေပြီး လစ်ရတာပဲကွ၊ သူနဲ့ကိစ္စတုန်းက မင်းတို့ဝိုင်းပြောခဲ့ကြတာ မှန်ပါတယ်ကွာ၊ ငါသာ ဇွတ်လုပ်ရင် ပြဿနာကွ"

ကျွန်တော်လည်း အကွက်ဝင်တာနဲ့ အရဲစွန့်ပြီး မေးရတယ်။

"အေး. . . အဲဒီတုန်းက မင်းကို တော်တော့်ကို ပြောယူရတာ၊ ဟိုကောင်တွေတောင် ပါသေးတယ်ကွာ၊ ဘယ်သူ. . ."

"ပါတယ်ကွ၊ တော်တော်များများပဲ သိန်းဌေးလား၊ ဒီကောင်ပါတယ်ထင်တယ်၊ ငါကလည်း တော်တော်မူးနေတာ၊ လူမှန်းတောင်သိတာမှမဟုတ်တော့တာ၊ မင်း ငါ့ကို ဂရုတစိုက်နဲ့ထိန်းပေးတာ၊ ဖျောင်းဖျတာတွေတော့ မှတ်မိတယ်၊ မင်းပါပဲ. . . ကျန်တဲ့ကောင်တွေက အရက်





သောက်ချင်တာက ခပ်များများပါ"

ကိုင်း. . . မှတ်ကရော၊ ဒီလူ ကျွန်တော့်ကို လူမှားနေတာတော့ သေချာပြီ။ ဒါပေမယ့် သူပြောတာတွေကို ကျွန်တော်က သဲလွန်စရအောင် လိုက်ပြောထားတော့ သိသလိုဖြစ်နေပြီမို့ ဆက်ပြီး သူ့ကို သိဖို့ပဲ ကြိုးစားရတော့မှာပဲ။ ဥပမာ သူက ကျွန်တော်နဲ့ သိပ်ခင်တဲ့ သူငယ်ချင်းတစ်ယောက်နဲ့ ပါလာမယ်။ စားကြ သောက်ကြမယ်။ ကျွန်တော်က သူ့ကို သိပ်သတိမထားမိပေမယ့် သူကတော့ ကျွန်တော့်ကို ခင်နေတာမျိုးပေါ့ဗျာ။

ဒါမျိုးက ရိုက်ကွင်းတွေ ဘာတွေမှာ ဖြစ်လေ့ဖြစ်ထရှိတော့ အဲဒီကို စကားခေါ်ဖို့ စဉ်းစားရတယ်။ ကျွန်တော်ကလည်း နယ်ပယ်စုံတယ်မဟုတ်လား။

"အေးကွာ. . . မင်းအားတဲ့နေ့တစ်နေ့လောက် ငါတို့ ရိုက်ကွင်းတွေဘာတွေ လိုက်ခဲ့ပါလား၊ မင်းပုံစံနဲ့ဆို မော်ဒယ်တွေဘာတွေနဲ့ အိုကေသွားနိုင်တယ်"

"ရိုက်ကွင်း. . . ဘာရိုက်ကွင်းလဲကွ. . . မင်းဟာကွ. . ."

"ရုပ်ရှင်တို့ ဗီဒီယိုတို့ရိုက်တဲ့ ရိုက်ကွင်းလေ"

"ဟုတ်လား. . . အဲဒီမှာ မင်းက ဘာလုပ်လို့လဲ"

ကျွန်တော် တော်တော်စိတ်ဓာတ်ကျသွားတယ်။ ဒီကောင့်ကို ရိုက်ကွင်းမှာသိတာ မဟုတ်တာလည်း သေချာသွားပြီ။

"ဒီလိုပါပဲကွာ၊ မယ်မယ်ရရတော့မရှိပါဘူး၊ ရိုက်ကွင်းဆိုတော့ ဟိုလိုဒီလိုပေါ့"

"ဩော်. . . မော်ဒယ်တွေ ဘာတွေတော့ မလုပ်ပါနဲ့ကွာ၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com



က မိန်းမက အရင်ကိစ္စကိုတောင် သိတာမဟုတ်ဘူး၊ ဟိုတလောက ပေါ်တော့မလို ဖြစ်လိုက်သေးတယ်၊ ဒါပေမယ့် သူက တရားဝင်တော့ လာမမေးပါဘူး၊ ငါက ဟုတ်တယ်လို့ဝန်ခံလိုက်ရင် သူ ပက်လက်လန် သွားမှာပေါ့၊ အခုလို ခိုးပြီးထောက်ပံ့နေရာကနေ အိမ်ပေါ် ရောက်လာမှာပေါ့၊ ငါကလည်း မပေးလို့မဖြစ်ဘူးလေကွာ၊ ဟိုမှာက ကလေးနှစ်ယောက်နဲ့ ကျန်ခဲ့တာမဟုတ်လား၊ သင့်လျော်တာနဲ့တွေ့ရင် ယူပါဆိုတော့လည်း မယူဘူးကွာ၊ ကြာတော့ ငါလည်း ရှုးချင်လာရော၊ တကယ်"

တကယ်ရှူးချင်နေတာက ကျွန်တော်ပါ။ ထန်းရည် မြန်မြန်ကုန်ပြီး ပြန်ကြဖို့ကိုပဲ ပြင်ရတယ်။ သူပြောနေတာတွေကို တစ်ခုမှ မသိဘဲ နားထောင်နေရတဲ့ဒုက္ခကို ကိုယ့်လူ ကြုံဖူးမှသိမှာ။ အတော် ဒုက္ခရောက်တယ်ဗျာ။

သူကတော့ ကျွန်တော်သိတယ်ထင်ပြီး အသေးစိတ်တွေ မပြောတော့ဘဲ ရှပ်ပြောတော့ ကျွန်တော့်မှာ တစ်ခုတစ်ခုကို မီအောင် မနည်းလိုက်ဖမ်းနေရတာ။

"သူမသိတဲ့နေရာမျိုးမှာ ခိုးတွေ့ပေါ့ကွာ"

"ဒါပေါ့. . . ဒါကြောင့် သူ လက်ပူးလက်ကြပ်မမိတာ၊ သူကတော့ မင်းသိတဲ့အတိုင်း သဘောကောင်းရှာပါတယ်ကွာ၊ ငါ ဘာလုပ်လုပ် ဘယ်လောက်ဖြုန်းဖြုန်း တစ်ချက်မငြိုငြင်ဘူး၊ ဘယ်လောက်တောင်းတောင်း ပေးတာချည်းပဲ. . . ကဲ. . . ငါကလည်း တစ်ခါတစ်ခါ သူ့ကို အရမ်းသနားတယ်ကွာ. . ."

"အေးကွာ. . . သူ့လိုမိန်းမမျိုး ရှားပါတယ်"

"ငါ့ယောက္ခမတွေကရော သူ့သမီးပြီးရင် ပြီးတာပဲ၊ ငါ ဒီကား





မကြိုက်လို့ ဟိုကားလဲစီးလည်း လဲပဲ၊ ငါက ဘာမှ လက်ကြောတင်းအောင် လုပ်တာလည်းမဟုတ်ဘူး။ ဒါလည်း ဘာတစ်ခွန်းမှကို မပြောတာ။ ယောက္ခမကြီးက ပိုဆိုးတယ်။ ငါ စကားလေးနည်းနည်း မပြောတာနဲ့ နေမှကောင်းရဲ့လားဆို နှဖူးလာစမ်းတာသာ ကြည့်"

ကျွန်တော် ဘာစကားမှမပြောနိုင်တော့ဘဲ ပခုံးပဲ တွန့်ပြလိုက်တော့တယ်။ ပြီးတော့ ဝါးကျည်တောက်ကို လှမ်းငှဲ့တော့ ထန်းရည်ကကုန်နေပြီ။ ဒါကိုမြင်သွားတဲ့သူက စားပွဲထိုးလေးကို လှမ်းခေါ်ပြီး နောက်ထပ် နှစ်ကျည်တောက် ထပ်မှာတယ်။

"တော်ပြီ. . . သူငယ်ချင်း. . . ကိုယ်က နည်းနည်းပဲ၊ မသောက်နိုင်လို့ပါ. . . တော်ပြီ. . ."

"မဟုတ်တာကွ ချစမ်းပါ။ ယူသာလာခဲ့ ညီလေး၊ လျှိုမနေစမ်းပါနဲ့ကွာ၊ မင်း ကြွက်တွင်းဆိုတာ ငါသိပါတယ်"

အဲဒီအချိန်မှာ သူ့ခါးက အသံမြည်ပါတယ်။ ကျွန်တော် အံ့သြသွားတယ်။ သူ့မှာ လက်ကိုင်ဖုန်းပါတာ ကျွန်တော်မသိဘူး ကိုယ့်လူရေ။

"အေး. . . ငါတို့ သန်လျင် က ထန်းရည်ဆိုင်မှာကွ၊ ငါနဲ့ ငါ့သူငယ်ချင်းပါကွ၊ အေး. . . တွေ့သားပဲ ဒီကောင်တွေ ခံလိုက်ရတော့ အဲဒီအကြောင်းကိုတော့ မပြောဘူးပေါ့ကွာ၊ ဩော်. . . အေး. . . ဟား အေး. . . ဟား. . . ငါတို့က ဒီမှာ နည်းနည်းကြာဦးမှာနော်၊ အေး. . . အေး. . . OK"

သူက ဖုန်းကို စားပွဲပေါ် ချရင်း ကျေကျေနပ်နပ်ကြီးပြုံးပြီး ခေါင်းကို ခါနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်တွေကတော့ တကယ်ပဲကွာ၊ ထွန်းသန်းလေကွာ၊ သူမခေါ်ဘဲ ငါတို့ချည်းလာလို့တဲ့၊ တို့က ချိန်းထားကြတာမှမဟုတ်တာ"

အသစ်ရောက်လာတဲ့ ထန်းရည်ကို အပြည့်ထည့်ပြီး တစ်ချက်တည်း မော့ချလိုက်တယ်ခင်ဗျ"

"မင်းလည်း ချ. . . ချ. . . ဟေ့ကောင်. . . ပြီးရင် ဒီကောင်တွေဆီ သွားရဦးမှာ"

"ဟာ. . . မလုပ်နဲ့. . . သူငယ်ချင်း၊ ငါပြန်မှဖြစ်မှာ အိမ်မှာက. . ."

"မင်းကလည်းကွာ. . . ငါ့မှာ ကားပါတာပဲ၊ လိုက်ပို့မှာပေါ့ကွာ၊ ခဏပဲဥစ္စာ"

"မလိုက်ပါရစေနဲ့ကွာ၊ တကယ်ဆို ငါက မင်းကို သိ. . ."

"သိအောင်လည်းမပြောနဲ့၊ မသိအောင်လည်း မပြောနဲ့၊ လိုက်သာ လိုက်ခဲ့တော့၊ ငါ အားလုံး တာဝန်ယူတယ်ကွာ. . . ဒါပဲ. . ."

ကျွန်တော် ထပ်ငြင်းတာပေါ့ ကိုယ့်လူရာ၊ သူ့ကိုမှ ကျွန်တော်မသိတာ။ သူနဲ့ပတ်သက်တဲ့လူတွေ ပိုဆိုးတော့မှာပေါ့။ သူက အတင်းခေါ်နေပေမယ့် လိုက်လို့တော့ လုံးဝမဖြစ်နိုင်လို့ ထပြန်ဖို့လုပ်တော့ သူက ကျွန်တော့်လက်ကို အရမ်းဆွဲထားတယ်။ ဒေါသဖြစ်နေတဲ့ပုံနဲ့ မျက်ဝန်းတွေကလည်း မီးဝင်းဝင်းတောက်လို့။

"မင်းကွာ. . . ငါက ဒီလောက်တောင်းတောင်းပန်ပန် ခေါ်နေတာတောင်မှ မရဘူး၊ မင်း ငါနဲ့ လိုက်ကိုလိုက်ခဲ့ရမယ်၊ အဓိပ္ပာယ်မရှိတာ၊ ငါ တာဝန်ယူတယ် ပြောနေပြီပဲ"

ဒီလူဟာ စိတ်မှန့်သေးရဲ့လားလို့ ကျွန်တော် ထင်မိလိုက်တယ်။ ကျွန်တော့်အတွက် အန္တရာယ်ရှိတယ်လို့လည်း ယူဆလိုက်တယ်။ ဒါနဲ့





ဘာမှမပြောတော့ဘဲ ပြန်ထိုင်လိုက်ရတယ်။ သူကတော့ မလိုက်ဘူး ငြင်းတာကို တဗျစ်တောက်တောက်လုပ်နေတယ်။

ကျွန်တော် ဆီးထသွားရင်းနဲ့ ခုနက စားပွဲထိုးလေးကိုခေါ်ပြီး မေးတော့ စားပွဲထိုးလေးက သူလည်းမသိကြောင်း၊ သူပြောင်းလာတာကလည်း တစ်ပတ်လောက်ပဲ ရှိသေးတာတဲ့။ ကျွန်တော်ပြန်လာတော့ သူက ငွေရှင်းပြီးနေပြီ။ ကျွန်တော်လည်း မထူးတော့ဘူးဆိုပြီး သူ့နောက်လိုက်လာခဲ့တယ်။ လူကတော့ စိတ်ညစ်လိုက်တာ သေတောင်သေချင်တယ်။

ကားပေါ်ရောက်တော့ ကားကို တော်တော်နဲ့ စက်မနှိုးသေးဘဲ ခဏငြိမ်နေသေးတယ်။ ပြီးတော့မှ. . .

"ခုနက ငါပြောတာ မှားသွားတယ်ကွာ. . . စိတ်မဆိုးပါနဲ့ ငါ. . . တောင်းပန်ပါတယ်၊ ငါလည်း မင်းပြန်မယ်ဆိုတော့ ဒေါသခဏဖြစ်သွားတာပါ သူငယ်ချင်းရာ၊ ငါတို့ အတူတူပျော်ဖို့ စိတ်ကူးပြီး ပျော်နေတုန်း မင်းကပြောတော့ ဒါပါပဲကွာ. . . ဆောရီး"

"ရပါတယ်ကွာ"

သန်လျင်ကနေ မြို့ထဲရောက်တော့ ခြောက်နာရီခွဲနေပြီ။ မိုးဖွဲလေးနည်းနည်းကျတော့ အိမ်ကို သတိရတယ်။ လေဒီချပ်ပြားတော့ စိတ်ဆိုးနေမှာပဲလို့လည်း တွေးမိတယ်။ သူ့မှာတဲ့ ကြေးအိုးကတော့ သွားပြီပေါ့ကိုယ့်လူရယ်။

ဟိုတယ်တစ်ခုရှေ့ရပ်ပြီး သူက ကားကို remote နဲ့ ပိတ်တယ်။ ပြီးတော့ ကျွန်တော့်ပခုံးကိုဖက်ရင်းနဲ့. . .

"ဟိုရောက်ရင် မင်းပြန်ချင်စိတ်တောင် ရှိတော့မှာမဟုတ်ဘူး ကိုယ့်ဆရာ၊ ဒါပေမယ့် ခဏပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့သူငယ်ချင်းတွေနဲ့ တွေ့တော့ ကျွန်တော့်ကို မိတ်ဆက်ပေးတယ်။ ဟော့ကောင်တွေ ဒါ ငါ့အခင်ဆုံးသူငယ်ချင်းတဲ့။ မတွေ့ရတာကြာပြီ၊ ဒီနေ့မှ ပြန်ဆုံကြတာတဲ့။ စားပွဲတွေပေါ်မှာ ဟင်းတွေ၊ စားစရာတွေကလည်း မြင်လို့တောင်မှ မကောင်းဘူး၊ ကောင်မလေးတွေကလည်း အများကြီးပဲ။ ပုလင်းက Black Labal ခင်ဗျ။ ထန်းရည်သောက်တာ ခေါင်းကိုက်ချင်သလို ဖြစ်နေတာနဲ့ ကျွန်တော်လည်း ဆော်ဒါနဲ့ ခပ်ပြင်းပြင်းစပ်ပြီး တီးပစ်လိုက်တယ်။

သူ့သူငယ်ချင်းတွေကလည်း အားလုံး လိုလိုလားလားပါပဲ။ လက်ကိုင်ဖုန်းကိုယ်စီနဲ့ လူတွေလေ။ ကောင်မလေးတွေကလည်း ဒူးခေါင်းလေးတွေပေါ်လို့၊ ဘာတွေပြောပြောပြီးတော့ ရယ်ရယ်နေကြတာလည်း မသိပါဘူး။ နောက်ထပ် ဆိုဒါနည်းနည်းလျှော့ပြီး ခပ်ပြင်းပြင်း နှစ်ခွက်လောက်တင်လိုက်တော့ ကျွန်တော်ဟာ အရင်တုန်းကလို မဟုတ်တော့ဘူး။ ဒီလူတွေ ငါနဲ့မသိဘူးဆိုပြီး ရှိန်တာတို့၊ ရှက်တာတို့လည်း မရှိတော့ဘူး။ ထန်းရည်နဲ့ ဝီစကီဟာ လူကို ရောက်တဲ့နေရာမှာ အချိုးပြေအောင် ဆုံးမပေးလိုက်ပုံ ရပါတယ်။

ကောင်မလေးတွေနဲ့ စကားပြောတယ်။ ဟိုကောင်တွေကိုလည်း အဆင့်ရှိရှိစကားလုံးတွေနဲ့ ဆွေးနွေးနိုင်တယ်။ အိုမာခရမ်ရဲ့ ကဗျာတွေကို အရမ်းကြိုက်တယ်ဆိုတဲ့ ဟိုကောင့်သူငယ်ချင်း တစ်ယောက်ကိုလည်း . . .

"အိုမာခရမ်ဟာ အဲဒီဝိုင်နဲ့ ပေါင်မုန့်ကြောင့် သေရတာဗျ။ ဝိုင်ကလည်း အချဉ်ဖောက်ထားတာ၊ ပေါင်မုန့်ကလည်း အချဉ်ဖောက်ထားတာ၊ အဲဒီတော့ အစာအိမ်ကင်ဆာနဲ့ သေတာပေါ့၊ သူ့ရဲ့ 'ဘယ်သူမှ





မသိတဲ့ကဗျာ' ဆိုတဲ့ ကဗျာထဲမှာ ထာဝရဘုရားသခင်ဟာ တမန်တော်ကို မဖန်ဆင်းခင် ပေါင်မုန့်ကို အရင် ဖန်တီးရတာပါတဲ့၊ ဒါကြောင့် တမန်တော်ဟာ အစာမငတ်တာပေါ့တဲ့၊ ဒါကြောင့် ပေါင်မုန့်ဟာ တမန်တော်ထက် စောတယ်လို့ ရေးသွားသေးတယ်"

တကယ်မဟုတ်တာတွေကို ကျွန်တော် ရဲရဲကြီး ပြတ်ပြတ်သားသားကြီးပြောပြတော့ ဟိုကောင်တွေ ပါးစပ်တွေ ပိတ်ကုန်တာပေါ့၊ ပြီးတော့ ဘိလိယက်ထိုးကြတယ် ကိုယ့်လူရေ၊ စနူကာထိုးတာပါ၊ ကျွန်တော့်ကို ဘယ်သူမှမနိုင်ဘူး။ ဟိုကောင်ဆိုတာ လက်ခုပ်တဖြောင်းဖြောင်းနဲ့ 'ဒါမှ ငါ့သူငယ်ချင်း' လို့ ချီးကျူးအော်နေတာ၊ နောက်ဘယ်နှခွက်လောက် ထပ်တီးမိသေးလည်း မသိတော့ဘူး။

D.J ဝိုင်းစတော့ ကကြသေးတယ်။ ကျွန်တော်က လုံချည်ကြီးနဲ့။ ဒါလည်း ကတာပဲခင်ဗျ။ D.J ပြီးတော့ အရှိန်မပျက်ကြသေးလို့ KTV ကို ဆက်ကြတယ်။

ကျွန်တော်နိုးလာတော့ မနက်မိုးလင်းနေပြီ။ ဟိုတယ်တစ်ခုရဲ့ ဖွေးဆွတ်နေတဲ့ ခုတင်ပေါ်မှာ ကန့်လန့်ကြီး။ KTV ခန်းမှာပဲ ကျွန်တော် အိပ်ပျော်ခဲ့တာလား။ ဟိုတယ်အထိ ရောက်သေးလားမသိတော့ဘူး။ ဟိုကောင့်ကိုရှာတော့ မတွေ့ဘူး။ ကျွန်တော့်ခေါင်းတွေ ကိုက်လိုက်တာမှ ဆယ်ပေါင်တူနဲ့ အထုခံထားရတာကမှ သက်သာဦးမယ်။ မထနိုင်ဘူး။ ဘာမှလည်း မသိချင်ဘူး။

ခဏနေတော့ ဟိုကောင် ရေချိုးခန်းထဲကထွက်လာတာ တွေ့ရတယ်။ ကျွန်တော့်ကိုပြုံးကြည့်ရင်း လက်ဆွဲနှုတ်ဆက်တယ်။

"ကွန်ဂရက်ကျူလေးရှင်းကွာ၊ ညကပွဲကတော့ မင်းရဲ့ပွဲစစ်စစ်



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ မင်းက တော်တော်လျှိုထားတာကိုး”

“ခေါင်းတွေ ကိုက်တယ်ကွာ”

“ရော့. . . ဒါ သောက်လိုက်ကွ”

“ဘာမှ မသောက်ချင်ဘူးကွာ”

“ဟ. . . ဒါချလိုက်မှ ပျောက်သွားမှာ၊ အဲဒါ မနက်ဆေးကွ၊ ပြီးရင် ရေချိုးလိုက်”

ကျွန်တော်လည်း ခေါင်းကို မနည်းထူပြီး သူပေးတဲ့ ကော်ဖီကြမ်းကို တရှိန်ထိုး မော့ပစ်ရတယ်။ ဝီစကီရောထားတာပေါ့ဗျာ၊ ခဏနေတော့ ကြည်လာတယ်။ နောက်တစ်ခွက်သောက်ပြီးတော့ ပုံမှန်ဖြစ်သွားတယ်။ ဒီတော့မှ. . .

“ဟာ. . . ဒီ. . . ဒီ. . . ဒီဘောင်းဘီကြီးက. . .”

“ဟဲဟဲ. . . ဘာ အခုမှ ဒီဘောင်းဘီလဲ၊ ညတုန်းက လုံချည်နဲ့ဆို မကဘူး၊ လုံချည် ချွတ်ပြီးကမယ်. . . ဆိုလို့ ငါ့သူငယ်ချင်းက ဆိုင်ပြေးပြီး မင်းအတွက် ဘောင်းဘီနဲ့အကျႌ ဝယ်ပေးတာ”

ဒီတော့မှ အကျႌလည်း အသစ်ဆိုတာ သိရတယ်။ ကျွန်တော် ဘာမှပြန်မပြောမိတော့။ တစ်နေ့ခင်းလုံး ချုပ်တီးထားရတဲ့ စိတ်တွေကို ကျွန်တော် ဘယ်လောက် လွှတ်ပေးခဲ့မိသလဲ။

အပြန်ကားပေါ်မှာ ကျွန်တော်တို့နှစ်ယောက် ဘာစကားမှ မပြောဘဲ နေခဲ့ကြတယ်။ သူကတော့ မသိဘူး၊ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ လေဒီဗိုက်ပူကို ဘယ်လိုရှင်းရမလဲလို့ တွေးနေတာပါ။ ဒါပေမယ့် ဘယ်လိုမှ ယုံနိုင်စရာမရှိဘူးဆိုတာလည်း သိနေပါတယ်။ ဒါနဲ့ ကျွန်တော်နဲ့ သူ စတွေ့တဲ့လမ်းထိပ်ကိုရောက်တော့ သူက ကားကို





ရပ်ပြီး အကြာကြီး စကားမပြောဘဲ နေတယ်။ တံခါးဖွင့်ပြီး ဆင်းမလို့ လုပ်နေတဲ့ ကျွန်တော်တောင် ကြောင်ပြီး မဆင်းဖြစ်ဘူး။ ခဏကြာမှ သူက သက်ပြင်းချရင်း . . .

“တို့ အတူပျော်လိုက်ရတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ. . . ငါ တကယ်ကိုပျော်ခဲ့တာပါ၊ နောင် ဒီလိုပျော်ဖို့ လုံးဝကို မဖြစ်နိုင်တော့တာပါ”

“ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ တို့ ချိန်းကြတာပေါ့”

သူက ခေါင်းကို ခပ်ဖြည်းဖြည်းရမ်းပါတယ်။

“မရတော့ဘူး သူငယ်ချင်း၊ ဒီလိုပျော်ဖို့ လုံးဝ မဖြစ်နိုင်တော့ဘူး၊ ဘယ်လိုမှကို မဖြစ်နိုင်တော့တာ၊ မင်းကို ကျေးဇူးပဲကွာ”

သူက လက်ဆွဲနှုတ်ဆက်ပါတယ်။ သူ့မျက်ဝန်းမှာ မျက်ရည်တွေ ဝဲနေတာကို ကျွန်တော် တွေ့လိုက်ရတော့ စိတ်မကောင်း. တော်တော် ဖြစ်သွားတာ အမှန်ပဲ၊ အရင်က သူငယ်ချင်းလည်းမဟုတ် သိလည်း မသိခဲ့ပေမယ့် သူ့ကို အဲဒါ မပြောတော့ပါဘူး၊ အခု သူငယ်ချင်းဖြစ်သွားပြီမဟုတ်လား။

ကျွန်တော် ကားအောက်ရောက်တော့ သူက ပြတင်းမှန်ကို ချတာနဲ့ ရပ်လိုက်ရတယ်။

“မင်းဖုန်းနံပါတ် ပေးခဲ့လေကွာ”

“ပေးလို့မရဘူး. . . သူငယ်ချင်း၊ နောက်တွေ့လို့လည်း မရတော့ဘူး၊ ကဲ. . . ဒါတော့ မင်းလက်ခံ သူငယ်ချင်းရာ၊ မင်းလေဒီကို ချော့ဖို့ ဒါလိုတယ်ကွ”

“ဟာ. . . မလိုပါဘူး ရပါတယ်၊ ဘာမှမဖြစ်ဘူး၊ မထူးဘူး. . .



www.burmeseclassic.com

www.burmeseclassic.com



ရတယ်"

"ယူပါကွာ. . . ဒါ ငါ့အမှတ်တရလက်ဆောင်ပါ၊ နောင်လည်း တွေ့ရတော့မှာ မဟုတ်လို့ ယူပါ၊ ရော့. . . . ယူပါဆိုကွာ"

သူ စိတ်မကောင်းမှာစိုးလို့ ကျွန်တော် ပါကင်ထုပ်ထားတဲ့ ဖဲပြားတွေဘာတွေချည်ထားတဲ့ စက္ကူဗူးလေးကို ယူလိုက်ရတယ်။

"ဖုန်းနံပါတ်က ဘာဖြစ်လို့. . ."

"ပေးလို့ မရလို့ပေါ့ကွာ၊ ကဲ. . . သွားပြီ သူငယ်ချင်း"

မှန်တံခါးပိတ်သွားပြီး ကားလေးက ငြိမ့်ခနဲ ထွက်သွားတယ်။ ဒီနေရာပဲ 'ဟေ့ကောင်. . . တက်တက်' လို့ခေါ်သွားပြီး ဒီနေရာမှာပဲ ဘာမှမပြောဘဲ ချထားခဲ့ပြီး ထွက်သွားတဲ့ကားလေးကို ငေးနေမိတယ်။

ကျွန်တော် အားနာပြီး သူ့နာမည်ကို မမေးခဲ့မိဘူး။ ဖုန်းနံပါတ်ကျတော့လည်း ပေးလို့မရလို့တဲ့။ ကျွန်တော်လည်း ဘာမှ နားမလည်ရာကနေ နားလည်ဖို့ကြိုးစားရင်း နားမလည်ဘဲ ကျန်ခဲ့တာပါပဲ။ အင်း နောက်ထပ် နားမလည်နိုင်တဲ့ ဘူးတစ်ဘူးလည်း ပါသေးတယ်။ အိမ်ရောက်မှ ဖွင့်ကြည့်ရမယ်။

အိမ်ကိုရောက်တော့ စာတစ်စောင်တွေ့ရတယ်။ ကျွန်တော် သဘောပေါက်ပါတယ်။ တစ်ညလုံးပြန်မလာဘဲ ကိုယ်ဝန်ကြီးနဲ့ သူ့ကို ပစ်သွားတဲ့အတွက် အရမ်းနာကြည်းသွားတယ်တဲ့။ ဝေဒင် မုန်းတယ်တဲ့။ သူ့အမေအိမ်ကို ပြန်သွားပြီ။ လိုက်မခေါ်ပါနဲ့တော့တဲ့။ သော့ကို အရင်နေရာမှာ ထားခဲ့တယ်တဲ့။ ဟင်းတွေ ကြောင်အိမ်ထဲမှာ ရှိတယ်တဲ့။

ကျွန်တော် ပြုံးရင်း သော့ကိုယူ၊ အိမ်တံခါးကိုဖွင့်၊ ရေတစ်ခွက် သောက်ပြီး ခြေပစ်လက်ပစ် ခဏထိုင်တယ်။ ပြီးတော့မှ ဟိုကောင်ပေး





သွားတဲ့ဘူးကို ဖြေရတယ်။ ဖြေရင်း 'မနေချင်လို့သွားတာ သွားပေါ့' လို့ ပြောရင်း စက္ကူဘူးတွေ ခွာချပြီး ကြည့်လိုက်တော့. . .

တစ်ထောင်တန်အသစ် (ဆိုက်အသေး) တွေ ၁၀ ထုပ်ကို တွေ့လိုက်ရတော့ ကျွန်တော် မှင်တက်သွားတယ်။ ဒီကောင် အထုပ်မှားပေးမိပြီလို့၊ ငွေတွေကို မလိုက်တော့ ကတ်ပြားလေးတစ်ခုကို တွေ့ရတယ်။

'ခင်မင်ရသော သူငယ်ချင်းအတွက်' တဲ့။ နာမည်လည်းမပါ။ ဆိုင်းလည်း ထိုးမထားပါဘူး။

ကဲ. . .

ကိုယ့်လူရေ. . . အဲဒီလူဟာ ဘယ်သူလဲ၊ ကျွန်တော်ဟာ ဘာဖြစ်လို့ သူ့သူငယ်ချင်းဖြစ်သွားရတာလဲ။ သူ့နာမည်ကိုလည်း မပြော၊ ကျွန်တော့်နာမည်ကိုလည်း မခေါ်နဲ့ ဘာဖြစ်လို့ နေကြတာလဲ။ ဖုန်းနံပါတ် ဘာဖြစ်လို့မပေးတာလဲ။ နောက် လဲပေါင်းများစွာကိုလည်း ကိုယ့်လူပဲ တွေးပါတော့ဗျာ။

ကျွန်တော်ကတော့ အဲဒီကိစ္စလေးကို ခဏ ခဏ သတိရနေမိတယ်။ အမှတ်တရဖြစ်နေမိတယ်။ ဘာအကြောင်းအရာမှ မယ်မယ်ရရ ပြောစရာမရှိဘဲနဲ့ 'အမှတ်တရ' ဖြစ်နေတဲ့ အမှတ်တရလေးပါ။ တကယ်လို့ အဲဒီလူ ဒီစာကို ဖတ်ဖြစ်ရင်တော့ ကျွန်တော်က အရင် မိတ်ဆက်ပါတယ်ဗျာ။

ကျွန်တော် 'နီကိုရဲ' ပါ။ စာရေးဆရာ နီကိုရဲပါ။

ခင်ဗျား ဘယ်သူပါလဲ. . . ။

■



www.burmeseclassic.com

www.burmeseclassic.com



# လှည့်ပြောင်းခြင်း





ကျွန်တော်တို့ရပ်ကွက်ကလေးကို ဒေါ်တင်အေးမြင့် ပြောင်းပုံက ထူးဆန်းပါတယ်။ ၁၉၈၀ ခုနှစ်လောက်တုန်းက အိမ်ငှား အိမ်တက် အိမ်ဆင်းဆိုတာကတော့ မထူးဆန်းတော့ဘူးပေါ့လေ။ ကျွန်တော်တို့နေတဲ့ အိမ်ကိုတောင် တစ်ခြမ်းကန့်ပြီး အိမ်ငှားထားရတာမဟုတ်လား ဒါပေမယ့် ရပ်ကွက်တစ်ခုကို အိမ်ပြောင်းလာရင် ဒီလိုပဲ သိချင်ကြစပ်စုချင်ကြတာ သဘာဝပါပဲ။ အဲဒီတော့ သဘာဝကျတဲ့ကိစ္စကို သူတို့က ဆောင်ရွက်ပါတယ်။

ဒေါ်တင်အေးမြင့်တို့ အိမ်ပြောင်းတဲ့ကိစ္စကလည်း ထူးခြားပါတယ်။ အိမ်ထောင်ပရိဘောဂတွေကို ထားလိုက်ဦး။ ကားပေါ်ကချတဲ့ နတ်ရုပ်ကြီးတွေက အကြီးကြီးခင်ဗျ။ ဒီတော့ ရပ်ကွက်ထဲကလူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း နည်းနည်းတော့ လန့်သွားပေမယ့် အထူးအဆန်းမို့ ဝိုင်းပြီး ကြည့်ကြပါတယ်။

"ဟဲ့. . . မယ်တော့လက်ကို မထိစေနဲ့နော်၊ ကိုကြီးကျော်ရဲ့ မျက်နှာတော်ကို ဖွင့်ထားဆိုတာမရဘူးလား၊ နင်တို့တော့လေ. . . "

"ကျွန်တော်တို့လည်း အိမ်ထောင်ပရိဘောဂတွေရော ဒီနတ်ရုပ်တွေရောနဲ့ ရှုပ်နေလို့ သူတို့ကို အရင်ရှင်းတာပါ"

"ဟယ်. . . ရိုင်းလိုက်လေ၊ ဒါ မိဆိုင်ဖဆိုင် ရိုးရာတွေဟဲ့၊ နင်တို့ ဒီလိုလုပ်တာ ကောင်းရိုးလား"

ဒေါ်တင်အေးမြင့်က ဒေါသတကြီးဆိုပါတယ်။ ရပ်ကွက်ထဲက လူတွေလည်း ကားပေါ်ကချတဲ့ နတ်ရုပ်ကြီးတွေကိုကြည့်ပြီး ကြောက်ကုန်ကြတယ်။ ကျွန်တော်လည်း ငယ်စဉ်တုန်းကတော့ ကြောက်တာပါပဲ။ ဒါပေမယ့် အခုကျတော့ သိပါပြီ။ ပန်းပုထု သိပ်မကျွမ်းတဲ့လူတွေက သူတို့ရဲ့ ငွေရချင်ဇောနဲ့ အချောမကိုင်ခဲ့တဲ့နတ်ရုပ်တွေကို ပေးထားတာကိုး။ သူတို့က ကြမ်းလေ ကိုယ်က ကြောက်လေဆိုတော့ ဒေါ်တင်အေးမြင့်အတွက် အကောင်းဆုံးဖြစ်မှာပေါ့၊ အဲဒီ မပြီးသေးတဲ့ နတ်ရုပ်တွေပေါ်မှာ ဆေးတွေကလည်း ပျစ်ခဲလို့ပေါ့။

နောက်တစ်နေ့မှာ လူပြောများတဲ့ကိစ္စက ဒေါ်တင်အေးမြင့်ရဲ့ အိမ်ပြောင်းတဲ့အကြောင်းဖြစ်နေတယ်။ နတ်ရုပ်ကြီးတွေကိစ္စလည်း ပါတာပေါ့၊ အဲဒီ နတ်ရုပ်ကြီးတွေကိစ္စကို တစ်ရပ်ကွက်လုံးက စိတ်အဝင်စားဆုံးပဲ၊ ဒါနဲ့ ဒေါ်တင်အေးမြင့်ကို ရပ်ကွက်ထဲကလူတွေက ကြည့်ကြတော့ ဒေါ်တင်အေးမြင့်က ယောဂီရောင်ဝတ်စုံနဲ့ပဲ လမ်းထွက်လျှောက်တာ မြင်ရပါတယ်။ လက်ထဲမှာလည်း စိပ်ပုတီးလေးကိုင်လို့၊ သူ့နောက်





က အသက်လေးဆယ်လောက်ရှိတဲ့ လူတစ်ယောက်က ရေလိုက်တိုက်တာကို ရပ်ကွက်ထဲက လူတွေ တော်တော်များများတွေ့ကြတယ်လို့ သတင်းပြန့်ပါတယ်။

ဒီတော့ ရပ်ကွက်ထဲက လူတော်တော်များများက သူ့ကို လန့်ပြီး 'မယ်တော်ကြီး'ဆိုတဲ့ စကားအသုံးအနှုန်းနဲ့ ဂုဏ်ပြုပါတယ်။

သူကလည်း သူ့ကို ဒီလိုဂုဏ်ပြုမှန်းသိတော့ နတ်ကန္တားပွဲတစ်ပွဲကို ခြိမ့်ခြိမ့်သဲပေးပါတယ်။

ကျွန်တော်တို့ရပ်ကွက်ကလေးကလည်း ပွဲတော်နေတာဆိုတော့ အဲဒီနတ်ကန္တားပွဲကို အိမ်ရှိလူကုန်အစုံ အားပေးကြပါတယ်။ အဲဒီပွဲမှာ သူတို့တစ်တွေ ဘာဆိုဆို ကက ကျွန်တော်တို့ကတော့ သဘောကျတာပါပဲ။

အဲဒီအချိန်ကျမှ ဒေါ်တင်အေးမြင့်က တစ်စခန်းထပါတယ်။

"ဟယ်. . . နင်တို့ ငါ ဘာဆိုတာ မသိကြဘူးလား"

"မသိပါခင်ဗျား"

"ဟဲ့. . . အမိုက်အမဲတွေရဲ့ နင်တို့ သိရမှာပေါ့. . . တော်. . "

အဲဒီစကားဆုံးတဲ့အချိန်မှာ ဒေါ်တင်အေးမြင့်က နတ်ကန္တားပွဲအလယ်မှာ ခုန်ပေါက်နေပါပြီ။ ဒီစကားကိုဖြေမယ့်သူကလည်း တော်တော်လေးကြောက်နေပါပြီ။ ကျွန်တော်တို့ကြည့်ရတဲ့ ပရိသတ်ကလည်း တော်တော်ကြောက်နေပါပြီ။

သူ့ပွဲ သူကိုယ်တိုင် ငွေစိုက်ထုတ်ပြီး လုပ်တဲ့ပွဲမို့ တော်ရုံလူက လည်း ဝင်ပြီး မတားရဲပါ။ ပြီးတော့ သူကလည်း နတ်ဝင်သည်ကြီး၊ သူဟာ သူမဟုတ်ဘူး၊ သူ့ဆီမှာ ဘာနတ်ဝင်နေမှန်းလည်း ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



တကယ်မသိပါဘူး။ ဒါပေမဲ့ ကြောက်နေကြရတာတော့ အမှန်ပါပဲ။

အဲဒီလိုဖြစ်အောင် သူကလည်း ဟောက်နေတာ အမှန်ပါပဲ။

"နင်တို့ ငါ့ကို မယုံကြည်ရင် ဘာဖြစ်သွားမယ်ဆိုတာ သိသလား"

စကားဆုံးတော့ ဆိုင်းဝိုင်းကတောင် အသံမထွက်တော့ပါဘူး။ အဲဒီအချိန်မှာ နတ်ဝင်သည်ကြီးရဲ့စကားက အားလုံးအပေါ် အစိုးရပါတယ်။ သူဟာ အားလုံးကို ကယ်ဆယ်ဖို့လာကြောင်း၊ သူ့ကို ကိုးကွယ်ရင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအားလုံး အဆင်ပြေမှာဖြစ်ကြောင်းတွေကို ခုန်ရင်းပေါက်ရင်း ဒေါသမာန်မာနနဲ့ ပြောပါတယ်။ ကျန်တဲ့သူတွေကြောက်ပြီး ကျွန်တော်ကတော့ တော်တော်စိတ်ညစ်သွားတယ်။

သိပ်မကြာပါဘူး၊ ကျွန်တော်တို့ရပ်ကွက်ရဲ့ ဓမ္မာရုံနားက ညောင်ပင်ကြီးမှာ ခိုင်ခိုင်ခန့်ခန့် နတ်စင်တစ်ခုကို တွေ့ရပါတယ်။ နတ်စင်တည် ဆောက်သူ ဆရာမကြီး ဒေါ်တင်အေးမြင့်ဖြစ်ပြီး ပထမဦးဆုံးနေ့ ပွဲပေးပြီးကတည်းက ဖယောင်းတိုင်နဲ့ အမွှေးတိုင်ပူဇော်သူတွေက ရပ်ကွက်ထဲကလူတွေပါ။

ဆရာမကြီးက အဲဒီအပင်မှာ ရုက္ခစိုးရှိတယ်။ သူ့ကို ပူဇော်ရမယ်လို့ ဆိုပါတယ်။ အကုန်လုံးကလည်း ကြောက်ကြ လန့်ကြပြီး ပြုမြဲထုံးစံအတိုင်း ပူဇော်ကြပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးဆိုတာကလည်း သစ်ပင်ကြီးရင် ကြောက်တတ်ကြပါတယ်။ သစ်ပင်ကြီးကြီးရှေ့မှာ မဖွယ်မရာလုပ်မိရင်တောင် လက်အုပ်ချီပြီး 'ခွင့်လွှတ်ပါ' လို့ ဆုတောင်းတတ်တဲ့လူမျိုးဆိုတော့ ဆရာမကြီးရဲ့ ဉာဏ်သွားပုံဟာ အားလုံးအတွက် ရှိသေစရာ ထိတ်လန့်စရာ ဖြစ်နေပါတယ်။ ဒါပေမဲ့ ဆရာမကြီး ဒေါ်တင်အေးမြင့်ဆီကိုတော့ သွားတဲ့သူ သိပ်မရှိပါဘူး။ သူ့ကို ကြောက်တာ





ရယ်၊ ဘာမှန်းမသိတာရယ် ကိုယ့်ကို စိတ်ဆိုးရင် ကိုယ်ခံရမယ့်ကိစ္စရယ်ကြောင့်ပါ။

ဆရာမကြီးကတော့ မနက်မိုးလင်းတာနဲ့ ပုတီး လက်ကကိုင်ပြီး အိမ်ရှေ့မှ ယောဂီဝတ်စုံနဲ့ လမ်းလျှောက် ပုတီးစိပ်ပြီး သူပူဇော်ထားတဲ့ ဓမ္မာရုံနားက နတ်ကွန်းကိုသွားပြီး ရှိခိုး ဆုတောင်းပါတယ်။

ဒီလို ဆုတောင်းဝတ်ပြုတာကို ရပ်ကွက်ထဲက တွေ့ကြတဲ့သူတွေက တွေ့ကြတော့ တဖြည်းဖြည်းနဲ့ ဆရာမကြီးအပေါ် ယုံကြည်သူတွေများလာပါတယ်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာလူမျိုးတွေဟာ စိတ်သဘောထား နူးညံ့တဲ့အတွက် နိုးရာကို ရိုကိုးကြ မြင်ရာကို ရိုကိုးကြတာ သဘာဝပါ။ အဲဒီအပေါ်မှာ အခွင့်ကောင်းယူဖို့ ကြိုးစားတဲ့သူတွေကို အပြစ်တင်ရမှာပါ။

ဆရာမကြီးရဲ့ နေ့စဉ်ပြုနေကျဝတ်က တစ်လကျော်ကြာတော့ ဆရာမကြီးကို အားကိုးယုံကြည်သူတွေ ပေါ်လာပါတယ်။ ယုံကြည်တဲ့အထဲမှာ မနက်ခင်း ပဲပြုတ်ရောင်းရတဲ့ အေးစိန်က ရှေ့ဆုံးပေါ့။

သူ ပဲပြုတ်ရောင်းတဲ့ မနက်ခင်း ခြောက်နာရီလောက်မှာ ဆရာမကြီးက သူနတ်ကွန်းဆောက်ထားတဲ့ ညောင်ပင်မှာ ပုတီးစိပ်နေတာကိုး။ အေးစိန်က အဲဒီသတင်းကိုပြန်ဖြန့်တော့ ကြည်ညိုသူတွေ လာကြပါတယ်။

အေးစိန်ကတော့ ထိပ်ဆုံးကပေါ့လေ။

အဲဒီနေ့မှာ ဆရာမကြီးက အေးစိန်ကို အရင်တီးတယ်။

"ဟဲ့ . . . အေးစိန် . . . နင့်ယောက်ျား ဖောက်ပြန်နေတာတို့



www.burmeseclassic.com

www.burmeseclassic.com



နင်သိရဲ့လား"

"ရှင်"

အေးစိန်ကလည်း လူရှေ့သူရှေ့ကတော့ ရှက်တာပေါ့၊ ရှက်ရှက်နဲ့ပဲ 'ရှင်' လိုက်ရပါတယ်။ ဒါကို ဆရာမကြီးက သိတယ်။

"မရှင်နဲ့. . . အေးစိန်. . . ငါ့ရဲ့ ကျင့်ရိုးကျင့်စဉ်ဉာဏ်မှာ နင့်ယောကျ်ား ဖောက်ပြားနေတာ တကယ်ပဲ"

"ကျွန်မ. . . ကျွန်မလည်း မသိရပါလားရှင်"

အေးစိန်သည် ရှိုးဦးတင်ကာ ကျုံ့ကျုံ့ရုံ့ရုံ့လေးထိုင်ရင်း လေးစားစွာ စကားကိုဆိုသည်။ ကျန်လူများကလည်း ဘာမှန်းမသိ။ ကြောက်လန့်ကာ ဆရာမကြီးကို ရှိခိုးကြ၏။ ဒီတော့မှ ဆရာမကြီးက တစ်စခန်းထလေသည်။

"ကဲ. . . မသိဘူးဆိုရင် ကျိန်မလား"

"ရှင်"

"အဲ. . . အဲဒီ. . . ရှင်. . . ဆိုတာ ဘာလဲ"

"ရှင်ဆိုတာ. . . 'ရှင်' ပါပဲရှင်"

ဆရာမကြီးက ခပ်တည်တည်နေလိုက်သည်။

ရိုးသော အသော ကြောက်တတ်လွန်းသော အေးစိန်သာ ပုဆစ်တုပ်ထိုင်ရင်း နေရ၏။

သူ့စိတ်ထဲမှာ စဉ်းစားနေတာကတော့ သူ့ယောကျ်ားသည် ရိုးရိုးအေးအေးနေတတ်သော ယောကျ်ားတစ်ယောက်ဖြစ်သည်။ ဘယ်မိန်းမနှင့်မှလည်း မရှုပ်စဖူး။ ဒါပေမယ့် ဆရာမကြီးက ပြောနေပြီ။

နတ်ရုပ်ကြီးတွေကလည်း ကြီးလှသည်။ နောက်မှာလည်း ကိုယ်





နှင့်ရင်းနှီးသော သူငယ်ချင်းမိန်းကလေးတွေက ရှိသည်။

မိန်းမမှာ အရှက်၊ ယောကျ်ားမှာ အသက်ဆိုသော စကားအတိုင်း အေးစိန်သည် ရှက်ရှက်နှင့်အော်တော့သည်။

"ကဲ. . . ဒင်းဖောက်ပြန်တယ်ဆိုရင် ဖောက်ပြန်တဲ့သူ ဒီအထဲမှာ ပါသလား"

အေးစိန်၏ ရဲရဲတောက်စကားကြောင့် ဆရာမကြီး လန့်ကာသွားသည်။

သူ စတင်လူယုံသွင်းသော အေးစိန်က သူ့ကို ပြန်ကလန့်သဖြင့် စိတ်လည်းမောသွား၏။ ထိုအချိန်တွင် အေးစိန်က ဒေါသနှင့်အော်သည်။

"ကဲ. . . ဆရာမကြီးရဲ့ အကုန်လုံးသိတယ်ဆိုရင်ဖြင့် ကျွန်မယောကျ်ား ဘယ်သူနဲ့ဖောက်ပြန်သလဲဆိုတာသာ ပြောပါတော့၊ သေချာရင် ဒင်းကိုတော့ . . ."

"စနေသမီးကွယ့်"

ဆရာမကြီးက ခပ်တည်တည်မိန့်သည်။

"ဒီရပ်ကွက်ထဲမှာ စနေသမီးတွေ အများကြီးပဲ၊ နာမည် ဘယ်သူလဲ"

"တဝင်းပူတော့ ပါတယ်"

"စနေဆို တဝင်းပူတော့ ပါမှာပေါ့၊ အတိအကျပြောပါ"

"ဆရာကြီးက ခွင့်မပြုဘူးကွယ့်"

"ဆရာမကြီးကလည်း ဒေါ်တင်အေးမြင့်ဆိုတော့. . ."

ဆရာမကြီး၏လေသံသည် ပျော့နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အေးစိန်၏အသံမှာ ထင်းထင်းလင်းလင်းကြီးကို ရှိနေ၏။

သူသည် အလင်းရောင်ပေးထားသော နတ်ရုပ်ကြီးများကို လည်း မကြောက်တော့။

သူ့အရှေ့က နတ်ဆရာမကြီးကိုလည်း မကြောက်တော့ သူ့စိတ်ထဲရှိတာက သူ့ယောက်ျား ဘယ်သူနှင့်မှ မဖောက်ပြန်ကြောင်းကိုသာ ပြောချင်နေသည်။

ထို့အတွက် သူ့မှာ ယုံကြည်မှုရှိသည်။ သတ္တိလည်းရှိသည်။ ပြတ်သားသောစိတ်နှလုံးလည်း ရှိသည်။ မာန်မာနလည်း ရှိသည်။

ထိုသတ္တိများအားလုံးဖြင့် ရင်ဆိုင်သော အေးစိန်ကို ဆရာမကြီး မခံနိုင်ပါ။ ဒီတော့မှ ဆရာမကြီးနောက်မှာ လိုက်နေသော လူကြီးက ကြောက်မက်ဖွယ်ရာကောင်းသော အသံဖြင့် ဟစ်ကာပြောသည်။

"ဟေ့. . . ကလေးမ. . . ဆရာမကြီးကို ပြစ်မှားရင် မင်း ဒုက္ခရောက်လိမ့်မယ်"

"ရောက်ပစေ. . . ကျွန်မ ဘယ်လောက်ဒုက္ခရောက်ရောက် ကျွန်မယောက်ျား နောက်တစ်ယောက်ထားတယ်ဆိုတာထက် ပိုတဲ့ဒုက္ခ ကျွန်မမှာမရှိဘူး၊ ဒီမှာက ကလေးသုံးယောက်နဲ့ရှင့်၊ ကဲ. . . အတပ်သိရင် ပြောစမ်းပါ၊ အဲဒီကောင်မလေးက ဘယ်သူလဲ၊ စနေသမီးဆိုတာနဲ့တော့ ကျွန်မကို မနှိပ်စက်ပါနဲ့၊ ပြောနိုင်ရင် အတပ်ပြောပါ"

အေးစိန်၏ တိတိကျကျ ရဲရဲတောက်စကားအောက်တွင် ဆရာမကြီးဆိုသူ ဘာမှမပြောနိုင်။ ဒါပေမဲ့ သူ့မှာလည်း မာယာတော့ရှိပါသေး၏။ ဘုရားစင်ဘက်ကို ဘုရားရှိခိုးတော်မူလေသည်။

အေးစိန်ကတော့ မဲ့ကာ . . .





"ဘုရားကိုဗန်းပြ. . . ရှေ့ထုတ်ပြီး လုပ်စားနေတဲ့ ကဝေမကြီး" ဟု ပြောကာ ထွက်သွားသဖြင့် ကျန်လူတွေကလည်း မဲ့ကာရွဲ့ကာဖြင့် ထွက်ခဲ့ကြလေသည်။ ကျွန်တော်ကတော့ ထိုမြင်ကွင်းကို အကြောင်းသားငေးကာ ထိုင်ရာမှ ထခဲ့ပါသည်။

ထိုစဉ်တုန်းက ကျွန်တော့်စိတ်ထဲမှာ ကြောက်လည်းကြောက်ပါသည်။ မခံချင်စိတ်လည်း ဖြစ်ပါသည်။ မတရားမှုတစ်ခုဟုလည်း ထင်မိပါသည်။

သို့သော် ကျွန်တော်သည် အေးစိန်လို တစ်ခွန်းမျှ မပြောမိခဲ့သည့်အတွက် အခုထိ နောင်တရနေတုန်းဖြစ်ပါသည်။

နောက်တစ်နေ့ကျတော့ အေးစိန်သည် သူ့ယောက်ျားကို လက်မောင်းကိုင်ကာ မာန်တင်းတင်းဖြင့် လမ်းလျှောက်လာသည်။

အေးစိန်မျက်နှာ ပြုံး၍နေသည်။ အားလုံးက ထိုအပြုံးသည် အေးစိန်၏ အလှဆုံးအပြုံးဟုဆိုကြသည်။ သူ့ယောက်ျားကတော့ အနည်းငယ် အူကြောင်ကြောင်ဖြစ်နေဟန် တူ၏။ သူ ဘာကိုမျှလည်းမသိ။

သို့သော် သူသည် အေးစိန်အပေါ်မှာ သစ္စာရှိကြောင်းတော့ ထင်ရှားပါသည်။ ကျွန်တော်တို့အားလုံး ဒီတော့မှ သက်ပြင်းချဖြစ်ကြသည်။

နောက်တစ်ပတ်သာကြာသည် ဆရာမကြီးဒေါ်တင်အေးမြင့်သည် ကျွန်တော်တို့နေထိုင်သော ရပ်ကွက်ကလေးမှ သူငှားထားသော အိမ်ကို ပြန်အပ်ကာ ပြောင်းရွှေ့သွားသည်။

အေးစိန်သည် ကျွန်တော်တို့စကားဝိုင်းမှာ Hero တစ်ယောက် ဖြစ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် သူ ပြန်မဆုံတွေ့ကြသော်လည်း သူ့ကို ကျွန်တော် ဒီနေ့အထိ အမှတ်ရနေပါသည်။

မိန်းမတိုင်း ကြောက်ရွံ့ကြသော ကိစ္စကြီးတစ်ခုကို ရှစ်တန်းပင် မအောင်သော အေးစိန်သည် ရဲဝံ့ပြတ်သားစွာ ဆန့်ကျင်သွားပါကလား ဟု ကျွန်တော် ထင်ပါသည်။

ဒီနေ့ ခေတ်ပညာတတ် မိန်းကလေးတွေဆိုလျှင် အေးစိန်ထက် ပို၍ ဉာဏ်ရှိ အသိပညာရှိသော မိန်းကလေးများဖြစ်သည့်အတွက် အေးစိန်ထက် ပို၍ အမှန်တရားနှင့် လှည့်ဖြားခြင်းကို သိမြင်မှာပဲဟု ကျွန်တော် ထင်မိပါသည်ခင်ဗျား။

■





# မှင်စာကလေးများ "ခေတ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"တစ်. . . နှစ်. . . သုံး. . . လေး. . . ငါး. . . ခြောက်. . . ခုနစ်. . . ရှစ်. . . Left turn... "

မျက်နှာသုတ်ရင်းက သူကြားရသည့်အသံကြောင့် တော်တော်အံ့သြသွားသည်။ ကြားရသည့်အသံက သူ့ညီမလေး သော်မေမေဆန်း၏ အခန်းထဲမှဖြစ်သောကြောင့် ပို၍ အံ့သြရသည်။ မျက်နှာပေါ်မှ မျက်နှာသုတ်ပုဝါကို မဖယ်သေးဘဲ ဒါ ဘာအသံလဲ. . . ဟု သူ စဉ်းစားသည်။ အဖြေကား မရ။ သူ့နှမ သော်မေမေဆန်းတစ်ယောက် ဘာတွေလုပ်နေပြန်ပြီလဲဟု တွေးမိသည်။

အတွေးဆုံးတော့ သိချင်စိတ်က စိတ်ထဲမှာ ဟိုဒီခုန်ပေါက်၍ ရောက်လာသည်။ သူနားမလည်သော. . . တစ်. . . နှစ်. . . သုံး. . .





ရေရွတ်သံကတော့ ပုံမှန်ထွက်နေဆဲ. . .။ ဘာသံလဲ. . . ဟု တွေးရင်း တံခါးနားသို့ကပ်၍ ချောင်းကြည့်ရင်း နှမဖြစ်သူ၏အခန်းကို ချောင်းမကြည့်ရဟူသော စည်းကမ်းကို ခပ်တည်တည်ပင် ချိုးဖောက်ပစ်လိုက်၏။

အခန်းထဲကမြင်ကွင်းကို မြင်ရတော့ သူ ပို၍ နားမလည် ဖြစ်သွားသည်။ အခန်းထဲတွင် သူ့နှမ ငသော်တစ်ယောက်တည်း မဟုတ်။ ငသော့်သူငယ်ချင်း တခြားကောင်မလေးတစ်ယောက်လည်း ရှိနေသည်။ ထိုကောင်မလေးက အားကစားဘောင်းဘီ၊ ရှပ်အနီရောင်ကလေးကို ဝတ်၍ထားသည်။ ကိုယ်လုံးကိုယ်ပေါက်က ထုံးစံအတိုင်း ငသော့်လိုပဲ ကြောင်ကို ရေချိုးပေးထားတဲ့ဘော်ဒီနဲ့ ဖြစ်သည်။

သူတို့နှစ်ယောက် တန်းစီရပ်နေရာမှ မျက်နှာထားကလေးများက တစ်မျိုးပြောင်းသွားကြပြီး ပခုံးချင်းတန်း၍ ဟန်ပါပါ လျှောက်လိုက်ကြသည်။ နှုတ်မှ သူ ခုနက ကြားလိုက်ရသော တစ်. . . နှစ်. . . သုံး . . . လေး ကို သံစဉ်နှင့် အော်ရင်း ခါးကိုလက်ထောက်ပြီး လျှောက်လိုက်ကြသည်။

ခါးကိုထောက်ထားသည့် လက်မောင်းကလေးတွေက ကျိုက်ထီးရိုးဘုရားက ဝါးလုံးကလေးတွေကို အမှတ်ရစေသည်။ နံပါတ်ရှစ်ကို ရေတွက်ပြီးတော့ ဆတ်ခနဲရပ်ပြီး မေးစေ့ကို ရုတ်တရက် ကားဘရိတ်အအုပ်ခံလိုက်ရသလို ထိုးဆောင့်ပစ်လိုက်ပြီး လည်အလိမ်ခံလိုက်ရသလို ခန္ဓာကိုယ်ကို တစ်ချက်စောင်းသည်။ သို့သော်လည်း မျက်နှာတွေကတော့ စပ်ဖြဲဖြဲနှင့် တစ်ခုခုကို မာန်တက်နေသလို မျက်နှာပေးမျိုးဖြင့် ငြိမ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘာမှမရှိသော ရှေ့ကအခန်းနံရံကို မျက်စောင်းတစ်ချက်ထိုးပြီး ခန္ဓာကိုယ်ကို ဆတ်ခနဲ တွန့်ဆွဲယူသွားပြီး တစ်. . . နှစ်. . . သုံး. . . လေး. . . အော်ရင်း လမ်းဆက်လျှောက်ကြပြန်သည်။

သူချောင်းကြည့်နေရင်းက ဘာတွေဖြစ်ကုန်ပြီဆိုတာကို နားမလည်နိုင်ပါ။ သူ့အမြင်မှာတော့ အင်္ကျီဖွံ့ရှိဖားရားဝတ်ထားသော အရိုးခြောက်ကလေးနှစ်ကောင်က ချောင်းကြည့်နေသောသူ့ကို စပ်ဖြဲဖြဲနှင့် ပြောင်ပြနေသည်ဟုပင် ထင်သည်။

ချောင်းကြည့်နေရင်းက မေမေ့ကို ခေါ်ပြထားဦးမှ. . . ဟူသော အတွေးကလေး ဝင်လာစဉ်မှာပင်. . .

"ကိုရဲ. . . ဒါ မင်း ဘာလုပ်နေတာလဲ"

မေမေ၏ ခပ်ထန်ထန်အသံကြောင့် သူ့နှလုံးသားသည် လည်ချောင်းမှ ခုန်ထွက်သွားသလို ခံစားလိုက်ရ၏။ မေမေက သူ့နောက်မှာ ခါးထောက်၍ရပ်နေသည်။ အကြည့်က စူးရှတင်းမာလျက်ရှိသည်။

"မဟုတ်ဘူးမေမေ. . . အထဲမှာ. . ."

"ဘာအထဲမှာလဲ. . . မင်းကို ဒီလိုမျိုး တွေ့ရလိမ့်မယ်လို့ မေမေ ထင်မထားခဲ့ဘူး၊ သား. . . မင်း တော်တော်လေးကို ဆိုးတဲ့အဖြစ်ကို လုပ်လိုက်တာပဲ"

"မဟုတ်ဘူး မေမေ. . . သားရှင်းပြမယ်. . . ဒီလိုလေ"

သို့သော် သူရှင်းပြရန် မလိုလိုက်ပါ။

သူကျောပေးထားခဲ့သော ညီမလေး၏အခန်းတံခါးသည် ချက်ချင်းပွင့်လာပြီး ညီမလေးနှင့် သူငယ်ချင်းတို့ ထွက်လာကြသည်။ ညီမလေးမျက်နှာက နီရဲနေပြီး ညီမလေးသူငယ်ချင်း၏ မျက်နှာကလည်း





ဒေါသရိပ်ပါးပါးနှင့် ရှက်သွေးဖြန်းနေခြင်းတို့ကြောင့် မေမေ့ဒေါသကပိုဆိုးသွားသည်။ နောက်တစ်ခု ပိုဆိုးသည့်ကိစ္စက ငသော့သူငယ်ချင်းကောင်မလေးက အခန်းထဲကထွက်အလာတွင် သူ့အင်္ကျီကို ကြယ်သီးတပ်လျက်ရှိနေခြင်းပင် ဖြစ်သည်။

"ဘာလုပ်တာလဲ ကိုကိုရာ၊ သိပ်ရှက်ဖို့ကောင်းတာပဲ၊ ဟုတ်တယ်. . ."

"ဟ. . . ဘာဆိုင်လို့လဲဟ၊ ငါ. . . ငါကြည့်တုန်းက ဒီအင်္ကျီကိစ္စမပါဘူး၊ ဟို. . . ရိုးရိုးပဲ. . . ငါက. . ."

"အင်္ကျီကိစ္စ. . . ဘာအင်္ကျီကိစ္စကိုပြောတာလဲ၊ ကိုကို ဘာတွေလဲ"

"မဟုတ်ဘူးလေ. . . ဒီ. . . ဒီအင်္ကျီကို. . ."

"ကိုရဲ တိတ်စမ်း. . . ဘာပဲဖြစ်ဖြစ် မင်း အခုလို ကိုယ့်ညီမလေးရဲ့အိပ်ခန်းကို ချောင်းတယ်ဆိုတာကတော့ လုံးဝ အဓိပ္ပာယ်မရှိဘူး၊ မျက်စိနဲ့သာ သေသေချာချာမမြင်ရရင် ဘယ်သူပြောပြော ငါ ယုံမှာမဟုတ်ဘူး ကိုရဲ"

"ဟာ. . . မေမေရာ. . . ဒုက္ခပါပဲ၊ ကျွန်တော်ပြောတာကို ခဏလေး ဆုံးအောင် နားထောင်စမ်းပါဦး၊ ကျွန်တော် ရှင်းပြခွင့်မရရင် ပြဿနာတွေအကုန်တက်ပြီး ကျွန်တော်လည်း လူယုတ်မာဖြစ်သွားလိမ့်မယ်"

"ငါ့မျက်စိနဲ့ တပ်အပ်မြင်တဲ့ဟာကို မင်း ဘာတွေ ဗလောင်ဗလဲလုပ်ဦးမလို့လဲ၊ ကိုရဲ. . . နင့်အကြောင်း ငါမသိရင် ခက်မယ်သမီးရယ်. . . စိတ်မဆိုးပါနဲ့ သူကလေး. . ."



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ကျွန်တော့်စကားကို ဆုံးအောင် နားထောင်ဦးလေ မေမေရဲ့၊ ကျွန်တော် ဘာဖြစ်လို့ တံခါးဝကနေ ကြည့်ရတာလဲဆိုတာ မေမေမှမသိဘဲ၊ မေမေလုပ်နေပုံက ဒီညီမလေးကို အားနာစရာဖြစ်ဖြစ်နေပြီ"

"အားနာဖို့တင်မဟုတ်ဘူး၊ ရှက်လို့ ညီမလေးမျက်နှာ ဘယ်မှာထားရမှန်းတောင် သိတာမဟုတ်ဘူး ကိုကိုရဲ့"

သူ့မေမေနှင့် ညီမသည် ဒီလိုပဲ ပြဿနာတစ်ခုကို အဆုံးထိရောက်အောင်မကြည့်ဘဲ ကောက်ချက်ချလွယ်ကြသည်။ အရင်အခါတွေတုန်းကတော့ သူပြိုင်မပြောခဲ့ဘဲ ထင်ချင်ရာထင်ပေ့စေဟု သဘောထားခဲ့သည်။ အခုတော့မဖြစ်။ ဒီကိစ္စကို ရှင်းကိုရှင်းရမည်။ ညီမလေးနံဘေးမှာ ရှိနေသည့် မျက်လုံးဝိုင်းဝိုင်းနှင့် ကောင်မလေး၏အကြည့်ထဲမှာ သူ့ကို မရိုးသားသည့်ငတိဆိုသည့် အကြည့်တွေက ပါနေသည်။

"ကျွန်တော် မျက်နှာသစ်ပြီးတက်လာတော့ ငသော့အခန်းထဲက ကျွန်တော် တစ်ခါမှမကြားဖူးတဲ့အသံတစ်သံ ကြားရလို့ အရမ်းအံ့ဩသွားတယ် မေမေ၊ အသံက တစ်. . . နှစ်. . . သုံး. . . လေး. . . ငါး . . . ခြောက်. . . ခုနစ်. . . ရှစ်. . . Left turn . . . . တဲ့"

"ဟဲ့. . . နင်တို့ဟာက ဘာတွေတုန်းဟဲ့. . . ဟုတ်လားငသော်"

ငသော်က ဖြေရှင်းရန် ပါးစပ်အဟမှာ သူ အတင်းဝင်တားရသည်။

"နေဦး. . . ငသော်. . . ငါ ပြောပြပြီးမှ နင် ရှင်း၊ ကျွန်တော်လည်း မေမေ့လိုပဲအံ့ဩသွားပြီး ငသော်တစ်ယောက်တည်း ဘာတွေများဖြစ်နေလို့လဲ၊ တစ်ယောက်တည်း 'တက်'နေတာလား၊ လွတ်သွားတာလားလို့စိုးရိမ်ပြီး ချောင်းကြည့်တော့. . ."

သူက သူမြင်ခဲ့ရသည့်မြင်ကွင်းကို မေမေ့ကို ပြောပြလိုက်သည်။ မေမေက တအံ့တဩဖြစ်သွားပြီး ငသော့်ဘက်ကို မြားဦးလှည့်သွားပြန်သည်။

သူက ငသော့်ကို အခန်းထဲမှာတစ်ယောက်တည်း 'တက်'နေတာလားဟု ပြောသွားသည်ကို ငသော်က တော်တော် ဒေါသဖြစ်သွားပုံရသည်။

"သော်ရှင်းပြမယ် မေမေ၊ ဒီမှာ ကိုကို. . . သော်က ကိုကို့လို စာအုပ်တွေဖတ်ပြီး အပြင်လောကနဲ့ အဆက်အသွယ်ပြတ်နေတဲ့ မိန်းကလေးမဟုတ်ဘူး၊ အခု ကိုကိုမြင်ရတာ Cat Walk လျှောက်တယ်လို့ ခေါ်တယ်"

"ဟင်. . . Cat Walk လျှောက်တာဆိုတော့ ကြောင်လျှောက်လျှောက်တာပေါ့၊ ကြောင်လျှောက်လည်းဆိုသေး၊ နင်တို့လျှောက်တော့လည်း မတ်တတ်ကြီးပါလား"

"ကိုကိုနော် မစော်ကားနဲ့၊ ဘာဖြစ်လို့ ငသော်တို့က လေးဘက်ထောက် လျှောက်ရမှာလဲ၊ Model လျှောက်တော့ ဒီလိုပဲပေါ့၊ အခုခေတ်မှာ မိန်းကလေးတွေ ဘာတွေလုပ်နေပြီလဲဆိုတာကို စာအုပ်တွေ ခဏဖယ်ပြီး အပြင်လောကကို ကြည့်လိုက်စမ်းပါဦး"

ငသော်က သူ့ကို မျက်စောင်းတထိုးထိုးနှင့် အသံခပ်စွာစွာလုပ်ပြီး ရှင်းပြသည်။ ဒါပေမဲ့ သူက ငသော့်ကိုမကြည့်ပါ။ ငသော့်နံဘေးက ကောင်မလေးကိုပဲ ကြည့်နေပါသည်။

"နေပါဦး. . . ညည်းက ဘာလျှောက်တာ. . . 'ကာ့ဝ်' ဟုတ်







www.burmeseclassic.com

www.burmeseclassic.com



လား၊ 'ကဝပ်'ဆိုတာ ဘာလဲ၊ ညည်း မဟုတ်ကဟုတ်ကတွေ လုပ်ပြန်ပြီ လား ငသော်ရယ်၊ ငါ စိတ်ညစ်ပါတယ်"

မေမေသည် အလွန်ရိုးသော မိခင်တစ်ယောက်သာ ဖြစ်သည်။ ဖေဖေနှင့် အိမ်ထောင်ကျပြီးကတည်းက သူ့ဘဝတစ်ခုလုံးကို အိမ်မှုကိစ္စတွင်သာ မြှုပ်နှံထားသူတစ်ယောက်ဖြစ်သည်။ ဖေဖေနှင့် သူတို့ အလိုကျ စားဝတ်နေရေးကို စီစဉ်ပေးရလျှင် မေမေက ပျော်နေတတ် သည်။ မေမေသည် ဘဝကို ရိုးရိုးတွေးပြီး အေးအေးနေတတ်သူတစ် ယောက်သာ ဖြစ်သည်။

"Cat Walk ပါ မေမေရဲ့၊ Cat Walk လျှောက်တယ်ဆိုတာက Model သင်တန်းရဲ့ အခြေခံလေ့ကျင့်ခန်းလေ မေမေရဲ့၊ အဲဒီလေ့ကျင့် ခန်းကို ဘတ်တီနဲ့ လေ့ကျင့်နေတာ"

"ဘာ. . . မော်ဒီဟုတ်လား"

"ဒီလို မေမေရာ၊ Model သင်တန်းဆိုတာက ကိုယ်ဟန်ပြ မယ်သင်တန်းဆိုပါတော့၊ သူငယ်ချင်းတစ်ယောက်က Model သင်တန်း လျှောက်ဖို့ သော့်ကို အဖော်ခေါ်တာနဲ့ အဖော်လိုက်သွားရင်း Model သင်တန်းဆရာမက သော့်ခန္ဓာကိုယ်တည်ဆောက်ပုံကိုကြည့်ပြီး သဘော ကျတာနဲ့ Model လုပ်မလားမေးရင်း သော်လည်း Model ဖြစ်သွားတာ"

"ဘုရား. . . ဘုရား. . . နင်က အခု မော်ဒီဖြစ်ပြီ. . . ဟုတ် လား. . . ဟုတ်ရောဟုတ်ရဲ့လား. . . မိသော်ရယ်. . . ဒုက္ခ. . . ဒုက္ခ"

"မေမေကလည်း ဆရာမက သဘောကျလို့ခေါ်တာပါ ဆိုနေ မှ"

"ဒုက္ခပါပဲဟယ်၊ ဒီလောက် ပိန်ညှောင်ကပ်ပြီး အဆီစားလို့





အသားမဖြစ်တဲ့ ခန္ဓာကိုယ်ကိုမှ သဘောကျရတယ်လို့၊ နင့် မော် ဒီဆို တာက ဘာလုပ်ရတာလဲ မိသော်"

"ကိုယ်ဟန်ပြရတာလေ မေမေရဲ့၊ ခုနကလေ့ကျင့်တဲ့ Cat Walk လျှောက်ပြရတာ ဒီမှာကြည့်"

ငသော်က သူ့ကိုရိုကားရားလျှောက်ဟန်ကို မေမေ့ရှေ့တွင် တစ်. . . နှစ်. . . သုံး. . . လေး. . . ရေတွက်ပြီး လျှောက်ပြသည်။ ငယ်ငယ်က ကစားခဲ့ဖူးသော ဆံပင်ခြည်ကလေးတွေ ကပ်ထားသည့် အရိုးခြောက်အကကို သူ ပြေးမြင်မိသည်။ မေမေကတော့ ရင်ဘတ် ကလေးကို ဖိရင်း ငသော့်ကို မျက်လုံးကြီးပြူး၍ ကြည့်လေသည်။

"ကဲ. . . မေမေတွေ့ပြီမဟုတ်လား၊ ဒီတော့ ကျွန်တော်လည်း ဘာတွေဖြစ်နေတာလဲဆိုတာ ခဏကြည့်မိတာပေါ့၊ ပြီးတော့ အခန်းထဲ မှာ ဒီညီမလေးရောက်နေတယ်ဆိုတာကိုလည်း မသိဘူးလေ၊ နောက်ပြီး တော့ အကျိုလဲတာကိုလည်း မကြည့်ပါဘူး၊ အဲဒီအချိန်မှာ မေမေနဲ့ စကားပြောနေရပြီလေ"

အခန်းထဲက ထွက်လာကာစတုန်းက လဲပြီးစအကျီကို ကိုင်ပြီး သူ့ကို မသက်သာသလိုကြည့်ခဲ့သော ကောင်မလေးမျက်နှာက ရဲခနဲဖြစ် သွား၏။

"သမီးက အဲဒီလို ဘာဖြစ်လို့ လျှောက်ရတာလဲ"

"အဲဒါ ပုံစံပဲလေ မေမေရဲ့၊ အဲဒီလိုလျှောက်ပြီး လူတွေကို ပြ ရတာ"

"ငါ နားမလည်တော့ဘူး မိရွှေသော်၊ ဒီကိစ္စကို ညည်းအဖေနဲ့ ညည်း ရှင်းပေတော့၊ ပြဿနာတက်ရင် ငါ ကြားထဲကနေ ဘာမသိ



www.burmeseclassic.com

www.burmeseclassic.com



ညာမသိနဲ့ အပြောမခံနိုင်ဘူး. . . ဒါပဲ”

မေမေက နောက်ဆုံးစကားကိုပြောပြီး လှည့်ထွက်သွားသည်။ သူက ငသော့်ဘေးနားက ဘတ်တီထွေးဆိုသည့် ကောင်မလေးကို တစ်ချက်ပြုံးပြလိုက်ရင်း ငသော့်ကို လျှာထုတ်ပြီး ‘ဖလူး ဖလူး’ လုပ်၍ ပြောင်ပြလိုက်သည်။

■





## အခန်း (၂)

“လူတွေဟာ သူတို့ရရှိတဲ့ခေတ်ကို သူတို့ ရပ်တည်နေထိုင်ရေးအတွက် လိုအပ်တဲ့ ရုပ်ဝတ္ထုပစ္စည်းတွေရအောင် ကြိုးစားကြသလိုပဲ၊ အဲဒီခေတ်မှာ သူတို့စိတ်ကျေနပ်ပျော်ရွှင်မှု ရရှိဖို့လည်း အနေအထိုင် အဝတ်အစား အပြောအဆိုနဲ့ အနုပညာတွေကို ပြောင်းလဲကြရတယ်။ ဒါ ခေတ်ရဲ့နိယာမပဲ၊ လူက ခေတ်ကို ပြုပြင်ပြောင်းလဲသွားလိုက်သလို ပြောင်းလဲသွားတဲ့ ခေတ်ကလည်း လူကို ထပ်တိုးတက်အောင် လုပ်ပြန်တာပဲ။ ဒါကြောင့် လူနဲ့ခေတ်ဟာ အပြန်အလှန် အကျိုးပြုနေတာပေါ့ မေကြီးရဲ့”

ညှိခန်းထဲတွင် ဖေဖေ၏အသံက တည်ငြိမ်စွာရှိနေသည်။

မေမေက မျက်နှာခပ်ပျက်ပျက်ရှိနေပြီး ငသော်ကတော့ ခေါင်းကို ငုံ့ထားသည်။ ဖေဖေ့မျက်နှာမှာ ဒေါသရိပ်ကိုမတွေ့ရဘဲ ပုံမှန်အနေအထားပင် ရှိနေပါသည်။

“အခု မိသော်ကိစ္စက မေမေကြီးအပြစ်မှမဟုတ်ဘဲ၊ မိသော်



www.burmeseclassic.com

www.burmeseclassic.com



အပြစ်လည်းမဟုတ်ဘူး။ ပြောင်းလဲလာတဲ့ ခေတ်ရဲ့ ရိုက်ခတ်မှုက တို့တစ်တွေရဲ့အိမ်ထဲကို ရောက်လာတာပါ၊ ဒါပေမယ့် သမီးက ဒီသင်တန်းကို တက်နေတာကို မေမေ့ကို အသိပေးသင့်တယ်၊ အကျိုးအကြောင်း ခိုင်လုံရင် ဖေဖေတို့က ခွင့်ပြုမှာပေါ့ မဟုတ်ဘူးလား"

"ဟုတ်ကဲ့ပါ ဖေဖေ၊ သော်လည်း သင်တန်းတက်ခွင့်မရမှာ စိုးရိမ်ပြီး မပြောဘဲထားမိတာပါ၊ နောက်ဆိုရင် သော် ဘာပဲလုပ်လုပ် မေမေ့ကို အသိပေးပါ့မယ်"

"ဟုတ်ပြီ၊ ကိုရဲ. . . မင်းကလည်း ကိုယ့်ညီမလေးအခန်းထဲက မကြားဖူးတဲ့အသံကြားရရင် လှမ်းအော်မေးဖို့ ကောင်းတာပေါ့၊ နောင်ကို ဒီလိုချောင်းကြည့်တာ ဖေဖေမကြိုက်ဘူး၊ အခု သမီးသူငယ်ချင်းလေးကို ဘယ်လောက်အားနာဖို့ကောင်းသလဲ၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဖေဖေ၊ သားက ငသော် တက်နေတယ်မှတ်ပြီး"

"တွေ့လား ဖေဖေ၊ ကိုကိုက အဲဒါပဲ ပြောပြောနေတယ်၊ သော် မတက်တော့တာ ငယ်ငယ်လေးကတည်းကဟာကို၊ အမြဲတမ်း အဲဒါပဲ ပြောပြောနေတယ်"

"ဟုတ်သားပဲ. . . သားကလည်း အဲဒီလိုမျိုး မပြောရဘူးလေ၊ စ,ရင် တခြားကိစ္စနဲ့ စမှပေါ့၊ မေကြီးလည်း သိပ်စိုးရိမ်မနေပါနဲ့၊ ငသော် လုပ်နေတာက ဒီနေ့ခေတ်ကာလရဲ့ ပုံမှန်တိုးတက်တဲ့ ကောင်းသော အလုပ်ပါ၊ သမီးသင်တန်းက ဘယ်လောက်ကြာရင်ပြီးမှာလဲ"

"ရှေ့လဆိုပြီးမှာ ဖေဖေ၊ သင်တန်းဆင်းတဲ့နေ့ Show ပွဲကျရင် သော်က တစ်အိမ်လုံးကို ဖိတ်မှာပါ"

"ကြည့်ချင်ပါဘူးဟယ်၊ နင်တို့ ဆတ်တောက်ဆတ်တောက်နဲ့





လျှောက်တာကို"

မေမေ့စကားကြောင့် ငသော်က စိတ်ကောက်လေသည်။ ဖေဖေက ငသော့်ကို စ,သည်။ သူကတော့ ဘတ်တီထွေးပါမည့် show ပွဲကို ကြည့်ဖြစ်အောင်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

နောက်တစ်လခန့်ကြာသောအခါ ငသော်တို့ show ပွဲကို စ,လေသည်။ Talents & Model သင်တန်း၏ ထုံးစံအတိုင်း အခမ်းအနားကို ကြီးကျယ်စွာကျင်းပလေသည်။ ကုမ္ပဏီပိုင်ရှင် တော်တော်များများနှင့် ဒါရိုက်တာအကုန်လုံးနီးပါးကို ပွဲတွင် တွေ့ရသည်။

ငသော်တို့၏ Talents & Model ၏ တည်ထောင်သူ မိခင်ကြီး ဒေါ်တင်မိုးလွင်ကိုလည်း အနီးကပ်တွေ့ရသည်။ Model တို့၏ အုပ်ချုပ်သူခေါင်းဆောင် ပီသပါပေသည်။ အရပ်အမောင်းကောင်းသည်။ မျက်နှာအနေအထားက ခန့်ထည်ပြီး ချိုအေးသည်။ သို့သော် လိုအပ်လျှင် ပြတ်ပြတ်သားသားနှင့် အရာရာကို ရင်ဆိုင်ရဲသည့်သတ္တိရှိကြောင်းကိုလည်း တွေ့ရ၏။ စကားပြောသံက ဩဇာရှိသည်။ အကြောင်းအရာနှင့် လိုက်ဖက်သည့် သင့်တော်ခန့်ညားသော စကားလုံးကို ချက်ချင်း ရွေးချယ်တတ်သည်။ ရယ်လိုက်လျှင် ပါးချိုင့်ကို ထင်းနေအောင်မြင်ရပြီး သွားကလေးတွေက ပစ္စတိုကျည်ဆံလေးတွေကို ထောင်ထားတာနှင့်တူသည်။ ကျန်တာတွေလည်း Fine သည်။

အကယ်၍ ဒေါ်တင်မိုးလွင်သည် အသက်(၂၀)လောက်ငယ်မည်။ အရပ်ကလည်း အခုလို ငါးပေကိုးလက်မမဟုတ်ဘဲ ငါးပေနှစ်လက်မလောက်ပဲ ရှိမည်ဆိုလျှင် ကိုရဲ အသည်းတွေဘာတွေကွဲပြီး ဘယာသမားကလေး ဖြစ်သွားနိုင်သည်။ အခုတော့ နှစ်ယောက်စလုံး တ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကြပါသည်။

ထူးခြားတာက Model ရှိုးအပြီးတွင် သူ့ညီမကလေး သော်မေမေဆန်းကို ကုမ္ပဏီတော်တော်များများက ဝိုင်းနေကြတာပဲဖြစ်သည်။ ဒါရိုက်တာတော်တော်များများကလည်း ဝိုင်း၍နေကြသည်။ ဓာတ်ပုံသမားတွေကတော့ ပြောမနေနှင့်တော့. . .။

ဓာတ်ပုံ ဝင္ကာခွာနီးက သကြားခဲကိုတွေ့သော ပုရွက်ဆိတ်တစ်ကောင်လို ရှေ့တိုးနောက်ဆုတ်နှင့် ဓာတ်ပုံတွေကို လုလုရိုက်နေသည်။ ဒါရိုက်တာမီးပွားက သူ့ကိုယ်လုံးကြီးနှင့် ညီမလေးရှေ့က ပိတ်ရပ်ထားသည့်အတွက် ဒါရိုက်တာရဲမြင့်လွင်တို့ K သောင်း၊ မျိုးဆွေသန်းတို့က မကျေမနပ်ဖြစ်နေကြသည်။ ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်) ကလည်း သူရိုက်ချင်သည့်ဇာတ်လမ်းကို အိုက်တင်အပြည့်နှင့် ပြောပြနေသဖြင့် မိတ်ဆက်ခွင့်မရသူ ကုမ္ပဏီပိုင်ရှင်တွေက မျက်စောင်းထိုးကြ၏။ ထို့ကြောင့် ကိုမျိုးမင်းက ဇာတ်လမ်းတစ်ဝက်နှင့် ရပ်ထားလိုက်ရသည်။

ဓာတ်ပုံပီတာမှာကား သော်၏ လည်ပင်းညှပ်ရိုးကြီးကို သဘောကျကြောင်း တဖွဖွပြောရင်း ဓာတ်ပုံစတူဒီယိုသို့ လာရန် ချိန်းလျက်ရှိသည်။ သော်မှာ Model များအကြား ဒီလောက်တာသွားသည်ကို မေမေက အံ့သြလျက်ရှိလေသည်။

ပွဲပြီး၍ ပရိသတ်တော်တော်များများ ပြန်သွားကြသော်လည်း သော့်ကို မျက်နှာဖုံးထည့်ပြီး Interview လုပ်ရန် ပေါ်ပြူလာမှ ဆရာလေး ကိုမျိုး (မြန်မာစာ) နှင့် ကုလားတစ်ယောက်တို့ ကျန်နေသဖြင့် အလှည့်ပေးရသည်။

Show ပွဲမှ ပြန်ရတော့ ည (၁၀) နာရီကျော်နေပြီ။ အမေက. .

"ခေတ်. . ခေတ်. . . ဘယ်လိုတွေဖြစ်ကုန်တာလဲကိုမသိဘူး၊





ဒီလို ပိန်ကပ်ကပ်ကိုမှ သဘောကျသတဲ့တော်၊ ကြားဖူးပါဘူး" ဟု ညည်းလေသည်။

မေမေ ညည်းမည်ဆိုလျှင်လည်း ညည်းလောက်ပါသည်။ သော်သည် ငယ်စဉ်က အလွန်ချူချာသည့် ကောင်မလေးတစ်ယောက်ဖြစ်သည်။ ဆေးခန်းနှင့်အိမ် ပြတ်ရသည်မရှိ။ ကျောက်ကုန်းတွင် ဆေးခန်းဖွင့်သည့် ဒေါက်တာစိုးမြင့်၏ ပုံမှန်ဖောက်သည်ဖြစ်ပြီး ဆရာက သော့်ကို 'ကျောက်ဂဏန်း' ဟုခေါ်ခဲ့သည်။ အရိုးငေါငေါနှင့် အလွန်မာသောကြောင့် ဖြစ်၏။

တစ်ပတ်မှာ လေးရက်လောက် ဖလံထည်အင်္ကျီမပြတ်၊ ကြက်သားပြုတ်ကြော်နှင့် မြူစွမ်ပြုတ် မပြတ်သောက်ရသော ကိုယ်အပူရှိန်လွန်ပြီး တစ်ခါတရံတက်တတ်သော ပိန်ပိန်ဖြူဖြူ ကောင်မလေးသည် အခုတော့ ကုမ္ပဏီပိုင်ရှင်တွေ၊ ဒါရိုက်တာတွေ ဝိုင်းဝိုင်းလည်သူ ဖြစ်နေသည်။

အပျိုဖော်ဝင်ကစတုန်းက အရိုးအရည်သာရှိသော သမီးဖြစ်သူကို အထိတ်တလန့်ကြည့်၍ ဝဝလှလှလေးဖြစ်ရအောင် နည်းမျိုးစုံနှင့် မေမေက ကျိတ်ကြိုးစားခဲ့ဖူးသော သူ့သမီးကို MRTV-4 က ဒီလိုခန္ဓာကိုယ်မျိုးရအောင် ဘယ်လိုနေထိုင် စားသောက်ပါသလဲဟု အင်တာလာဗျူးသောအခါ အမေ့မှာ ရင်ဘတ်ကိုဖိလေသည်။

ငယ်စဉ်က ကျန်းမာရေးမကောင်းလှသဖြင့် တစ်အိမ်လုံးက ရှေ့ရေးကို စိတ်လေးခဲ့ရသော မှင်စာကလေး သော်မေမေဆန်းသည် အခုတော့ အိမ်မှာ အသံအကျယ်ဆုံးပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။ မျှော်လင့်မထားခဲ့သော များလှသည့် ငွေကြေးနှင့် မိဘကို တရားဝင်ကျွေးမွေးနိုင်သူ ဖြစ်လာသည်။ လူတစ်ယောက်၏ကံသည် အံ့သြစရာကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ငသော် ဘာပဲလုပ်လုပ် အရင်တုန်းကလို မကောင်းမမြင်တော့ပါ။ သူလည်း ငသော့်သူငယ်ချင်း ပိန်ပိန်သေးသေး ဘက်တီထွေးနှင့် ချစ်သူဖြစ်နေသောကြောင့် ဖြစ်ပါသည်။

"အမယ်လေး. . . သမီးလေးတစ်ယောက်ရှိတာ ပိန်ပိန်ဖွေးဖွေးကလေး၊ ဘာကျွေးကျွေး အသားအရည်တက်မလာလို့ အမေ အပြုအစုညံ့ရပါ့မလားလို့ ပတ်ဝန်းကျင်က မေးငေါ့မှာ စိုးရိမ်ခဲ့ရတာ၊ အခုတော့ အဲဒီမိန်းကလေးကို ဘယ်လိုပြုစု ပျိုးထောင်ခဲ့သလဲဆိုတာ လာအင်တာဗျူးတော့ ဘာဖြေရမှန်းကို မသိပါဘူးတော်"

အခုတော့ သူတို့တစ်အိမ်လုံးသည် မှင်စာကလေးဟု ငယ်စဉ်က ခေါ်ခဲ့ကြသော ညီမလေးကိုမှီပြီး တော်တော် လူသိများလာခဲ့သည်။

သူတို့အိမ်တွင်လည်း သူ့ညီမ သော်မေမေဆန်းလို မှင်စာကလေးတွေ နေ့စဉ် ဝင်ထွက် စည်ကားနေကြသည်။

ခေတ်သည် သူ့လူကို သူရွေးထုတ်သည့်နေရာတွင် မည်သူ့ဘက်ကိုမှ မလိုက်ဘဲ အလွန်ရိုးသားဖြောင့်မတ်မှု ရှိပါသည်။

ထို့ကြောင့် ယနေ့ခေတ်ကို 'မှင်စာကလေးများခေတ်' ဟု ခေါ်ချင်ပါသည်ခင်ဗျား. . . ။

■

(ခင်မင်ရပါသော ဒေါ်တင်မိုးလွင်အား ခပ်တည်တည်ဖြင့် အမှတ်တရ နေ့ာက်ပါသည်)





# ရကောက် ရထားကြီး ပျော်ပျော်စီး



www.burmeseclassic.com

www.burmeseclassic.com



## အကြောက် (၁)

"မည်သူ့ရည်းစားမှ ရုပ်မဆိုးပါ" ဆိုတဲ့ စပိန်စကားပုံကလေးကို ကျွန်တော် သဘောကျမိသလို ဘယ်လောက်ရုပ်ဆိုးတဲ့ သူမှာပဲဖြစ်ဖြစ် အလှတစ်ခုခုတော့ ရှိကိုရှိတယ်. . . ဆိုတဲ့ စကားမျိုးကိုလည်း နှစ်သက်ပါတယ်။ ဆိုလိုတာက လူတွေအားလုံးမှာ အပြည့်အစုံ ပြီးမြောက်အောင် ကောင်းမွန်ခြင်းဆိုတာ မရှိသလို အလုံးစုံ တစ်ခုမှ သုံးမရတော့အောင် ချို့ယွင်းနေတာလည်း မရှိဘူးလို့ ဆိုလိုတဲ့ သတိပေးစကားတွေ အများကြီးရှိပါတယ်။

လူ့ဘဝမှာ ချောတဲ့သူရှိသလို မချောတဲ့သူရှိတယ်။ အဖြူနဲ့အမည်း၊ သတ္တိရှိတာနဲ့ ကြောက်တာ. . . အဖိုနဲ့အမ၊ အကောင်းနဲ့





အဆိုးဆိုရင် ယင်အန် (ဆန့်ကျင်ဘက်သဘော) ဟာ နေရာတိုင်းမှာရှိပါတယ်။

အဲဒီလို ဆန့်ကျင်ဘက်တွေရှိတဲ့ အထဲမှာမှ ကျွန်တော် ပြောပြချင်တာက ထူးထူးဆန်းဆန်း ကြောက်တတ်တဲ့သူတွေရဲ့အကြောင်းပါ၊ ထူးထူးဆန်းဆန်းကြောက်တတ်တာဆိုတော့ ပစ္စည်းအထူးအဆန်း၊ အကြောင်းအရာအထူးအဆန်းကို ကြောက်တတ်တာမျိုးကို ပြောတာဆိုလိုတာမဟုတ်ပါဘူး။

သာမန်လူတွေ မကြောက်တာမျိုးကို ကြောက်တတ်တာကို ဆိုလိုတာပါ။ စိတ်ပညာအရဆိုရင်တော့ ဒီလိုလူမျိုးတွေကို ဘယ်နေရာမှာထည့်ပြီး ဘယ်လိုရောဂါအမည်တပ်မလဲ မသိဘူး။ ကျွန်တော် တွေ့ခဲ့ဖူးတာတော့ အမှန်ပါပဲ။

လူတော်တော်များများဟာ အမှောင်ကိုကြောက်တယ်။ သရဲတစ္ဆေ ပြိတ္တာ စသည့် နာမ်လောကကိုကြောက်တယ်။ ပြီးတော့ မြွေ၊ ဖား၊ တီကောင်၊ ငါးရှဉ့်၊ ပုတ်သင်ညို၊ တောက်တဲ့ စသည့် အသည်းယားစရာ သတ္တဝါတွေကို ကြောက်ကြတယ်။ ကျွန်တော်တွေ့ဖူးတဲ့သူတွေ ကြောက်ကြတာက အဲဒီလို အများသူငါကြောက်တတ်တဲ့ ကြောက်စရာမျိုးတွေကို ကြောက်ကြတာမဟုတ်ပါဘူး။

သူတို့ကြောက်ကြတာက ဘယ်သူမှ မကြောက်တတ်တာကို ကြောက်ကြတာပါ။ ဒါ့ကြောင့် ထူးထူးဆန်းဆန်းကြောက်တာလို့ ဆိုလိုတာပါ။ အဲဒီလို ထူးထူးဆန်းဆန်း ကြောက်တတ်တဲ့အထဲက ပထမဦးဆုံး Model ကောင်မလေးတစ်ယောက် ကြောက်တာလေးကို ပြောပြချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ Model ကောင်မလေးကို ကိုယ့်ဆရာတို့လည်း သိဖူးမြင်ဖူးမှာပါ။ ဒါပေမယ့် ဒီစာကို (သူ့အကြောင်းကို) ရေးတဲ့အခါ သူ့နာမည်အရင်းကို ကျွန်တော် ထည့်မရေးတော့ပါဘူး။ သူ့ဆီက ခွင့်ပြုချက်တောင်းမထားမိလို့ပါ။ အခု လှမ်းတောင်းဖို့လည်း အချိန်မရတော့လို့ပါ။

ဒီတော့ သူ့နာမည်ကို 'မေ' လို့ပဲ အလွယ်တကူ ခေါ်ကြပါစို့။

အဲဒီတုန်းက ကျွန်တော်တို့ရုပ်ရှင်အဖွဲ့က ပြင်ဦးလွင်ကို တက်ကြမလို့ပါ။ ရန်ကုန်အပူဒဏ်ကိုရှောင်ရင်း ရိုက်နေကျ နေရာဟောင်းတွေနဲ့ ရန်ကုန်ရဲ့မြင်ကွင်းဟောင်းနဲ့ ရှုတင်အိမ်အဟောင်းတွေကို ခဏထားခဲ့ရင်း တွေးနေကျမဟုတ်ဘဲ တစ်မျိုးမျိုး ခံစားမှုပြောင်းလို့ရတဲ့ ဇာတ်လမ်းမျိုးကို ရင်ခုန်ရင်းနဲ့ပေါ့လေ။

ငယ်ငယ်ကတည်းက ခရီးထွက်တာကို ဝါသနာပါခဲ့ပေမယ့် အသက် ၂၉ နှစ်အထိ အဝေးဆုံး ကျိုက်ထီးရိုးဘုရားလောက်ပဲ ရောက်ခဲ့ဖူးတဲ့ ကျွန်တော်ဟာ ရုပ်ရှင်ဗီဒီယိုနယ်ကို ရောက်တော့မှ ရှုတင်စရိတ်နဲ့ နေရာပေါင်းများစွာကို ခရီးထွက်ခဲ့ရဖူးပါတယ်။

ခရီးထွက်ခါနီးမှာ ရလေ့ရှိတဲ့ စိတ်သစ်ကိုယ်သစ် တက်ကြွမှုနဲ့ ခရီးထွက်စမှာ ရလေ့ရှိတဲ့ နှလုံးသားထဲက လတ်ဆတ်တဲ့ ပျော်ရွှင်မှုရနံ့ကို ကျွန်တော် အမြဲ ယစ်မူးနှစ်သက်လေ့ရှိပါတယ်။

ခရီးရဲ့ဒဏ် (အစားအသောက်၊ အနေအထိုင်) ကို ခံရပြီး အိမ်ကိုလွမ်းပြီး အရောက်ပြန်ချင်တဲ့ ဆန္ဒရဲ့ဇောအကြိမ်နဲ့ နွမ်းလျပြီး ကိုယ့်အိမ်နဲ့ ကိုယ့်အိပ်ရာကလေးကို ပိုပိုချစ်လာတဲ့ စိတ်ကလေးကိုလည်း ကျွန်တော် သဘောကျပါတယ်။





အခုအချိန်ကတော့ ရန်ကုန်ဘူတာကြီးမှာ ဟိုလူ့ဒီလူ စုံအောင်စောင့်ရင်း တွဲထိုးထားတဲ့ရထားကြီးကိုကြည့်ရင်း ကျွန်တော်တို့အားလုံး ခရီးမထွက်ရသေးခင် တက်ကြွမှုမျိုး ကိုယ်စီရှိနေကြတဲ့အချိန်ပါ။

သွားရမယ့်သူတွေက ကျွန်တော်ရယ် ဒါရိုက်တာကိုပြည့်ဝ (ပန်းဝေသီ) ရဲ့ လက်ရင်းစွဲတပည့်နှစ်ယောက်ဖြစ်တဲ့ ကျော်သူစိုးနဲ့ ထွန်းထွန်းဝင်းတို့အဖွဲ့ရယ် မော်ဒယ်ကလေးနှစ်ယောက်ရယ်။ ပြီးတော့ သရုပ်ဆောင်လူကြီးထဲက အဘဦးမြင့်နိုင် ပါပါတယ်။ အဘကတော့ ကျွန်တော်တို့ လမ်းဘေးပိတ်ကားခေတ်ကတည်းက မော့ကြည့်ခဲ့ရတဲ့ မင်းသားမို့ ခင်မင်ရင်းစွဲ ရိုသေရင်းစွဲ ရှိပါတယ်။

လမ်းဘေးပိတ်ကားမှာ ကြည့်နေတုန်း 'ဟော့ကောင် ရဲဝင်း. . . မင်း အဲဒီ ဦးမြင့်နိုင် နဲ့ ရုပ်ရှင်ရိုက် အတူတူထွက်ရလိမ့်မယ်' လို့ တစ်ယောက်ယောက်က လာပြောရင် ကျွန်တော် ဘယ်ယုံမှာတုန်း။ အလှမ်းက အဝေးကြီးမဟုတ်လား။ ရုပ်ရှင်ထဲမှာသာ လူကြမ်း၊ လူဆိုးကြီးလုပ်နေရပေမယ့် အဘက အပြင်မှာ အတော်အေးပါတယ်။ 'ဟေ့ကောင်. . . နီကိုရဲ၊ အဘကို ပြတင်းပေါက်နေရာ ပေးကွာ' လို့ တောင်းဆိုတာတစ်ခုပဲ ရှိပါတယ်။ သူတို့အဖို့ကတော့ ဒီလိုခရီးပေါင်းကို သွားခဲ့ရတာ အကြိမ်တစ်သန်းလောက်များ ရှိပြီး ဆိုမလားပဲ။

ပါဝင်တဲ့ခရီးသွားတွေကို ပြောပြရတာက အဲဒီအထဲမှာ တာဝန်အရှိဆုံးလူက ကျွန်တော်မို့လို့ပါ။ ဒါရိုက်တာမောင်ပြည့်ဝနဲ့ မင်းသားမင်းသမီးတွေက လေယာဉ်နဲ့ သွားနှင့်ကြပါပြီ။ ဒီတော့ ကျွန်တော်က လမ်းမှာ စားစရိတ်နဲ့ သူတို့ သက်သောင့်သက်သာဖြစ်ရေးအတွက် စီစဉ်ရတဲ့ အကြီးဆုံးလူလို ဖြစ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၅ နာရီခွဲ ရထားထွက်မှာမို့ ၅ နာရီ ၁၀ မိနစ်မှာ မေတို့ မော်ဒယ်အဖွဲ့ကလွဲလို့ လူအားလုံး စုံနေပါပြီ။ တရင်းအရဆိုရင် မေနဲ့ သူ့အဖော်အတွက် သူ့အဒေါ်က လိုက်မှာပါ။ ၅ နာရီမှာ လူစုံလို့ မှာထားတဲ့အတွက် သူတို့ ရောက်သင့်ပါပြီ။ ဒီတော့မှ မေ ညက ကျွန်တော့်ဆီ ဖုန်းဆက်မေးတာကို ပြန်သတိရပါတယ်။

"ဦးရဲ မန္တလေးကို ရထားနဲ့လား. . . ကားနဲ့လား"

"ဟာ. . . ရထားနဲ့လေ၊ ဒါကြောင့် လက်မှတ်ဝယ်ဖို့ နင့်ဆီက မှတ်ပုံတင်ကို လာယူတာပေါ့၊ ပေးလိုက်တယ်မဟုတ်လား"

"ပေးလိုက်ပါတယ်. . . ကားနဲ့ ဘာဖြစ်လို့ မသွားတာလဲ ဦးရဲ. . ."

"ဟ. . . ရထားနဲ့က ပိုကောင်းတာပေါ့ ငတိမလေးရဲ့၊ မနက်ဖြန် ညနေ ၅ နာရီခွဲရထားနော်၊ လက်မှတ်က ငါတို့ဆီမှာ၊ ၅ နာရီကို ဘူတာကြီးအရောက် ဟုတ်ပြီလား၊ ရောက်အောင်လာခဲ့၊ နာရီနီးမှ ကပ်မထွက်နဲ့၊ နာရီဝက် စောဆုံကြမယ်၊ ဒါပဲနော်. . ."

နာရီထပ်ကြည့်တော ၅ နာရီ ၂၅ ဖြစ်နေပြီ၊ သူတို့နှစ်ယောက် လိုနေတာကို ကျော်သူစိုးကလည်း သတိထားမိတယ်။

"ကိုရဲ. . . မေတို့ မလာသေးပါလား၊ ဒီကောင်မလေးတွေက ပြဿနာပဲ၊ ညကလည်း ကျွန်တော့်ဆီကို ဖုန်းဆက်သေးတယ်။"

"ဟုတ်လား. . . ဘာဆက်မေးတာလဲ"

"ရထားနဲ့လား. . . ကားနဲ့လားတဲ့. . ."

"ဟ. . . ငါ့ဆီလည်း ဆက်တယ်ကွ၊ ရထားလို့ သေသေချာချာ ပြောလိုက်တယ်"





"ကျွန်တော်လည်း ပြောလိုက်တယ် ကိုရဲ၊ ဆုံမယ့်နေရာနဲ့ အချိန်လည်း ပြောလိုက်တယ်"

"ပြဿနာပဲ၊ အခုမှ သူ့အိမ်လိုက်လည်း အပိုပဲ၊ ဖုန်းဆက်ကြည့်စမ်းကွာ. . . ကျော်သူစိုး. . ."

"ကိုရဲကလည်း သူ့အိမ်မှာ ဖုန်းမှမရှိတာ၊ သူတို့အိမ်နားက ဖုန်းနဲ့ သူက ဆက်တာ"

"အဲဒီဖုန်းကိုပဲခေါ်ပြီး အရေးကြီးလို့ ပြောပေးပါလို့ ပြောကွာ"

"အဲဒီဖုန်းနံပါတ်ကို မပေးတာ ကိုရဲ"

ကျွန်တော် ဘာမှလုပ်လို့မရတော့။ စောင့်မျှော်ရသည့်အထဲတွင် ဒီဘက်က သတ်မှတ်နာရီနှင့် မရောက်သေးသောသူကို စောင့်ရခြင်းမှာ အလွန်စိတ်ပင်ပန်းရသည်။ တစ်စက္ကန့်ခြင်းအတူတူ ထိုအချိန်တွင် ကိုယ်ကစောင့်ရသူ (သို့မဟုတ်) လာနေရသူဆိုလျှင် ကိုယ့်လက်ထဲက နာရီထဲမှ တစ်စက္ကန့်သည် တစ်စက္ကန့်ထက် မြန်နေတတ်ပြီ။ ကိုယ်က ရထားပေါ်ရောက်၍ ရထားထွက်စေချင်သူဆိုလျှင် တစ်စက္ကန့်သည် တစ်စက္ကန့်ထက် နှေးနေတတ်သည်။

ရောက်မလာလည်း လက်မှတ်ရောင်းစားပြီးသွားရုံပဲ။ ဘာတတ်နိုင်မှာလဲဟု နောက်ဆုံးအတွေးကို တွေးပြီးသော်လည်း ရောက်လာရေးအတွက် စိတ်က စောနေမိတာပဲဖြစ်သည်။ မတတ်နိုင်။ စိတ်ကို ဒီအတိုင်းသာ လွှတ်ပေးထားရ၏။

"ကျော်သူစိုး ကျန်တဲ့လူတွေ အကုန်တက်ခိုင်းထားလိုက်တော့"

ကျွန်တော့်လက်ထဲကနာရီက ၅ နာရီ ၂၇ မိနစ်ရောက်မှ သူတို့နှစ်ယောက် ရောက်လာသည်။ ကျွန်တော် ဒေါသနှင့် တစ်ခွန်းနှစ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



အော်လိုက်မိသည် ထင်သည်။

ရထားပေါ်ရောက်တော့ နေရာချပြီးသည်အထိ ရထားက မထွက်သေး။ ဘူတာကြီးကနာရီ အချိန်ပြည့်ပြီး ရှစ်မိနစ်လောက်ကြာမှ ထွက်သည်။ တကယ်လို့များ သူတို့နောက်ကျနေလျှင် နှလုံးရောဂါရကိန်း ပင် ဖြစ်၏။

ရထားပေါ်မှာ ရသည့်နေရာက ညာဘက်အခြမ်းမှာ စက်အဖွဲ့ နှစ်ဖွဲ့နှင့် အဘဦးမြင့်နိုင်၊ ဘယ်ဘက်မှာ မေတို့မော်ဒယ်နှစ်ဖွဲ့။ မေနှင့် သူ့အဒေါ်က ကျွန်တော်နှင့် မျက်နှာချင်းဆိုင်။ နောက်မော်ဒယ်နှင့် သူ့အဖော်က မေတို့နှင့် ကျောပေးရက်ဖြစ်နေတော့ မေ မျက်နှာငယ်နေ တာကို ရထားစထွက်ကတည်းက ကျွန်တော် သတိထားမိပါတယ်။ ငါ ဆူလိုက်တာ နည်းနည်းများ လွန်သွားသလားပေါ့လေ။

အစ်ကိုအကြီး၊ မြေးအကြီးနှင့် နေခဲ့ရလို့လားတော့မသိ။ လူရှေ့ သူရှေ့တွင် ကိုယ့်ထက်ငယ်သူတွေကို ကျွန်တော်အော်တတ်သည့် အလေ့ အကျင့်က ပါနေသည်။ ထိုအကျင့်ကိုဖျောက်ဖို့ ကြိုးစားလို့လည်း မရ။ ဒါနဲ့ လေပြည်ထိုးဖို့ ကြိုးစားရသည်။

“၅နာရီအရောက်လာပါလို့ ငါက သေသေချာချာ မှာရဲ့သားနဲ့ မင်း တသက်လုံး ဒီအလုပ်ကို ဇောက်ချလုပ်တော့မယ်ဆိုရင် ခရီးသွား တဲ့အခါ အားလုံး ကိုယ့်ကို စိတ်တထင့်ထင့်နဲ့ စောင့်ရတာမျိုး ဘယ်တော့ မှမဖြစ်စေနဲ့၊ ငါဆူတာကို မင်းစိတ်မဆိုးနဲ့၊ ဒါပေမယ့် ရှက်စရာကောင်း တယ်လို့တော့ စိတ်ထဲမှာထား၊ ဒါမှ နောင်ကို အခုလို နောက်မကျမှာ ဟုတ်ပြီလား”

ကျွန်တော့်စကားကို မျက်ငယ်ကလေးနဲ့ပဲ ထောက်ခံရှာပါ





တယ်။ ဘာမှ ဝင်မပြောပါဘူး။ ဒီတော့မှ ကျွန်တော်လည်း ရန်ကုန်မြင် ကွင်းမဟုတ်တော့တဲ့ ရထားပေါ်ကမြင်ကွင်းကို စီးကရက်ကလေးခဲရင်း အရသာရှိရှိ ငေးနိုင်တော့တယ်။

လယ်ကွင်း ဟိုးအစပ်က သစ်ပင်တန်း မှိုင်းညို့ညို့က ကြက်ဥ နှစ်ရောင်နေလုံးကြီးကို ပက်လက်လှန်ပြီး နမ်းနေတယ်။ နေလုံးကတော့ အဲဒီသစ်ပင်တန်းတွေကလွတ်အောင် ကျွန်တော်တို့စီးလာတဲ့ ရထား နောက်ကို အပြေးလိုက်နေတယ်။ မီလောက်ရင် ငါ ကောက်တင်သွားချင် ပါရဲ့။

ဒိုက်ဦး၊ ပြွန်တန်ဆာလောက်ရောက်တော့ နွေညနေခင်းက ကျွန်တော်တို့ကို နှုတ်ဆက်ပြီး လမင်းထွက်လာပါတယ်။ လမင်းကတော့ ကျွန်တော်တို့ရဲ့အပျော်ခရီးကို သူလည်းလိုက်မယ်ဆိုပြီး ဟိုဘက်အခြမ်း က ပြတင်းမှ အတင်းပြေးလိုက်လာနေတယ်။

ဒါတွေ အသာထားပြီး ညစာစားဖို့ စက်အဖွဲ့က တစ်ယောက် ကို စာရင်းကောက်လွှတ်လိုက်ပါတယ်။ ရှေ့ ဒေါ်ရွှေမော်ဒယ်ကို ဘာ စားမလဲမေးမယ်လုပ်တော့ မျက်နှာငယ်ကလေးနဲ့ဖြစ်နေတာ တွေ့ရပြန် တယ်။ နည်းနည်းတော့ သည်းလွန်းပြီလို့ထင်လိုက်တယ်။ ဒါပေမဲ့ မပြော တော့ပါဘူး။ ကိုယ့်မှာ သူများတာကို ဆူခွင့်ရှိနေတာပဲ မဟုတ်လား။

“ဘာစားမှာလဲ မှာလေ”

“ဟင့်အင်း. . . သမီး မစားတော့ဘူး ရတယ်”

“မဆာလည်း နည်းနည်းတော့စားထား၊ စားသောက်တွဲပိတ် သွားရင် ဘာမှ မရတော့ဘူးနော်၊ မင်းအဒေါ်ကရော. . .”

“ထမင်းကြော်ပဲ ရတယ်”



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ဖြစ်သူက မှိန်းနေရာက ထပြောလို့ မှာပေးလိုက်ပါတယ်။ ကောင်မလေးကြည့်ရတာ မျက်စိမျက်နှာ တော်တော်ပျက်လေးကို ပျက်ပျက်နေပုံက ဟန်ဆောင်လို့မရအောင်ကို ပေါ်ပေါ်ထင်ထင်ကြီးဖြစ်နေတယ်။

မျက်ဝန်းတွေက ဂနာမငြိမ်၊ နှုတ်ခမ်းကို လျှာနဲ့ ခဏခဏသပ်၊ လက်ချောင်းတွေကို အချင်းချင်းတင်းကျပ်အောင်ဆုပ်ထားပြီး နဖူးနဲ့ နှုတ်ခမ်းတစ်ဝိုက်မှာ ချွေးတွေက သီးနေတာပဲ။ ကြောက်စရာအကောင်းဆုံးက သူ့မျက်လုံးတွေပဲ။ ကြောင်တောင်တောင်ဖြစ်နေပြီး သူ ဘာခံစားနေရတယ် ဘာလုပ်မယ်ဆိုတာကို မှန်းလို့မရအောင် ဖြစ်နေတယ်။ ပုံမှန်မဟုတ်တော့ဘူးလို့တော့ ကျွန်တော် နားလည်လိုက်တယ်။

သူ့နံဘေးနားတစ်ဝိုက်ကို အသာလေ့လာကြည့်တော့လည်း သူ ဒီလောက်တုန်လှုပ်နေစရာ ဘာမှမရှိပါဘူး။ သူ့ကြည့်ရတာ တစ်ချက်တစ်ချက် လွတ်ထွက်သွားတော့မလားတောင် ထင်ရတယ်။ သူ့စိတ်ကို သူ အရမ်းချုပ်တည်းထားရမှန်း သိသာနေပါတယ်။

"ကောင်မလေး. . . နင်. . . ဘာဖြစ်နေတာလဲ"

"ရှင်. . . ဟင့်အင်း. . . "

"မဟုတ်သေးဘူး၊ နင် တစ်ခုခုဖြစ်နေတယ်၊ ဘာဖြစ်နေတာလဲ ငါ့ကို ပြောစမ်း"

"ဟင့်အင်း. . . မဟုတ်ဘူး. . . မဟုတ်ဘူး. . . မဟုတ်ဘူး"

သူ အံကိုကြိတ်ပြီး အတင်းငြင်းနေတဲ့ပုံက ပိုကြောက်စရာကောင်းနေပါတယ်။ ကျွန်တော် အလောတကြီးလုပ်လို့ မရတော့ဘူး။ တစ်ခုခုမှားသွားရင် အခြေအနေတစ်မျိုး ဖြစ်သွားနိုင်တယ်လို့တွေးပြီး





သတိထားစကားပြောရပါတယ်။

"ဒီမှာ ကောင်မလေး. . . နင် တစ်ခုခုတော့ဖြစ်နေတယ်၊ အဲဒါကို ငါ့ကို အားမနာဘဲ ဘာမှ မစိုးရိမ်ဘဲနဲ့ ပြောပြစမ်း၊ ဒါမှ ငါ ကူညီလို့ရမှာ"

"ဟင့်အင်း"

"နင်ဖြစ်နေတာကို ငါက မေးမယ်၊ နင် ဟုတ်ရင် ဟုတ်တယ်လို့ဖြေ၊ နင်ဖြစ်နေတာ မိန်းကလေးကိစ္စ တစ်ခုခုလား"

"ဟင့်အင်း"

ကျွန်တော်တို့နှစ်ယောက် စကားပြောတာကို သူ့အဒေါ်က နားထောင်မနေပါဘူး၊ သူ့ဘာသာသူ အေးအေးပဲ ပြန်ငိုက်နေပါတယ်။

"ဒါဆို မင်းအိမ်မှာ ပြဿနာတစ်ခုခု တက်လာသလား"

"ဟင့်အင်း"

"ဒါဆိုရင် မင်း ဗိုက်အောင့်တာတို့ ရင်တုန်တာတို့ ဖြစ်နေသလား"

ကျွန်တော့်အမေးကို အရင်အကြိမ်တွေတုန်းကလို ခပ်သွက်သွက် သူ မဖြေတော့ပါဘူး။ တစ်ချက်တွေပြီး စဉ်းစားနေတယ်။ ပြီးတော့ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်ကို သူ ပိုပြီး တိုးကပ်လာတယ်။ ဂနာမငြိမ်တဲ့မျက်လုံးကတော့ သူ့ဆီမှာ ရှိနေတုန်းပါပဲ။

"ပြောလေ. . . ရဲရဲသာပြော. . . ကူညီမှာပေါ့"

"ရင်. . . ရင်တွေ အရမ်းတုန်နေတယ်"

"ရင်တုန်တယ်. . . ဟုတ်ပြီ. . . မင်းမှာ နှလုံးရောဂါအခံရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . မရှိဘူး"

"ဟင်. . . ဒါဆိုရင် မင်း တစ်ခုခုကို ကြောက်နေတာလည်း မှန်တယ်ဆိုတော့ ဘာကိုကြောက်နေတာလဲ ပြော၊ အဲဒီလိုပြောပြမှ ငါ သိမှ နင့်ကိစ္စကို ကူညီလို့ရမှာပေါ့၊ ဟုတ်ပြီလား၊ ကဲ. . . ပြော"

"ရထား. . . ရထား. . . "

"ဟုတ်ပြီ. . . ရထား. . . ရထား. . . ဘာဖြစ်လဲ"

"ရထား. . . အဲဒီရထားကို ရထားကို ကြောက်တာ၊ ဟုတ်. . . ဟုတ်ပါတယ်၊ ရထားစီးရတာကို ကြောက်တာပါ"

ကျွန်တော် အူကြောင်ကြောင်ဖြစ်သွားတယ်။ ကျွန်တော့်နေရာမှာ ကိုယ့်ဆရာဆိုလည်း ဖြစ်မှာပဲ၊ ဘယ့်နှယ်ဗျာ၊ ရထားစီးရတာကိုများ ကြောက်ရတယ်လို့. . .။ တော်တော်ရယ်စရာကောင်းတာပဲ။

ကျွန်တော်ကသာ ရယ်စရာကောင်းတယ်လုပ်နေတာ သူက အသံတွေတုန် မျက်ရည်တွေဝဲပြီး နှာခေါင်းတွေ ဘာတွေတောင် နီနေပြီ။ စိတ်ထဲမှာ တင်းခံခဲ့သမျှ ဖွင့်ချလိုက်လို့နဲ့ တူတာပဲ။ ပြီးတော့ ကျွန်တော့်လက်တွေကို လာကိုင်တဲ့ သူ့လက်တစ်ခုလုံးက ရေခဲတုံးလို အေးစက်နေပါတယ်။

"ဒီမှာ. . . ကောင်မလေး၊ နင့်စိတ်ကို နင် ခပ်ငြိမ်ငြိမ်ထားစမ်း၊ နင့်ရှေ့မှာ ငါရှိတယ်၊ နင့်ဘေးမှာ နင့်အဒေါ်ရှိတယ်၊ ပြီးတော့ ဟိုဘက်လက်တစ်ကမ်းမှာ စက်အဖွဲ့က လူတွေရှိတယ်၊ နင် ဒီအတိုင်းပဲနေရင် နင့်အပေါ် ဘာဒုက္ခမှ ကျစရာ ရောက်စရာမရှိဘူး၊ နင် စိတ်အေးအေးထား၊ ပြီးတော့ နင် ရထားစီးရတာ ဘာကိုကြောက်တာလည်းဆိုတာကို ပြောပြစမ်း"





ဒီလိုမေးခွန်းမျိုး မေးသည့်အတွက် အချို့က ကျွန်တော့်ကို 'မှားတယ်' ဟု ဆိုချင်ဆိုနိုင်သည်။ သို့သော် ကျွန်တော်က သူ ဘာကို ကြောက်သလဲဆိုတာကို သိချင်သည်။ သူ ဘယ်လိုကြောက်သလဲဆိုတာကို သိမှ ခွဲခြမ်းဝေဖန်ပေးနိုင်မည်ဖြစ်သည်။ ထိုနည်းကို Analysis ဟု ခေါ်ရမည်ထင်သည်။ ပြီးတော့ ကျွန်တော် သူ့ကို ကြောက်တာကိုတော့ ကြောက်သည့်အကြောင်း ပြောခြင်းဖြင့် ခဏမကြောက်အောင် ရှိထားစေချင်သည်။

"ပြောပါဟ. . . မင်း ဘာမှမဖြစ်စေရဘူး. . . စိတ်ချ"

"အမလေး. . . မေးမနေပါနဲ့၊ ရထားနဲ့သွားမယ်ဆိုကတည်းက လိုက်မယ်. . မလိုက်ဘူး. . ပြောင်းကိုဆန်နေတာပဲ၊ မင်းသမီးကလည်း လုပ်ချင်၊ ဘာမဟုတ်တဲ့ ရထားစီးရမှာကိုလည်း ကြောက်သေးသတဲ့။ အဲဒါ တငိုငိုတရယ်ရယ်နဲ့ဖြစ်နေပြီး နောက်ဆုံးကျမှ ထွက်လာခဲ့တာ၊ ဒါ့ကြောင့် နောက်ကျနေတာ အဓိပ္ပာယ်မရှိတာကို သိပ်လုပ်တာပဲ၊ ရထားစီးတာများ ကြောက်စရာလား၊ အံ့ပါရဲ့"

သူ့အဒေါ်ရဲ့ ဒေါသသံစွက်နေတဲ့ အပြစ်တင်သံကို သူ ဘာမှ ပြန်မပြောပါဘူး၊ ခုနတုန်းကလို ကြောက်တဲ့စိတ်က နည်းနည်းတော့ သက်သာသွားပုံရတယ်။ ဟုတ်တယ်။ ကျွန်တော် သူ့ကို စကားပြောနေရမယ်။ သူ့ဘက်က ရှိပေးနေရမယ်။

"ဟာ. . . အဲဒီလိုတော့ ပြောလို့မရဘူး အန်တီရဲ့၊ လူတစ်ယောက်မှာ ကြိုက်တာ မကြိုက်တာရှိတယ်၊ ကြောက်တာ မကြောက်တာ ရှိတယ်၊ ဒါ သဘာဝပဲ၊ သူကြောက်ချင်တာကို ကြောက်မှာပေါ့၊ သူ့မှာ ကြောက်ခွင့်ရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တယ်ဆိုတာ သဘာဝကျဖို့မှမလိုတာ၊ ကြောက်ဖို့ပဲလိုတာပဲ၊ မဟုတ်ဘူးလား"

သူက ကျွန်တော့်စကားကို အားတက်သရော ထောက်ခံတာ ဘာညာမရှိပါဘူး။ သူ့မျက်ဝန်းတွေက အဝေးကိုငေးနေတယ်။ သူ့ဆီမှာ ခုနကလောက် တုန်လှုပ်ဖိစီးနေတဲ့ ကြောက်စိတ်တော့ မရှိတာအမှန်ပဲ။

"ကဲ. . . ပြောလေ. . . ရထားစီးရတာကို ဘာကို ကြောက်တာလဲ"

သူက ခဏဆိုင်းပြီးမှ ဖြေပါတယ်။

"အသံကို. . ."

"ဟုတ်ပြီ. . . ဘယ်လိုအသံမျိုးလဲ"

"အခုကြားနေရတဲ့အသံကြီးပေါ့. . . မကြားဘူးလား"

"သြော်. . . ဟုတ်ပြီ. . . ဒါ အရှိန်နဲ့သွားနေတဲ့ မီးရထားရဲ့ သံဘီးနဲ့ အောက်က ရထားသံလမ်း ဖိကြိတ်ရာက ထွက်လာတဲ့အသံလေ ဘာကြောက်စရာရှိလို့လဲ"

"ဒုတ်. . . ဒုတ်. . . ဆိုတာက သံလမ်းအဆက်ကိုဖြတ်ရင် မြည်တဲ့အသံ၊ ကဲ. . . ဘာကြောက်စရာရှိလို့လဲ"

"ဟင့်အင်း. . . ကြောက်တယ်"

"ဒီမှာ. . . ငါ ဒီရထားစထွက်ပြီး အရှိန်ရလာတော့ အဲဒီအသံကို စကြားရတယ်၊ ရန်ကုန်မြို့ ဧရိယာကိုကျော်တော့ ငါ့နားထဲမှာ အဲဒီအသံက ပျောက်သွားတယ်၊ ခုနက မင်းပြောတော့မှ သတိရတာ၊ ဘယ်လောက်ဆူဆူ ကြာရင် ပျောက်သွားတာပဲ"

"ဟင့်အင်း. . . မဖြစ်ဘူး. . . ကြားနေရတာပဲ. . . ကြောက်





တယ်၊ ပြီးတော့ တံတားတွေကိုဖြတ်ရင် အသံပိုမြည်တော့ ကြောက်တယ်"

"တံတားက အောက်ခံမြေသားမရှိလို့ အသံပိုမြည်တာလေ၊ ဘာကြောင့် ဘယ်လိုဖြစ်တယ်ဆိုတာ သိရင် ဘာကြောက်စရာရှိလဲ၊ မဟုတ်ဘူးလား၊ အဲဒီလိုကြောက်တော့ စိတ်ထဲမှာ ဘာလုပ်ချင်လဲ"

"ဟိုလေ. . . ပြတင်းပေါက်ကနေ အောက်ကို ခုန်ချပစ်လိုက်ချင်တယ်"

ဘုရား. . . ကျွန်တော် နည်းနည်းလန့်သွားသည်။ နွေရာသီမို့ လေဝင်အောင် ဖွင့်ထားသော ပြတင်းတံခါးကို တစ်ချက်ကြည့်လိုက်ပါသည်။ ရထားအသံက လေတိုးသံတစီးစီး၊ တဟဲဟဲနှင့် ဒုတ်. . . ဒုတ် အသံမှန်မှန်နှင့်ရှိ၏။ အကြောက်တရားကြောင့် သွေးရူးသွေးတန်းတိုးဝင်မှု စိတ်အခြေအနေတစ်ခု ဖြစ်သည်။ ညအိပ်လျှင် ကျွန်တော် ပြတင်းပေါက်ကို သတိထားရမည်။

"အဲဒီလိုမလုပ်ရဘူးလေ၊ ဒီအသံက သူ့ဘာသာမြည်နေတာပဲ၊ ရှိတာ၊ ကိုယ့်ကို ဒုက္ခပေးတာမှမဟုတ်ဘဲ၊ နောက်ပြီး အဲဒီအသံအကြောင်းကို သတိမရအောင် တစ်ခုခုလုပ်နေပေါ့၊ ဥပမာ စာဖတ်နေတာမျိုး"

"ဟင့်အင်း. . . မရဘူး. . . ဒီလောက်ဆူညံနေတာ ဘာလိုလုပ် မကြားဘဲ နေမှာလဲ"

"တကယ်တော့ အဲဒါ စိတ်က အာရုံစိုက်နေလို့ ကြားရတာပါ၊ အာရုံမစိုက်နဲ့ပေါ့"

"မရဘူး. . . ကြားနေရတာပဲ"

"ကဲ. . . ဒါဆိုရင် ခုနက မင်း ငါ့လက်ကို လာကိုင်တာ မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



လား"

သူ တစ်ချက် တွေခနဲဖြစ်သွား၏။ မှတ်မိသွားပုံရတော့ မျက်နှာရဲခနဲတစ်ချက်ဖြစ်ပြီး ရှက်ပြုံးကလေးကို ပြုံးပါတယ်။ ပြီးတော့ သူ့လက်ချောင်းကလေးတွေကို သူဆုပ်နယ်ပြီး ခေါင်းကို ငုံ့ထားတယ်။

"တွေ့တယ်မဟုတ်လား၊ စိတ်က သတိမထားမိရင် ဘာမှမသိဘူး၊ ကဲ. . . အခု မင်း ငါ့လက်ကိုကိုင်ထားမလား၊ ခုနကလို တင်းတင်းကျပ်ကျပ်ကြီးကို ဆုပ်နယ်ထားရမှာနော်"

"ဟာ. . . ဆရာကလဲ. . ."

သူ့မျက်နှာက နီရဲနေသည်။ 'ဆရာ. . .'ဆိုသော စကားကို ပထမဦးဆုံး ထုတ်သုံးသည်။ ကျွန်တော့်ကို သတိပေးရင်း သူ့ကိုယ်သူကာကွယ်တာလည်းဖြစ်လိမ့်မည်။

"ငါက အရသာခံချင်လို့ပြောတာ မဟုတ်ပါဘူး။ စိတ်က သတိမထားရင် ဘာမှမသိဘူးဆိုတာကို သိအောင် ပြောပြတာပါ၊ စိတ်ဆိုတာမျိုးက အာရုံကိုယူတတ်တဲ့ သဘောရှိတယ်။ နင့်စိတ်က အဲဒီအသံကိုပဲ အာရုံယူနေတော့ ကြားနေရတာပေါ့၊ ခုနက ငါ့လက်ကို ကိုင်တုန်းက လက်ကိုင်တယ်ဆိုတဲ့အာရုံကို မယူတော့ မင်း ဘာမှမဖြစ်တော့ဘူးပေါ့. . ."

ကျွန်တော်ရှင်းပြချက်အပေါ် သူ သိပ်နားလည်ပုံမရပါ။ စာပေနှင့် ဘာသာရေးအခြေခံရှိပုံ မရ။ ဒါနဲ့ သူ့ကို စိတ်ပြောင်းပြေးနိုင်သည့် နောက်တစ်နည်းကို စဉ်းစားရသည်။

"မင်းလက်ကို ခုနက မြင်လိုက်ရတုန်းက လက်ဝါးပြင်ပေါ်မှာ ထူးခြားတဲ့လမ်းကြောင်းတစ်ကြောင်း တွေ့တယ်၊ အဲဒါ ခဏကြည့်ချင်





ဘယ်. . . ပြစမ်း. . ."

"ဦးရဲက ကြည့်တတ်လို့လား. . ."

"နည်းနည်းပါးပါးပေါ့. . ."

သူက သူ့လက်နှစ်ဖက်ကို ပြန်ကြည့်ပြီး ပွတ်နေသည်။ ပြီးတော့ ကျွန်တော့်ထံထိုးပေးသည်။ ဒီနည်းက မိန်းကလေး ၁၀၀ မှာ ၉၉ ယောက် မိတဲ့နည်းမျိုးမဟုတ်လား။

"မင်း အခု ၁၉ နှစ်နော်"

"ဟုတ်. . ."

"အေး. . . မင်း ၁၆ နှစ်နဲ့ ၁၇ နှစ်ကြားမှာ ရည်းစားတစ်ယောက်ထားခဲ့ဖူးမယ်၊ အဲဒီရည်းစားကြောင့် မင်း ပြဿနာတွေတက်လိမ့်မယ်၊ အပြောခံ အဆူခံရတာတ်ပြီး စိတ်လည်း ဆင်းရဲခဲ့တယ်"

"ဟာ. . . ဟုတ်တယ် ဦးရဲ၊ ဟုတ်တယ်. . . ဒီကောင်က သမီးတို့ နောက်လမ်းက ပြဿနာအရမ်းရှာတာပဲ၊ ဖြတ်လို့လည်း မရ၊ ဘာမရ ရပ်ကွက်ရုံးခန်းတွေ ဘာတွေတောင် ရောက်တာ၊ သမီး စိတ်ညစ်လိုက်ရတာလည်း အရမ်းပဲ"

ကျွန်တော် လက္ခဏာသိပ်တတ်လို့တော့ မဟုတ်ပါ။ ဒီခေတ်နှင့် ဒီအရွယ် ဖြစ်နိုင်ချေကိုမှန်းပြီး ပြောခြင်းသာဖြစ်ပါသည်။ လက်ဖဝါးပေါ်က လမ်းကြောင်းတွေကိုတော့ အကြမ်းဖျင်း လေ့လာဖူးပါသည်။ ပထမတစ်ချက်မှန်သွားတော့ နောက်အချက်တွေက သူ့ကိုမေးလိုက်၊ သူက ပြန်ဖြေလိုက်၊ အဲဒါကို မှန်းပြီး မတင်မကျဟောလိုက်နှင့် သူနှင့် တိုက်ဆိုင်တာ တော်တော်များများဖြစ်သွားသည်။ ကျွန်တော့်အတွက်တော့ ပရိယာယ်ဖြင့် လိမ်ခြင်းတစ်မျိုးဖြစ်သည်။ စကားကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောတတ်ဖို့ အရိပ်အကဲနားလည်ဖို့တော့ လိုပါသည်။ (ပညာရှင်များကို စော်ကားခြင်းမဟုတ်ပါ။ ကျွန်တော် ဖြီးခြင်းကိုသာ ဆိုလိုပါသည်။)

အဲဒီလို ပေဒင်ဟောနေတုန်းမှာ တံတားကြီးတစ်ခုနှင့် တံတားငယ်ကလေးနှစ်ခုကို ရထားက ဆူညံစွာဖြတ်ခဲ့တာကို သူ မသိလိုက်ပါ။ သူ့ဘဝကို သူပြောပြီး သူ့ဘဝကို ကျွန်တော်ပြောခြင်းအပေါ်မှာ သူ စိတ်ဝင်စားနေသည်။ ၁၂ နာရီကို ပါးပါးလေးကျော်လာတော့ ကျွန်တော်လည်း နှပ်ချင်နေပြီ။

အဲဒီမှာ ကျွန်တော် တစ်ခုမှားသွားတာက သက်သက်သာသာဖြစ်နေသော သူ့အခြေအနေကို ကျွန်တော် သွားပြောလိုက်တာပါပဲ။

"ကဲ. . . အခု မင်း ရထားကြီးဆူနေတာကို မကြားရတော့ဘူးမဟုတ်လား. . ."

သူ ရုတ်တရက် အံ့ဩသွားတယ်ခင်ဗျ၊ ပြီးတော့ သူ့အဖြစ်ကိုလည်း သတိရသွားပုံရသည်။ မျက်နှာကလေးပြန်ငယ်လို့၊ ရထားပေါ်မှာကလည်း အိပ်တဲ့သူတွေက အိပ်နေပြီ။

"မဟုတ်ဘူး. . . ကြားရတယ်. . . ဆရာ. . . ဆရာ. . . မအိပ်နဲ့နော်. . . ဆရာ"

"ဟ. . . မအိပ်လို့တော့ ဘယ်ဖြစ်မလဲဟ၊ အိပ်ရမှာပေါ့၊ မင်းလည်းအိပ်တော့၊ အိပ်ဆေးပါရင် သောက်ပြီး အိပ်လိုက်ပါလား၊ မပါရင် ငါ့ဆီက ယူ၊ ငါ့မှာ အိပ်ဆေးခပ်ပျော့ပျော့လေး ပါတယ်"

"ဟင့်အင်း. . . အိပ်ဆေးသောက်လည်း အိပ်လို့ရမှာမဟုတ်ဘူး၊ အိပ်ဆေးသောက်ပြီး အိပ်မပျော်ရင် မနက်မိုးလင်းတော့ ပိုဆိုးတယ်၊ ကြောင်ကုန်ရော. . . ဆရာ. . . ဆရာ. . . မအိပ်နဲ့နော်၊ စကားပြော





မယ်လေ. . . ဆရာ. . ."

ထိုည တစ်ညလုံး ကျွန်တော့်မှာ ဒုက္ခနှင့် ရင်ဆိုင်ရသည်။ ကျွန်တော် တစ်ချက်ကလေးငိုက်သည်နှင့် သူက ကျွန်တော့်ကို နှိုးတော့တာပါပဲ။ ကျွန်တော်လည်း ဘာလုပ်ရရင် ကောင်းမလဲဆိုတာ လျှောက်စဉ်းစားနေရင်း သူ ပေဒင်တို့၊ လက္ခဏာတို့ကို စိတ်ဝင်စားတာသိရတော့ အကြံတစ်ခုရပါတယ်။ လိမ်လက်စနဲ့ မထူးတော့ပါဘူး။

"ဒီမှာ ငါပြောပြမယ်၊ ငါ့ဆီမှာ တို့ကိုးကွယ်တဲ့ ဆရာတော်ဘုရားတစ်ပါးဆီက ရှားရှားပါးပါးရထားတဲ့ ရေမန်းရှိတယ်၊ အဲဒီဆရာတော်ဘုရား တရားထိုင်တဲ့ ကျောင်းတံစက်မြိတ်က ရေ အလိုလိုကျလာတယ်၊ မိုးရွာသလိုကျတာ မဟုတ်ဘူး၊ နှင်းစိုလို့ ကျသလိုကျတာ"

"ဟင်. . . ဟုတ်လား. . ."

"မဟုတ်ဘဲ ပြောမလား၊ အဲဒီရေကို ရထိုက်တဲ့သူမှ ရတာ၊ ငါ့မှာရှိတယ်၊ နင် အဲဒါ နည်းနည်းသောက်လိုက်ပါလား"

"ဘာကောင်းလဲဟင်"

"ကြောက်တာတို့ လန့်တာတို့ ချက်ချင်းပျောက်တယ်၊ စိတ်လည်းငြိမ်ပြီး ငြိမ်းချမ်းသွားတယ်"

"ပေးလေ. . . သောက်မယ်. . ."

ကျွန်တော် စင်ပေါ်က တင်ထားပြီးဖြစ်တဲ့အိတ်ကို ချပြီး အဲဒီအိတ်ထဲက ရေသန့်ဗူးအသေးကလေးကို ထုတ်ပေးရတယ်။ ရေက လက်သုံးလုံးလောက်ပဲ ရှိတော့တာပါ။ ဘူတာမှာ သူတို့အလာကို စောင့်ရင်း ရင်ပူတာနဲ့ ဝယ်သောက်ရင်း ကျန်တဲ့ရေပါ။ အိတ်ထဲထည့်ရ၊ ဆယ်ရ လွယ်အောင် ရေဗူးအသေးကလေးထဲ ထည့်ထားတာ။



www.burmeseclassic.com

www.burmeseclassic.com



သူက အာစွတ်ရှုံသောက်ပြီး ကျွန်တော့်ကို ပြန်မပေးတော့ဘဲ ယူထားပါတယ်။ ကျွန်တော်လည်း ဘာမှမပြောတော့ဘူး။ ကိုယ်အိပ်ရရင်ပြီးရောမဟုတ်လား။

ခြောက်နာရီလောက်ကျတော့ သူ ကျွန်တော့်ကို အတင်းနှိုးပါတယ်။ ရေအိမ်သွားချင်လို့တဲ့။ ရထားအပြင်မှာ အရုဏ်ကရောက်နေပါပြီ။ ရထားတွေရဲ့ ရေအိမ် ရေအိမ်တံခါးတွေက သိကြတဲ့အတိုင်းပဲ။ ပိတ်လို့မရ အသံကမြည်တာမှ စကားမှပြောလို့မရ။

"ထွက်မသွားနဲ့နော်၊ စောင့်နေနော်၊ မသွားနဲ့နော်. . . မသွားနဲ့နော်"

"အေးပါဆိုဟာ. . . မြန်မြန်သာလုပ်"

အိပ်ရာက နိုးကာစ စက်အဖွဲ့ကငတိတွေက ကျွန်တော့်ကိုကြည့်ပြီး စပ်ဖြဲဖြဲလုပ်နေကြတယ်။ အိပ်ချင်စိတ်က ကြီးနေတာကြောင့် ဘာမှ ပြန်မပြောဖြစ်ဘူး။ တံခါးက ထွက်လာလာချင်း သူက ကျွန်တော့်လက်ကို အတင်းဆုပ်ကိုင်ရင်း နေရာကိုပြန်တယ်။ ဟိုငတိ စပ်ဖြဲဖြဲတင်မက ဝမ်းစမိုးပါတိုးလာတယ်။

ဧနာရီလောက်ကျတော့ မန္တလေးဘူတာက ကျွန်တော့်ကို အုံ့မှိုင်းမှိုင်း နွမ်းယဲ့ယဲ့နဲ့ ကြိုရှာတယ်။ အမှန်တော့ ဘူတာက အလန်းကြီးပါ။ တစ်ညလုံး မအိပ်ရတဲ့ ကျွန်တော်ကသာ နွမ်းနေတာ။

ပြင်ဦးလွင်သွားတဲ့ကားပေါ်ရောက်တော့ ငတိမက သူ့အဒေါ်ပခုံးကိုမှီပြီး လိုက်လာတယ်။ ကျွန်တော့်ကိုတော့ မေးထူးခေါ်ပြောတောင် သိပ်မရှိချင်တော့ဘူး။ ဒါကိုမသိတဲ့ ကျော်သူစိုးက 'ကိုရဲ. . . ဘာတွေအထာလွဲသွားတာလဲ' တဲ့။ 'အထာလွဲတာမဟုတ်ဘူး၊ ရထားလွဲတာပါကွာ'





လို့ ပြန်ပြောတော့ ဟိုကောင် မသိဘူး။

အဲဒါ ကျွန်တော်တွေ့ခဲ့ဖူးတဲ့ ရထားစီးရတာကို ကြောက်တဲ့ကောင်မကလေးပါ။ အခုတော့ သူ ရထားအပြင် ဘာတွေကို ကြောက်နေပြီလားမသိဘူး။ ရှေ့တစ်လမှာ သူ့ထက်ထူးဆန်းတဲ့အရာကို ကြောက်တဲ့သူတစ်ယောက်အကြောင်းကို ပြောပြပါ့မယ်။ ဖြစ်မှဖြစ်ရလေလို့ ဖတ်ပြီးရင် ပြောကြဦးမှာပါပဲ. . .။

■

နီကိုရဲ



www.burmeseclassic.com